# မြဝတီ နေ့စဉ်

ဖြောင့်မတ်တည်ကြည် သတင်းမှန်သည် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၉၈)

၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက်
၂၀၂၅ ခုနှစ်၊ ဇူလိုင် ၂၅ ရက်၊ သောကြာနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

စိတ်သည် အရာရာကိုဦးဆောင်၏။ စိတ်သည် အမွန်မြတ်ဆုံးဖြစ်၏။ စိတ်သည် အရာရာကိုပြီးစီးစေ၏။ ကြည်လင်သောစိတ်ဖြင့် ပြုမူပြောဆိုပါလျှင် ချမ်းသာစေနိုင်၏။ အေးမြသောအရိပ်သည် အစဉ်လိုက်ပါသည်နှင့်တူ၏။ **ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေကိုပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

စာ - ၇ သို့

# KNU ၊ KNLA နှင့် PDF အကြမ်းဖက်ပူးပေါင်းအဖွဲ့များ နှောင့်ယှက်ပိတ်ဆို့ထားသည့် ကျုံဒိုး-ကော့ကရိတ် ပြည်ထောင်စုကားလမ်းမကြီးအား တပ်မတော်စစ်ကြောင်းများက ပြန်လည်ထိန်းချုပ်ဖွင့်လှစ်

နေပြည်တော် ဇူလိုင် ၂၄

ကော့ကရိတ်မြို့သည် ကရင်ပြည်နယ်၊ ကော့ကရိတ်ခရိုင်တွင်ပါဝင်၍ ဘားအံ-မြဝတီကားလမ်းကြီးအပေါ်တွင် တည်ရှိပြီး စီးပွားရေးအချက်အချာကျသော မြို့တစ်မြို့ဖြစ်သည်။ မြန်မာ-ထိုင်း နယ်စပ်မြို့ဖြစ်သော မြဝတီမြို့နှင့် ၄၁ မိုင်ခန့်သာကွာဝေးပြီး ကုန်သန်းရောင်းဝယ်ရေးအတွက် အဓိကကျသည့် အာရှလမ်းမကြီးပေါ်တွင်တည်ရှိကာ ကော့ကရိတ်မြို့မှ မြဝတီမြို့-ဘားအံ-မော်လမြိုင်နှင့် ကြာအင်းဆိပ်ကြီးမြို့များသို့ သွားလာနိုင်သည့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သော အဓိကအချက်အချာကျသည့် လမ်းဆုံမြို့တစ်မြို့ဖြစ်သည်။

ထိုသို့ အာရှလမ်းမကြီးပေါ်ရှိ အဓိကအချက်အချာကျသည့် ကော့ကရိတ်မြို့နှင့် ဘားအံ-ကော့ကရိတ်-မြဝတီ အာရှလမ်းမကြီးအား ထိန်းချုပ်ရန်၊ နယ်စပ်ကုန်စည်စီးဆင်းမှုနှင့် အစိုးရအုပ်ချုပ်မှုယန္တရားများရပ်တန့်စေရန်ရည်ရွယ်၍ **KNU၊ KNLA နှင့် PDF အကြမ်းဖက်ပူးပေါင်းအဖွဲ့များ**သည် ကော့ကရိတ်မြို့နှင့် နယ်မြေခံတပ်ဌာနချုပ်များအား အပြီးအပိုင်သိမ်းပိုက်ရန်အတွက် ၂၀၂၄ ခုနှစ်၊ ဧပြီလဆန်းပိုင်းမှစ၍ သာလွန်အင်အားများဖြင့် ကော့ကရိတ်-သင်္ကန်းညီနောင် လမ်းဟောင်းအတိုင်း ကော့ကရိတ်မြို့မြောက်ဘက်ရှိ ကောင်းမှုကျေးရွာ၊ ရန်ကုတ်ကျေးရွာနှင့်

**စာမျက်နှာ ၅ ကော်လံ ၄** ❐




ကျုံဒိုး-ကော့ကရိတ်လမ်းကြောင်းအား တပ်မတော်စစ်ကြောင်းများက ပြန်လည်ထိန်းချုပ်နိုင်မှုကိုတွေ့ရစဉ်။

## နှောင်ချိုမြို့၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအပ်လက်ခံခြင်းနှင့် ယာယီဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

စာ - ၁၅ သို့

## စွန့်လွှတ်စွန့်စားမှုကိုအခြေခံကာ အောင်မြင်မှုဆီ ဆက်လှမ်းချီမယ့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်

ဆောင်းပါး စာ - ၁၁ သို့

# အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဇူလိုင် ၂၅ ရက်)

## ကျန်းမာရေးစောင့်ရှောက်မှုပိုမိုမြင့်မားရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်းတိုးတက်မြင့်မားရေးအတွက် စဉ်ဆက်မပြတ်အားပေးလျက်ရှိသည်။ ကျန်းမာမှအလုပ်လုပ်နိုင်မည်၊ ကျန်းမာမှပညာသင်ကြားနိုင်မည်ဆိုသည်ကို အားလုံးနားလည်ကြပြီးဖြစ်သည်။ ကျန်းမာရေးအတွက် အဓိကလိုအပ်သည်မှာ ကာယကံရှင်လူသားများ၏ နေထိုင်စားသောက်မှုနှင့် ကျန်းမာရေးအသိရှိမှုအပေါ်တွင်မူတည်သည်။ လူသားတို့သည် သွေးနှင့်သားနှင့်ပတ်ဝန်းကျင်နှင့်နေထိုင်ကြရသည်ဖြစ်သည့်အတွက် ကျန်းမာရေးထိခိုက်မည့်သက်ရောက်မှုများ အနည်းနှင့်အများကြုံကြရမည်ဖြစ်သည်။ ယင်းကိုဖြေရှင်းပေးရမည်မှာ ကျန်းမာရေးဆိုင်ရာဝန်ထမ်းများကအဓိကဖြစ်သည်။

မြန်မာနိုင်ငံတွင်ဖြစ်ပွားခဲ့သည့်သဘာဝဘေးအန္တရာယ်များတွင် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ပြည်သူလူထု၏ကျန်းမာရေးကို အထူးအလေးပေးစောင့်ရှောက်ပေးခဲ့သည်။ ၂၀၂၃ ခုနှစ်တွင် ရင်ဆိုင်ကြုံတွေ့ရသည့် မိုခါဆိုင်ကလုန်းမုန်တိုင်း သဘာဝဘေးနှင့် ၂၀၂၄ ခုနှစ် ရာဂီမုန်တိုင်း၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး ရုတ်တရက်ရေကြီးရေလျှံမှုသဘာဝဘေးတွင်လည်း ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အချိန်နှင့်တစ်ပြေးညီ ကျန်းမာရေးစောင့်ရှောက်မှု၊ ဆေးကုသမှုလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ယခုနှစ် မတ်လ ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် အင်အားပြင်းမန္တလေးငလျင်ကြီးကြောင့် ကျန်းမာရေးဝန်ထမ်းများသည် မိမိတို့ကိုယ်တိုင် ငလျင်ဘေးဒဏ်ကိုခံစားရပြီး ဒုက္ခရောက်နေရသော်လည်း ငလျင်ဒဏ်ခံရသည့် ပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို နေ့ရောညပါဆောင်ရွက်ပေးနိုင်ခဲ့ကြသည်။ ပြည်တွင်းပြည်ပဆေးကုသရေးအဖွဲ့များနှင့်ပူးပေါင်း၍ အရေးပေါ်ဆေးကုသရေးအဖွဲ့များ၊ အထူးကုဆေးအဖွဲ့များနှင့် အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များဖွဲ့စည်းကာ ကျေးလက်ဒေသအထိကွင်းဆင်းပြီး ငလျင်ဒဏ်သင့်ပြည်သူများ၏ကျန်းမာရေးကို စွမ်းစွမ်းတမံစောင့်ရှောက်ပေးနိုင်ခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လူမှုရေးဦးတည်ချက်များမှ ဒုတိယအချက်ဖြစ်သည့် **"တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး"** ဦးတည်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာန၏အဓိကတာဝန်ဖြစ်သည်။ ထို့ကြောင့် ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့၊ နီးနွယ်ဆက်စပ်နေသည့် ဌာနဆိုင်ရာများနှင့် ကျန်းမာရေးဆိုင်ရာအဖွဲ့အစည်းများ၊ စေတနာရှင်ပရဟိတလူမှုရေးအဖွဲ့အစည်းများနှင့်အတူ ပြည်သူလူထု၏ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်မှုစွမ်းအားများဖြင့် အကောင်အထည်ဖော်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုဆောင်ရွက်ရာတွင် ရောဂါမဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ ရောဂါဖြစ်ပွားလာပါက အရည်အသွေးပြည့်ဝသည့် ဆေးဝါးကုသမှုပေးနိုင်ရေးလုပ်ငန်းများကို မိမိတို့နိုင်ငံ၏အရင်းအမြစ်များအပေါ်မူတည်ပြီး ထိထိရောက်ရောက်ဆောင်ရွက်နိုင်မည့်မူဝါဒများ၊ စီမံချက်များရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများနေရာထိုင်ခင်းကောင်းမွန်စွာ၊ စိတ်အေးချမ်းသာစွာဆေးကုသမှုခံယူနိုင်ရေးအတွက် ပြည်သူ့ဆေးရုံများကို မွမ်းမံပြင်ဆင်ခြင်း၊ အသစ်တည်ဆောက်ခြင်း၊ ရောဂါရှာဖွေခြင်းနှင့် အဆင့်မီဆေးကုသပေးခြင်း၊ ဆေးဝါးများ၊ ခေတ်မီဆေးပစ္စည်းကိရိယာများ စဉ်ဆက်မပြတ်ဖြည့်ဆည်းပေးခြင်းတို့ကို အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇူလိုင်လ ၁၈ ရက်က ကျန်းမာရေးဝန်ကြီးဌာန ဆရာဝန်(သစ်လွင်)များနှင့် သွားနှင့်ခံတွင်းဆရာဝန်(သစ်လွင်)များအား နိုင်ငံ့ဝန်ထမ်းပြန်တမ်းဝင်အရာရှိအဖြစ် တာဝန်ပေးအပ်ခြင်း ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားစဉ် **"မောင်မယ်တို့အနေဖြင့် မိမိတို့၏ အလုပ်သင်သက်တမ်းကာလ အောင်မြင်ပြီးမြောက်ပြီးသည့်နောက်တွင် ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှုကို တစ်တပ်တစ်အားဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနတွင် အလုပ်ဝင်ရောက်ကြသည်ကို အထူးပင်အားရဝမ်းသာဖြစ်မိကြောင်း၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်ပေးရမည်ဖြစ်ပြီး မောင်တို့မယ်တို့အပါအဝင် ယင်းအင်အားများသည် ကျန်းမာရေးကဏ္ဍအတွက် မျိုးဆက်သစ်၊ အင်အားသစ်များပင်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ဆေးရုံအသီးသီးနှင့် ကျန်းမာရေးကဏ္ဍအသီးသီးတွင် လိုအပ်သည့်လူသားအရင်းအမြစ်များ မွေးထုတ်ကြရဦးမည်ဖြစ်ကြောင်း၊ အရေးအတွက်သာမက အရည်အချင်းနှင့် အဘက်ဘက်မှပြည့်စုံသည့် ဆေးပညာရှင်များ၊ ကျန်းမာရေးဝန်ထမ်းများဖြစ်အောင် ကြိုးစားလေ့ကျင့်ထမ်းဆောင်သွားကြရန် မှာကြားလိုကြောင်း"** ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံရှိ ပြည်သူ့ဆေးရုံများအနေဖြင့် အရေးပေါ်လူနာများ အချိန်ပြည့်လက်ခံကုသနိုင်ရေးစီမံထားရှိပြီး လူနာများကိုတတ်နိုင်သမျှကုန်ကျစရိတ်မရှိစေဘဲ စိုက်ထုတ်သုံးစွဲရငွေလျော့နည်းစေရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ **"ဆေးရုံတိုင်း ဆရာဝန်ရှိရမည်"** ဟူသည့်အတိုင်း ကျန်းမာရေးဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ သစ်လွင်ဆရာဝန်များအနေဖြင့် ယခုမိမိတို့တာဝန်ကျရာဆေးရုံများတွင် စတင်ထမ်းဆောင်ကြတော့မည်ဖြစ်သဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပိုမိုမြင့်မားရေးအတွက် နိုင်ငံတော်နှင့်ပြည်သူများအနေဖြင့် ဝမ်းမြောက်ဝမ်းသာကြိုဆိုလျက်ရှိပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

- (က) သာသနာ့ဝန်ထမ်းများ။
- ( ခ ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။
- ( ဂ ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။
- (ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
- ( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

- (က) ဉာဏ်အရည်အသွေးမမီခြင်းနှင့်အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့်လျော်သူများ။
- ( ခ ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေ့ါသွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေ့ါသွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
- ( ဂ ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်)အတတ်ပညာရှင်များ။
- (ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။ မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။
- ( င ) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။
- ( စ ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်းလုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။
- (ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည်အစားခန့်အရပ်သားဝန်ထမ်းများ။
- ( ဇ ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## ကွန်ပျူတာတက္ကသိုလ်(သထုံ)၌ UCSTT Project Show 2025 ပြပွဲအခမ်းအနားကျင်းပ

သထုံ ဇူလိုင် ၂၄

မွန်ပြည်နယ် သထုံမြို့ရှိ ကွန်ပျူတာတက္ကသိုလ်(သထုံ) ဘွဲ့နှင်းသဘင်ခန်းမ၌ ကျောင်းသား၊ ကျောင်းသူများ၏ ကိုယ်ပိုင်အတွေးအခေါ်များနှင့် သင်ခန်းစာများကို လက်တွေ့အသုံးချအကောင်အထည်ဖော်ဆောင်ရွက်ထားသည့် UCSTT Project Show 2025 ပြပွဲအခမ်းအနားကို ဇူလိုင်လ ၂၃ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ် အစိုးရအဖွဲ့ကိုယ်စား သထုံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးအောင်နှင့် ကွန်ပျူတာတက္ကသိုလ်(သထုံ) ပါမောက္ခချုပ်ဒေါက်တာနီလာသိန်းတို့က အမှာစကားပြောကြားသည်။

ဆက်လက်၍ ကွန်ပျူတာတက္ကသိုလ်(သထုံ) ကျောင်းသူများက ထာဝရသစ္စာသီချင်းဖြင့် ဖျော်ဖြေကြပြီး ကွန်ပျူတာတက္ကသိုလ်(သထုံ) ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်တို့က Project Show 2025 ကျင်းပနိုင်ရေးကူညီထောက်ပံ့ကြသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ကာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ဘွဲ့နှင်းသဘင်ခန်းမအတွင်း၌ မေဂျာအလိုက် သင်တန်းနှစ်အလိုက် ကျောင်းသား၊ ကျောင်းသူများ၏ Project Show ပြသထားရှိမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ကွန်ပျူတာတက္ကသိုလ်(သထုံ)၏ Project Show 2025 တွင် ကွန်ပျူတာသိပ္ပံဘာသာရပ် ကျောင်းသား၊ ကျောင်းသူများက မွန်ဘာသာသင်ကြားသည့် Online Learning System များ၊ တက္ကသိုလ်ဝင်ခွင့်လမ်းညွှန် ChatBot၊ လစာပေးစနစ်၊ တည်ဆောက်ရေးလုပ်ငန်း၊ အာမခံလုပ်ငန်း၊ ရောင်းဝယ်ရေးလုပ်ငန်း စသည်တို့အတွက် ရေးသားထားသည့် Project ၁၇ ခု၊ ကွန်ပျူတာနည်းပညာကျောင်းသား၊ ကျောင်းသူများ IoT နည်းပညာနှင့် Microcontroller ကို အသုံးပြုပြသထားသည့် Project ခုနစ်ခုတို့ ပြသခဲ့ကြောင်း သိရသည်။ (၄၀၆)


မြဝတီ နေ့စဉ် The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချီရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချီရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံစုံ ဧက ၂၈၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်



ပွင့်ဖြူ ဇူလိုင် ၂၄

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံစုံ ဧက ၂၈၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံစုံ ၂၉၃၈၅ ဧက စိုက်ပျိုးရန်လျာထားပြီး ဇွန်လမှစတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် ၂၈၀၂၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်မှာ ဆီထွက်သီးနှံစုံ ၂၉၃၈၅ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိမှာ ၂၈၀၂၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စိုက်ပျိုးပြီးတဲ့ ဆီထွက်သီးနှံတွေ အထွက်နှုန်းတိုးတက်စေဖို့နဲ့ ပိုးမွှားရောဂါကင်းရှင်းစေဖို့ အသိပညာပေးတာတွေ ကွင်းဆင်းဆောင်ရွက်နေပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဆီထွက်သီးနှံများ တစ်ဧက ပန်းတိုင်အထွက်နှုန်းရရှိစေရေးအတွက် ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ GAP စိုက်နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားရောဂါကင်းရှင်းရေး စသည့်စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ဆီထွက်သီးနှံများကို အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ ဒေသခံတောင်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဆီထွက်သီးနှံများကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

# ညောင်တုန်းမြို့နယ်၌ ဒေသထွက်ငါးတန်များ ရန်ကုန်ဈေးကွက်မှ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ

ညောင်တုန်း ဇူလိုင် ၂၄

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်၌ ဒေသထွက်ငါးတန်များ ရန်ကုန်ဈေးကွက်မှ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ညောင်တုန်းမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံလုပ်ငန်းလုပ်ကိုင်သူ ဒေါ်သူအောင်၏ပြောဆိုချက်အရ သိရသည်။

ညောင်တုန်းမြို့နယ်၌ ဇူလိုင်လတတိယပတ်မှစ၍ ငါးတန်များ အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ တစ်ရက်လျှင် ငါးတန်ပိဿာ ၃၅၀၀ မှ ၆၀၀၀ အထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

''ညောင်တုန်းမြို့နယ်ကထွက်တဲ့ ငါးတန်တွေကို ရန်ကုန်ဈေးကွက်ကဝယ်လိုအားကောင်းနေလို့ အရောင်းအဝယ်ကောင်းနေတာပါ။ ဒီဘက်ကနေထွက်တဲ့ ဒေသထွက်ငါးတန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချနေပါတယ်။ အခုလိုအရောင်းအဝယ်ကောင်းလာတော့ ရေလုပ်သားတွေနဲ့ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူတွေ အလုပ်အကိုင်အခွင့်အလမ်းကောင်းလာပါတယ်။ ညောင်တုန်းမြို့နယ်ကထွက်တဲ့ ငါးတန်တွေက အရည်အသွေးကောင်းမွန်ပါတယ်''ဟု ဒေါ်သူအောင်ကပြောသည်။

ညောင်တုန်းမြို့နယ်၌ ငါးတန်များ အရောင်းအဝယ်ကောင်းမွန်နေခြင်းကြောင့် ဝယ်လိုအားနှင့် ရောင်းလိုအားမျှတမှုရှိလာသဖြင့် ဒေသဈေးကွက်အတွင်း ရေထွက်ကုန်ဈေးနှုန်းများ တည်ငြိမ်ကျဆင်းမည်ဖြစ်ပြီး ဒေသခံပြည်သူများ၏ သက်သာချောင်ချိရေးကို အထောက်အကူပြုစေမည်ဖြစ်ကြောင်း သိရသည်။

သုတကျော်

# မြို့မအခြေခံပညာအထက်တန်းကျောင်း၌ လူငယ်စကားဝိုင်းနှင့် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၄

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးခရိုင် လှည်းကူးမြို့နယ် မြို့မအခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူငယ်ရေးရာ ကော်မတီနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းကာ လူငယ်စကားဝိုင်းနှင့် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ဇူလိုင်လ ၂၃ ရက်က ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂)ဦးခင်ဇော်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးနွဲ့က လူငယ်များ အသိပညာဗဟုသုတ ပိုမိုရရှိစေရန်၊ စာပေဖတ်ရှုလေ့လာသည့် အလေ့အကျင့်များတိုးပွားလာစေရန်၊ အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံသည့် လူငယ်များပေါ်ထွန်းလာစေရန် လူငယ်စကားဝိုင်းနှင့် လူငယ်အသိပညာပေးဟောပြောပွဲများ ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကို ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးနွဲ့နှင့် မြို့မအခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းပြဆရာမ ဒေါ်ငွေငွေစိန်တို့က ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်၍ Grade 11 ကျောင်းသား၊ ကျောင်းသူများက လူငယ်နှင့်စာပေ၊ လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့်အဂတိ၊ လူငယ်နှင့်နည်းပညာ၊ လူငယ်နှင့်အလုပ်အကိုင်အခွင့်အလမ်း၊ လူငယ်နှင့်စာရိတ္တ စသည့်ခေါင်းစဉ်များဖြင့် အသီးသီးဆွေးနွေးခဲ့ပြီး လူငယ်စကားဝိုင်းသို့ တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများက မိမိတို့သိရှိလိုသည်များကို မေးမြန်းကြရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားပေးကြသည်။

ထို့နောက် မြို့နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဥမ္မာလင်းက မီးခိုးမြူငွေ့ညစ်ညမ်းမှုအန္တရာယ်အကြောင်းကို အသိပညာပေးဟောပြောသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လူငယ်လူရွယ်များ အသိပညာဗဟုသုတရရှိစေရန် စကားပုံဆက်ပြိုင်ပွဲဆောင်ရွက်ခြင်း၊ သုတ/ရသ စာအုပ်စာစောင်များနှင့် နံရံကပ်စာစောင်များကို ပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

အေးအေးနွဲ့(လှည်းကူး)

မြဝတီ ကာတွန်း



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**


(ဤနေရာ၌ ဦးထွန်းလှအောင်အကြောင်း အနည်းငယ် ဖော်ပြရပေဦးမည်။ ကျွန်ုပ်သည် ဦးလွန်းလှအောင်ကို မြင်ရုံမျှမြင်ဖူး၍ နာမည်လောက်သာ ကြားဖူး၏။ အသိအကျွမ်းတစ်ယောက်မဟုတ်ပါ။ မသေမီခြောက်လလောက်ကမူ ဦးထွန်းလှအောင်သည် ကျွန်ုပ်၏အိမ်သို့ နှစ်ခေါက်မျှလာ၍ တစ်ကြိမ်လျှင် နှစ်နာရီခန့်ထက်မနည်းကြာအောင် စကားပြောကြ၏။ သူလာခြင်းမှာ သူထုတ်သော ဗုဒ္ဓဓမ္မစာစောင်တွင် လောကုတ္တရာဆောင်းပါးများ ရေးပေးဖို့ စာရေးတောင်းခံဖူးရာမှ ကျွန်ုပ်က မအားလပ်ကြောင်း ပြန်ကြားဖူးသည်နှင့် ကိုယ်တိုင်လာရောက်တောင်းခံခြင်းဖြစ်လေသည်။ ထိုနှစ်ခေါက်တွင် သူသည် ဘာကိုစိတ်ကူးရသည်မသိ။ ဆောင်းပါးအကြောင်းကို အကျဉ်းချုပ်လောက်မျှသာပြောပြပြီး တစ်သက်လုံး သူဆိုးမိုက်ခဲ့ပုံနှင့် ပျော်ခဲ့ပုံအကြောင်းများကို အသေးစိတ် ပြောပြလေသည်။ သူ၏အတ္ထုပ္ပတ္တိမှာ စိတ်ဝင်စားဖွယ်ကောင်းသော်လည်း ကျွန်ုပ်ကမူ မည်သို့သော ရည်ရွယ်ချက်နှင့် သူစိမ်းတစ်ယောက်အား ပြောပါလေသနည်းဟု တွေးလျက် နားထောင်နေမိ၏။ ထိုစဉ်ကလည်း ကျွန်ုပ် မတွေးတတ်။ သူကွယ်လွန်ပြီးသည့်နောက် ယနေ့တိုင်လည်း သူ၏ ရည်ရွယ်ချက်ကို ကျွန်ုပ်မတွေးတတ်အောင် ရှိပါသည်။ အရမ်းတွေးတွေးရလျှင် ကျွန်ုပ်အား တရားသမားအနေဖြင့် သူမြင်၍ သူ၏ နောင်တရခြင်းအကြောင်းကို ထုတ်ဖော်ဝန်ခံခြင်းဖြစ်လေသလောဟု စဉ်းစားမိပါသည်။ တရားအယူအဆနှင့် ပတ်သက်၍မူ လူပျော်လူရမ်းတစ်ယောက်အဖြစ်မှ လူတည်လူကောင်းတစ်ယောက် ဖြစ်လာပြီဆိုခြင်းမှတစ်ပါး နက်နဲသော အတွေးအခေါ်အယူအဆမျိုး ရှိပုံမရသောကြောင့် ကျွန်ုပ်က နီးနှောဆွေးနွေးခြင်း မပြုလိုက်ပါ။)

**မင်းကွန်း-ပဒူ ခရီး**

ကျွန်ုပ်သည် လှည်းတစ်စီးငှား၍ ကောက်ရိုးထူထူ ခင်းစေပြီးလျှင် (ကူရှင်အတွက် ဖြစ်သည်။) အပေါ်မှဖျာခင်းစေ၍ ကျွန်ုပ်အဖို့ အဆန်းဖြစ်သော မင်းကွန်း-ပဒူ လမ်းအတိုင်း မောင်းလာကြ၏။ မင်းကွန်းမှအထွက်တွင် လွယ်အိတ်ကိုယ်စီနှင့် လူငယ်နှစ်ယောက်ကိုတွေ့၍ ပဒူသို့ သူတို့လည်းလိုက်ပါရစေ၊ လှည်းခအတွက် တစ်ဝက်ခံပါမည်ဟု ပြောကြ၏။ ပထမ၌ တောလမ်းခရီးဖြစ်သည့်အတွက်ကြောင့် ကျွန်ုပ် တွန့်ဆုတ်သွားမိသော်လည်း မောင်စံရှား၏ မျက်စိဖြင့် အကဲခတ်လိုက်ရာတွင် လူကောင်းများဖြစ်ပုံရသည်ဟု ဆုံးဖြတ်ပြီး လက်ခံလိုက်လေသည်။ လမ်းခရီး၌ စကားတပြောပြော ပြောလာကြရာ လူငယ်နှစ်ယောက်သည် ကျွန်ုပ်၏ဗဟုသုတကို ရိပ်မိကြ၍ မည်သူဖြစ်ပါသနည်းဟု မေးကြသည်တွင် ကျွန်ုပ်က အမှန်အတိုင်း ပြောလိုက်၏။ ထိုအခါမှစ၍ လူငယ်နှစ်ယောက်က မိမိတို့သည် စာပေသမားများဖြစ်၍ ကျွန်ုပ်၏စာများကို အများကြီး ဖတ်ဖူးကြောင်း၊ လူကိုယ်တိုင် မမြင်ဖူးသော်လည်း အဝေးမှ ကြည်ညိုလျက်ရှိကြောင်းနှင့် လောကဝတ်စကားပြောရုံမျှသာမက ဝတ်ကြီးဝတ်ငယ် ပြုကြပါပေသည်။ လမ်းခရီး၌ ရွာကလေးများတွေ့သောအခါ သောက်ရေခပ်ပေးခြင်း၊ မီးခြစ်ဘူးဝယ်ပေးခြင်း စသော အလုပ်များကို ပျူပျူငှာငှာ ပျာပျာသလဲ လုပ်ပေးကြသည်။ ၎င်းတို့၏အပြုအမူကြောင့် ရန်ကုန်-မန္တလေးလမ်းတွင် ရထားနှင့်သွားစဉ်က ကြုံခဲ့ရဖူးခြင်းများသည်လည်း စိတ်ထဲတွင် ပေါ်လာ၍ စာရေးဆရာအလုပ်သည် ဝင်ငွေကောင်းသောအလုပ်မဟုတ်သော်လည်း ခရီးသွားရာ၌ စာပေသမားနှင့်တွေ့သည့်အခါ အတော်နေရာကျပေသည်ဟု ကြည်နူးခြင်းဖြစ်မိပါသည်။ ပဒူသို့ ရောက်ကြသောအခါ ရထားဆိုက်ဖို့ အချိန်လိုသေးသည်နှင့် ကျွန်ုပ်အား သူတို့၏ အသိအိမ်သို့ ခေါ်သွား၍ လက်ဖက်ရည်ကြမ်းနှင့် ထန်းလျက်ဖြူဆုပ်၊ မြေပဲယို စသည်များနှင့် ဧည့်ခံကြသည်။ လှည်းခငွေ ၂၀ ကျပ်အတွက် တစ်ဝက်ပေးမည်ဟု ကတိပြုခဲ့ကြရာမှ သူတို့ကချည်း အားလုံးပေးသွားကြပါပေသည်။ မန်ကျည်းတုံသို့ ပြန်ရောက်၍ ဖခင်အား ငွေ ၁၅၀၀ ကျပ်ရခဲ့ကြောင်း ပြောပြသောအခါ ဖခင်က ''မင်းမှာ ဒီလို ကြည့်ရှုမယ့် မိတ်ဆွေများရှိသကိုး''ဟု အံ့ဩဝမ်းသာစွာနှင့် ပြောရှာပါသေးသည်။

**သမ္မာအာဇီဝအလုပ် မဟုတ်**

ကျွန်ုပ်သည် ငွေ ၁၅၀၀ ကျပ် အရင်းအနှီးဖြင့် ဝက်အူချောင်းလုပ်ရောင်းဖို့ စုံစမ်း၏။ အမှန်အတိုင်း ဖော်ပြရလျှင် ကျွန်ုပ်သည် ငွေရမှုအတွက်သက်သက် မဟုတ်။ ကျွန်ုပ်၏မိခင်ဘက်မှ အဘိုး၏သွေးပါသောကြောင့် ဖြစ်ဟန်တူ၏။ စားကောင်းသောက်ဖွယ်ကို ကြိုက်တတ်ရုံသာမဟုတ်။ ကိုယ်တိုင်ချက်ပြုတ်လုပ်ကိုင်ရခြင်း၌လည်း ဝါသနာပါခဲ့၍ မီးဖိုချောင်သို့ ဝင်တတ်သူဖြစ်၏။ ဇနီးမစိုးသည် အသိမိတ်ဆွေများအနက်တွင် အချက်အပြုတ်နှင့်ပတ်သက်၍ နာမည်ရလျက်ရှိရာ သူချက်ပြုတ်တတ်ခြင်းမှာ ကျွန်ုပ်၏ သင်ပြမှုကြောင့်ဖြစ်ကြောင်း သူကိုယ်တိုင် ဝန်ခံပါသည်။ အချက်အပြုတ်သာမက ယိုလုပ်ခြင်း၊ သနပ်လုပ်ခြင်းစသော အတတ်များကိုလည်း မီးဖိုချောင်အတတ် စာအုပ်များဖတ်ခြင်း၊ သူတစ်ပါးတို့လုပ်ခြင်းကို မျက်မြင်လေ့လာခြင်းတို့ကြောင့် မိမိကိုယ်ကို အတော်နားလည်သည်ဟု ထင်မိရာ ဝက်အူချောင်း လုပ်ရလျှင်လည်း သူတစ်ပါးတို့မသိသော နည်းလေးများသိထားခြင်းကြောင့် တကယ်လုပ်ရလျှင် စီးပွားဖြစ်လောက်သည်ဟုလည်း ထင်မိသည်။ ပျော်လည်းပျော်လိမ့်မည်ဟူသော စိတ်ကူးဖြင့် စီစဉ်ခြင်းဖြစ်၏။ သို့ရာတွင် ဤအလုပ်ကိုလည်း ဆွေမျိုးများက ဝိုင်းဝန်းကန့်ကွက်ကြပြန်သည်။ ဤအလုပ်အောင်မြင်ပါက (ကျွန်ုပ်လုပ်ရလျှင် အောင်မြင်ဖို့လည်း သေချာသလောက်ရှိသည်။) ဆားချက်သော အလုပ်ကဲ့သို့ ထမင်းစားရရုံမကဘဲ စီးပွားဖြစ်လောက်သည်ဟု ကျွန်ုပ်ကအကြောင်းပြပြောဆိုသော်လည်း သူတို့က တစ်ဖက်မှ အကြောင်းတစ်ခုဖော်ပြကြသည်။ ဝက်အူချောင်းအလုပ်သည် ဂုဏ်မရှိသော အလုပ်ဖြစ်သည်ဟု ပြောကြရုံမျှနှင့် ကျွန်ုပ် နားဝင်သည်မဟုတ်။ ယခုသော် သူတစ်ပါး၏အသက်နှင့် လုပ်ရမည့်အလုပ်မျိုးဖြစ်၍ ယုတ်စွအဆုံး ဝက်သားရအောင် ကြိုတင်မှာယူရခြင်း စသောကိစ္စမျိုး ပါဝင်ရမည်ဖြစ်သောကြောင့် သန့်ရှင်းစင်ကြယ်သော သမ္မာအာဇီဝအလုပ်မျိုးမဟုတ်နိုင်ဟု ပြောပြသည်တွင် ကျွန်ုပ်နားဝင်သွားပါသည်။ ကြိုတင်မှာယူဖို့ လိုလိမ့်မည်ဆိုသောအချက်ကို ကျွန်ုပ် လုံးဝ သတိမရခဲ့ချေ။ တော်တော်ကြီးကြီးကျယ်ကျယ်လုပ်မည်ဆိုလျှင် ဈေးထဲမှ 'ပုံ့သကူ' ဝယ်၍ မလုံလောက်နိုင်ဆိုခြင်းကို မစဉ်းစားမိချေ။ သို့ဖြစ်၍ နောက်ဆုံး၌ ဤတစ်ကြိမ်နှင့်ပင် ကျွန်ုပ်၏အကြံအစည် ပျက်သွားပါတော့သည်။ (အလုပ်လုပ်ရလျှင် 'ရွှေဥဒေါင်း ဝက်အူချောင်း' ဟူ၍ နာမည်ကြီးပြီး စီးပွားဖြစ်နေဦးမည်လော မပြောတတ်ပေ။)



**ကလောင်ကို ပြန်ကောက်ခြင်း**

ကံကောင်း၍ ဝက်အူချောင်းသည် မဖြစ်ရသော အခါတွင် ကျွန်ုပ်သည် ကလောင်ကို ပြန်ကိုင်ဖို့ နည်းလမ်းရှာရပြန်၏။ ထိုအခါ၌ ကျွန်ုပ်၏လက်တွင် စာအုပ်ကောင်းတစ်အုပ်ရှိနေ၏။ ဝန်ကြီးချုပ်ဦးနုသည် အမေရိကန်စာအုပ်တစ်အုပ်ကို ''လူပေါ်လူဇော်လုပ်နည်း'' ဟူသော အမည်ဖြင့် ဘာသာပြန်၍ ထုတ်ရာ အလွန်အောင်မြင်၍ ပိုက်ဆံအတော်ရသည်ဟု ကြားဖူး၏။ ယင်းစာအုပ်မှာ တစ်ဖက်သားကို အလိုက်သင့် အလျားသင့် မြှောက်ပင့်ပြောဆိုခြင်းအားဖြင့် မိမိ၏ လိုဘပြည့်အောင် ဆွဲဆောင်ယူသော နည်းဖြစ်၍ ''လူပေါ်လူဇော်လုပ်နည်း''ဟု ဦးနုက အမည်ပေးခြင်းမှာ မမှားလှချေ။ ဤနောက်ပိုင်း၌ ဦးနုက နာမည်ဆိုးသည်ဟုဆို၍ ပြောင်းလဲထုတ်ဝေသော်လည်း အမှန်မှာ ၎င်းနာမည်သည် ထိုစာအုပ်၏ သဘောရင်းအမှန်ကို ဖော်ပြလိုက်ခြင်းပင်ဖြစ်၏။ ကျွန်ုပ်လက်ဝယ်၌ရှိသော စာအုပ်မှာ တစ်ဖက်သားအပေါ်၌ ကျောရအောင်လုပ်ယူသော နည်းဖြင့် မဟုတ်ဘဲ လူအသီးသီး၏သန္တာန်၌ရှိတတ်သည့် ကြီးပွားရေးမျိုးစေ့လေးကို အညှောက်ပေါက်စေပြီး အပင်ကြီးထွားအောင် ပြုစုပျိုးထောင်ပေးမည့် နည်းမျိုးဖြစ်လေသည်။

**ဆက်လက်ဖော်ပြပါမည်။**

# ဘားအံမြို့၌ AML/CFT အသိပညာမြှင့်တင်ရေးသင်တန်းဖွင့်

ဘားအံ ဇူလိုင် ၂၄


ကရင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်းနှင့် မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်းတို့ ပူးပေါင်းကျင်းပသည့် AML/CFT အသိပညာမြှင့်တင်ရေးသင်တန်းဖွင့်ပွဲကို ဇူလိုင်လ ၂၃ ရက်က ဘားအံမြို့ အမှတ်(၄)ရပ်ကွက်ရှိ တော်ဝင်ရတနာဟိုတယ်၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ကရင်ပြည်နယ် အိမ်ခြံမြေအကျိုးဆောင်များနှင့် အဖိုးတန်သတ္တု(ရွှေ) ရောင်းဝယ်သူများဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်လွင်က အိမ်ခြံမြေအကျိုးဆောင်များနှင့် အဖိုးတန်သတ္တု(ရွှေ) လုပ်ငန်းရှင်များအနေဖြင့် အိမ်ခြံမြေ ညွှန်ကြားချက်(၁/၂၀၂၂)၊ အဖိုးတန်သတ္တု ညွှန်ကြားချက်(၂/၂၀၂၂)နှင့် ကြီးကြပ်ရေး အာဏာပိုင်က အခါအားလျော်စွာထုတ်ပြန်သည့် ညွှန်ကြားချက်များကို အထူးအလေးထားဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်းဗဟိုဥက္ကဋ္ဌ ဒေါ်မို့မို့အောင်က AML/CFT အသိပညာမြှင့်တင်ရေး သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် အိမ်ခြံမြေအသိပညာပေးသင်တန်း၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး Institute Of MRESA AML/CFT အသိပညာမြှင့်တင်ရေးသင်တန်းနှင့် Professional Sales Training For Real Estate (အရောင်းမြှင့်တင်ရေး)သင်တန်းတို့ကို ပို့ချဆွေးနွေးခြင်းဖြစ်သည်။

ယင်းနောက် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသူရိန်အောင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးတင့်ဇော်နှင့် မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို)မှ တာဝန်ရှိသူများက သက်ဆိုင်ရာဘာသာရပ်များ အလိုက် ဆွေးနွေးပို့ချခြင်းဖြစ်ကြောင်း သိရသည်။



**ချမ်းမြေ့**



KNU၊ KNLA နှင့် PDF အကြမ်းဖက်သမားများက ဖရိုဖရဲဆုတ်ခွာထွက်ပြေးစဉ် ညီညာသာလင်းတံတားအား မိုင်းထောင်ဖောက်ခွဲခဲ့မှုကို တွေ့ရစဉ်။



KNU၊ KNLA နှင့် PDF အကြမ်းဖက်သမားများက ဖရိုဖရဲဆုတ်ခွာထွက်ပြေးစဉ် ကျုံဒိုး-ကော့ကရိတ်လမ်းကြောင်းပေါ်ရှိ ၅ တိုင်တံတားအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုကို တွေ့ရစဉ်။



KNU၊ KNLA နှင့် PDF အကြမ်းဖက်သမားများက ဖရိုဖရဲဆုတ်ခွာထွက်ပြေးစဉ် ကျုံဒိုး-ကော့ကရိတ်လမ်းကြောင်းပေါ်၌ သစ်ပင်၊ သစ်ကိုင်းများဖြင့် ပိတ်ဆို့ထားရှိမှုများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖယ်ရှားရှင်းလင်းစဉ်။



KNU၊ KNLA နှင့် PDF အကြမ်းဖက်သမားများက လူနေအိမ်များအား ဖျက်ဆီးခဲ့မှုကို တွေ့ရစဉ်။



KNU၊ KNLA နှင့် PDF အကြမ်းဖက်သမားများက ကျုံဒိုး-ကော့ကရိတ်လမ်းကြောင်းတွင် ပိတ်ဆို့နေရာယူထားမှုကို တွေ့ရစဉ်။



KNU၊ KNLA နှင့် PDF အကြမ်းဖက်သမားများက ဖရိုဖရဲဆုတ်ခွာထွက်ပြေးစဉ် သစ်ပင်များခုတ်လှဲ၍ လမ်းပိတ်ဆို့ထားမှုကို တွေ့ရစဉ်။



KNU၊ KNLA နှင့် PDF အကြမ်းဖက်သမားများက လူနေအိမ်များအောက်တွင် ခံစစ်ပြင်ဆင်ထားရှိမှုကို တွေ့ရစဉ်။

❒ **ရှေ့ဖုံးမှအဆက်**

ကြောင်ရှာကုန်းကျေးရွာတို့မှလည်းကောင်း၊ မြို့တောင်ဘက် လမ်းဖာ-အစွန်း-တမိုင်ကုန်းမှလည်းကောင်း၊ စစ်ကြောင်း ၂ ကြောင်းဖြင့် ကော့ကရိတ်မြို့အတွင်းသို့ဝင်ရောက်နိုင်ရေး ဆောင်ရွက်ခဲ့သည့်အပြင် အဝေးမှနေ၍ လက်နက်ကြီးများဖြင့် မြို့တွင်းသို့ ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းများကြောင့် ရုံး/ဌာန အဆောက်အအုံများနှင့် လူနေအိမ်များ မီးလောင်ပျက်စီးခဲ့ရပြီး ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် မိမိတို့၏တိုက်တာအိုးအိမ်အဆောက်အအုံများ၊ ဥစ္စာပစ္စည်းများကိုစွန့်ခွာ၍ ဘေးလွတ်ရာသို့ ယာယီနေရပ်စွန့်ခွာခဲ့ရသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့်ကော့ကရိတ်မြို့နှင့် နယ်မြေခံတပ်ရင်း၊ဌာနချုပ်များ ရန်သူ့လက်သို့ ကျရောက်ခြင်းမရှိစေရေးအတွက် မိမိတို့၏အသက်ကိုပဓာနမထားဘဲ သစ္စာ(၄)ချက်ရွတ်ဆိုကြသည့် တပ်မတော်သားကောင်းရတနာများပီပီ မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် ရွပ်ရွပ်ချံချံဖြင့် မြို့တွင်းခုခံစစ်မှ တန်ပြန်တိုက်စစ်ဖြင့် တိုက်ခိုက်ခဲ့ရာ ဧပြီလ ၁၉ ရက်မှ ၂၂ ရက်နေ့အထိ တိုက်ပွဲများဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူများသည် အထိအခိုက် အကျအဆုံးများစွာ ဖရိုဖရဲ ပြန်လည်ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ထိုသို့ ဆုတ်ခွာထွက်ပြေးသွားပြီးနောက် KNU၊ KNLA လက်နက်ကိုင် **စာမျက်နှာ ၆ သို့ ❒**

❒ စာမျက်နှာ ၅ မှအဆက်

အကြမ်းဖက် သောင်းကျန်းသူများသည် NCA လက်မှတ်ရေးထိုးပြီးနောက် နှစ်ဖက်နားလည်မှုဖြင့် ခွင့်ပြုပေးထားသည့် မြန်မာ-ထိုင်း နယ်စပ်အနီး ၎င်းတို့အဖွဲ့အစည်း နေထိုင်သည့်နေရာများ၌ ပြည်တွင်းမှ နိုင်ငံရေးအရောင်ဆိုးခံရခြင်းအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ကရင်ပြည်နယ်နှင့် ထိုင်းနယ်စပ်အနီးသို့ ထွက်ပြေးရောက်ရှိလာသည့်ကျောင်းသား/လူငယ်များအားလုံးအား နိုင်ငံရေး၊ စစ်ရေးမက်လုံးများပေးလျက် သွေးကြွစေပြီး အဆိုပါလူငယ်များအား အကြမ်းဖက်သင်ခန်းစာသင်ကြားပေးခြင်း၊ လက်နက်တပ်ဆင်ပေးခြင်း စသည့်အခွင့်အရေးများ အပြည့်အဝရယူအသုံးချကာ KNU ၊ KNLA အဖွဲ့၏ အင်အားတိုးပွား တောင့်တင်းခိုင်မာစေရေးနှင့် KNU၊ KNLA အဖွဲ့၏ ရှေ့ကာတပ်အဖြစ် အသေခံအသုံးချခြင်း စသည့် ရည်ရွယ်ချက်များဖြင့်ဖွဲ့စည်းထားသည့် PDF အကြမ်းဖက်ပူးပေါင်းအဖွဲ့များ ပူးပေါင်းလျက် ၎င်းတို့၏ စစ်ရေးရည်မှန်းချက်များအား ပြန်လည်အကောင်အထည်ဖော်ရန်အတွက် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတွင် အဓိကအချက်အချာကျသည့် ဘားအံ-ကျုံဒိုး-ကော့ကရိတ်- မြဝတီ အာရှလမ်းမကြီးနှင့် ကျုံဒိုးမြို့နှင့် ကော့ကရိတ်မြို့အား အပြီးအပိုင် သိမ်းပိုက်နိုင်ရေး ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁၃ ရက်မှစ၍ သာလွန်အင်အားများဖြင့် လမ်းကြောင်း ၅ ကြောင်းဖြစ်သည့် **အောက်ဘိုတဲ- ရန်ကုတ်- ကော့ကရိတ်လမ်းကြောင်း၊ အောက်ဘိုတဲ-မြပတိုင်-အုန်းတပင်-အင်းကြီး-ကျုံဒိုးလမ်းကြောင်း၊ မိကလုံ-နောင်တမံ-တာဝါလဲ-နွားခြံကုန်း-ကျုံဒိုးလမ်းကြောင်း၊ တောင်ကြာအင်း-မြောက်ကြာအင်း- ကိုးတိုင်- ငါးတိုင်-လေးတိုင်လမ်းကြောင်း၊ စက္ကဝက်-အောင်လှိုင်- တမိုင်ကုန်း-ကော့ကရိတ်လမ်းကြောင်း**များဖြင့် ထပ်မံဝင်ရောက်လာပြီး ကျုံဒိုး-ကော့ကရိတ်-မြဝတီ အာရှလမ်းမကြီးအား ပိတ်ဆို့ပြီး ကျုံဒိုးမြို့နှင့် ကော့ကရိတ်မြို့တို့အား အပြင်းအထန်တိုက်ခိုက်လာခဲ့သည်။ ထိုသို့ ပိတ်ဆို့တိုက်ခိုက်မှုများကြောင့်ဒေသတွင်းကုန်စည်စီးဆင်းမှုရပ်တန့်သွားခဲ့ပြီး အဆိုပါဒေသရှိ ဒေသခံတိုင်းရင်းသားပြည်သူများသည် ကုန်ဈေးနှုန်းကြီးမြင့်မှုများကို ရင်ဆိုင်ကြုံတွေ့ခဲ့ရကာ နေထိုင်စားသောက်ရေးတို့တွင် များစွာအခက်အခဲဖြစ်ပေါ်ခဲ့ကာ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုများ နိမ့်ကျခဲ့ရကြောင်း သိရှိရသည်။

ထိုသို့ **KNU၊ KNLA နှင့် PDF အကြမ်းဖက်ပူးပေါင်းအဖွဲ့များ** နှောင့်ယှက်ပိတ်ဆို့ထားသည့်လမ်းကြောင်းများအားပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့်မော်တော်ယာဉ်များ ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲသွားလာနိုင်ရေးအတွက်

ကော့ကရိတ်-ကျုံဒိုးလမ်းကြောင်းနယ်မြေရှင်းလင်းစဉ် သိမ်းဆည်းရမိခဲ့သည့် KNU၊ KNLAနှင့် PDF အကြမ်းဖက်သမားများ၏ အလောင်းများ၊ ဆက်သွယ်ရေးမြောင်းနှင့်ဘန်ကာများအား တွေ့ရစဉ်။









၂၀၂၅ ခုနှစ်၊ ဧပြီလ ၁၃ ရက်မှစ၍ တပ်မတော်စစ်ကြောင်းများက တပ်မတော်၏ အစဉ်အလာကောင်းများနှင့်အညီ လှေ့ခွက်ချည်းကျန်အလံမလဲသည့်စိတ်ဓာတ်၊ တုံးတိုက်တိုက် ကျားကိုက်ကိုက် စိတ်ဓာတ်၊ တစ်ဗိုလ်ကျတစ်ဗိုလ်တက်စိတ်ဓာတ်တို့ဖြင့် ကျုံဒိုး-ကော့ကရိတ်ကြားတွင် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်နေသည့် အကြမ်းဖက် သောင်းကျန်းသူများကို ရဲရဲတက်၊ ရဲရဲတိုက်၊ ရဲရဲချေမှုန်းခဲ့ရာ စစ်ဆင်ရေးကာလ ၃ လကျော်အတွင်း အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး ၇ ကြိမ်၊ ထိတွေ့တိုက်ပွဲ ၈၅ ကြိမ်ဖြစ်ပွားခဲ့ပြီး ရန်သူခေါင်းဆောင်ပိုင်းအချို့ ပြင်းထန်စွာ ဒဏ်ရာရရှိခြင်းအပါအဝင် ရန်သူထံမှ အလောင်း ၁၇ လောင်း၊ လက်နက်မျိုးစုံ ၃၀ လက်နှင့် ဆက်စပ်ပစ္စည်းများအား သိမ်းပိုက်ရရှိခဲ့ပြီး တပ်မတော်သားအချို့ ထိခိုက်ကျဆုံးခဲ့ပြီး ယနေ့ ဇူလိုင်လ ၂၄ ရက်တွင် ကျုံဒိုး-ကော့ကရိတ်လမ်းကြောင်းတစ်လျှောက်အား ပြန်လည်ထိန်းချုပ်ဖွင့်လှစ်နိုင်ခဲ့ကာ ၎င်းတို့၏ စစ်ရေးရည်မှန်းချက်ကို တပ်မတော်က အပြီးတိုင်ရိုက်ချိုးနိုင်ခဲ့သည်။

အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ဖရိုဖရဲဖြင့် ဆုတ်ခွာထွက်ပြေးစဉ် ဆောင်ရွက်နေကြဖြစ်သည့် အဖျက်အမှောင့်လုပ်ငန်းများအား နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်ခဲ့ပြီး မော်တော်ယာဉ်များအား မီးရှို့ဖျက်ဆီးခြင်း၊ ကားလမ်းများပေါ်၌ သစ်ပင်သစ်ကိုင်းများဖြင့် ကန့်လန့်ဖြတ်ပိတ်ဆို့ခြင်း၊ ကျုံဒိုးမြို့နှင့် ကော့ကရိတ်မြို့ကြားရှိ ညီညာသာလင်းတံတားနှင့် ၅ တိုင်တံတားအပါအဝင်အခြားလမ်း၊ တံတားများအား မိုင်းခွဲဖျက်ဆီးခြင်းများ လုပ်ဆောင်ခဲ့ကြောင်း တွေ့ရှိရသည်။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများက အဆိုပါလမ်းမကြီးတစ်လျှောက်တွင် ဒေသခံပြည်သူများ၊ ခရီးသွားပြည်သူများ၊ ကုန်စည်ပို့ဆောင်သည့် မော်တော်ယာဉ်များ၊ ခရီးသွားမော်တော်ယာဉ်များ ဘေးကင်းစွာဖြင့် ပုံမှန်အတိုင်း ပြန်လည်သွားလာနိုင်ရေး၊ အကြမ်းဖက်သောင်းကျန်းသူများ ဖောက်ခွဲဖျက်ဆီးခဲ့သည့် လမ်း၊ တံတားများအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများနှင့် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး မြဝတီမှ တစ်ဆင့် အာရှလမ်းမကြီး ပုံမှန်ပြန်လည်ဖွင့်လှစ်နိုင်ရေး ကျန်ရှိနေသည့် လမ်းပိုင်းအချို့အား အမြန်ဆုံးဆက်လက်ရှင်းလင်းနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သိရပြီး ကျုံဒိုး-ကော့ကရိတ်မြို့များ၏ ဒုတိယအကြိမ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်ဝန်းကျင်ကျေးရွာများအား တရားဥပဒေစိုးမိုးရေး၊ နယ်မြေတည်ငြိမ်ရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများကိုလည်း တစ်ပြိုင်တည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

(၁၀၀)



ကော့ကရိတ်-ကျုံဒိုးလမ်းကြောင်းနယ်မြေရှင်းလင်းစဉ် KNU၊ KNLAနှင့် PDF အကြမ်းဖက်သမားများထံမှ သိမ်းဆည်းရမိခဲ့သည့် လက်နက်၊ ခဲယမ်း၊ ကြီးကြပ်ကန့်သတ်ပစ္စည်းများနှင့် Drone များကိုတွေ့ရစဉ်။

# ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ**
**ဥပဒေကိုပြင်ဆင်သည့်ဥပဒေ**
**( နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၄၂ / ၂၀၂၅ )**
၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၅ ရက်
(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေတွင် ပါရှိသော **"ရထားပို့ဆောင်ရေးဝန်ကြီးဌာန"** ဆိုသည့်စကားရပ်နှင့် **" ပို့ဆောင်ရေးဝန်ကြီးဌာန "** ဆိုသည့် စကားရပ်များကို **"ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန"** ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ **"ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန"** ဆိုသည့်စကားရပ်ကို **" ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန "** ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ **"ဘဏ္ဍာရေးဝန်ကြီးဌာန"** ဆိုသည့်စကားရပ်ကို **"စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန "** ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၃။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေ ပုဒ်မ ၅ ပုဒ်မခွဲ(က)တွင်-

(က) ပုဒ်မခွဲငယ် (၁၀)ကို ပယ်ဖျက်ရမည်။

( ခ ) မူလပုဒ်မခွဲငယ်(၁၁)၊ (၁၂)၊ (၁၃) နှင့် (၁၄) တို့ကို ပုဒ်မခွဲငယ်(၁၀)၊ (၁၁)၊ (၁၂) နှင့် (၁၃) တို့အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

၄။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေပုဒ်မ ၅ ပုဒ်မခွဲ (ခ)ပါ **"ကော်မတီ"** ဆိုသည့် စကားရပ်ကို **"အမျိုးသားကော်မတီ"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေပုဒ်မ ၃၃ ပုဒ်မခွဲ (ဂ) ပါ **" လုပ်ငန်းကော်မတီ "** ဆိုသည့် စကားရပ်ကို **"နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီ"**ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေ အခန်း (၁၀) ခေါင်းစဉ်ကို အောက်ပါအတိုင်း အစားထိုးရမည်-

**" အခကြေးငွေနှင့် ဒဏ်ကြေးငွေများ သတ်မှတ်ခြင်းနှင့်ကောက်ခံခြင်း"**

၇။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေပုဒ်မ ၄၉ တွင်-

(က) ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည်-

"ဝန်ကြီးဌာနသည်ကောက်ခံရမည့်အောက်ပါအခကြေးငွေများနှင့်ဒဏ်ကြေးငွေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များဖြင့် သတ်မှတ်ရမည်-"

( ခ ) ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဂ) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းဆိုင်ရာ အခြားအခကြေးငွေနှင့်ဒဏ်ကြေးငွေများ။"

၈။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေ ပုဒ်မ ၅၀ ပါ " အခကြေးငွေများ" ဆိုသည့်စကားရပ်ကို "အခကြေးငွေများနှင့်ဒဏ်ကြေးငွေများ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၉။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေပုဒ်မ ၅၁ တွင်-

(က) ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(က) ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း၊"

( ခ ) မူလပုဒ်မခွဲ(က)ကို ပုဒ်မခွဲ(ခ)အဖြစ်လည်းကောင်း၊ မူလပုဒ်မခွဲ(ခ)ကို ပုဒ်မခွဲ(ဂ)အဖြစ်လည်းကောင်း ပြောင်းလဲအမှတ်စဉ်ရမည်။

၁၀။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေ ပုဒ်မ ၅၂ တွင်-

(က) ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(က) ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း၊"

( ခ ) မူလပုဒ်မခွဲ(က)ကို ပုဒ်မခွဲ(ခ)အဖြစ်လည်းကောင်း၊ မူလပုဒ်မခွဲ(ခ)ကို ပုဒ်မခွဲ(ဂ)အဖြစ်လည်းကောင်း ပြောင်းလဲအမှတ်စဉ်ရမည်၊

၁၁။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေပုဒ်မ ၅၃ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၅၃။ ပုဒ်မ ၁၄ အရ ဦးစီးဌာနက လွှဲအပ်တာဝန်ပေးထားသည့် ခရိုင် သို့မဟုတ် မြို့နယ်ဦးစီးဌာနသည် စီမံခန့်ခွဲရေး ပြစ်ဒဏ်များအနက် ပုဒ်မ ၅၁ ပုဒ်မခွဲ(က) သို့မဟုတ် (ခ)ပါ ပြစ်ဒဏ်ကို ချမှတ်နိုင်သည်။"

၁၂။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေပုဒ်မ ၅၄၊ ၅၅ နှင့် ၅၆ တို့ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၅၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနကဖြစ်စေ၊ ဦးစီးဌာနက လွှဲအပ်တာဝန်ပေးထားသည့် ခရိုင်သို့မဟုတ် မြို့နယ်ဦးစီးဌာနကဖြစ်စေ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအတွက် လုပ်ငန်းလိုင်စင်ထုတ်ပေးရန် သို့မဟုတ် လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်အား ငြင်းပယ်သောအမိန့်ကို မကျေနပ်သူသည် ထိုအမိန့် ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ဦးစီးဌာနသို့ အယူခံနိုင်သည်။

၅၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနက ပုဒ်မ ၅၁ အရ ချမှတ်သော စီမံခန့်ခွဲရေးပြစ်ဒဏ်ကိုဖြစ်စေ၊ ဦးစီးဌာနက လွှဲအပ်တာဝန်ပေးထားသည့် ခရိုင် သို့မဟုတ် မြို့နယ်ဦးစီးဌာနက ပုဒ်မ ၅၃ အရ ချမှတ်သောစီမံခန့်ခွဲရေး ပြစ်ဒဏ်ကိုဖြစ်စေ မကျေနပ်သူသည် ထိုပြစ်ဒဏ် ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ဦးစီးဌာနသို့ အယူခံနိုင်သည်။

၅၆။ ပုဒ်မ ၅၄ သို့မဟုတ် ၅၅ အရ အယူခံမှုတွင် ဦးစီးဌာနသည် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။"

၁၃။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေပုဒ်မ ၅၈၊ ၅၉ နှင့် ၆၀ တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၅၈။ ပုဒ်မ ၅၆ အရ အယူခံမှုတွင် ဦးစီးဌာနက ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ထိုအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

၅၉။ ဦးစီးဌာနက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကျော်လွန်၍ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက်ဖြစ်စေ၊ နယ်စပ်ဖြတ်ကျော်ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက်ဖြစ်စေ လုပ်ငန်းလိုင်စင်ထုတ်ပေးရန် သို့မဟုတ် လုပ်ငန်းလိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်အားငြင်းပယ်သောအမိန့်ကို မကျေနပ်သူသည် ထိုအမိန့်ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးဌာနသို့အယူခံနိုင်သည်။

၆၀။ ပုဒ်မ ၅၇၊ ၅၈ သို့မဟုတ် ၅၉ အရ အယူခံမှုတွင် ဝန်ကြီးဌာနသည်အမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ)မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## သန်လျင်မြို့နယ်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၄

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကရင်ဆိပ်စံပြကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိသံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ အောင်မင်္ဂလာကျောင်းတိုက်၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၂ ပါးနှင့် ဒေသခံပြည်သူ(၁၀၉)ဦးတို့ကို အရိုးရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သန်လျင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ကျောင်းတိုက်ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် ဇူလိုင် ၂၄

ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

# နာနတ်သီး၏ ကျန်းမာရေးအကျိုးကျေးဇူးများ



> "နာနတ်သီးဖျော်ရည်တွင်တွေ့ရသည့် ဘရိုမီလိန်းဓာတ်သည် နှလုံးကျန်းမာရေးအတွက်လည်း အထောက်အကူပြုပြီး သွေးပေါင်ချိန်ကိုကျစေကာ သွေးခဲခြင်းကို ကာကွယ်ပေးနိုင်သည်ဟု သုတေသနတချို့တွင် ဆိုထားသည်။ နှလုံးကြွက်သား သွေးကောင်းကောင်း မရသောကြောင့် ရင်ဘတ်အောင့်ခြင်းဖြစ်နိုင်ခြေ လျော့ကျစေသည် . . ."

နာနတ်သီးသည် အာဟာရဓာတ်များစွာ ပါဝင်သည့်အပြင် အလှအပရေးရာအတွက်လည်း အကျိုးကျေးဇူးများစွာရှိသည်။ နာနတ်သီး၏အချဉ်ဓာတ်အရသာကြောင့် ခံတွင်းပျက်နေသူများကို အစာစားချင်စိတ်ဖြစ်စေပြီး ခံတွင်းရှင်းစေသည်။ အစားအစာများတွင် ထည့်ချက်လျှင်လည်း အညှီနံ့ပျောက်ပြီး မွှေးရနံ့သင်းပျံ့စေသည်။

### နာနတ်သီးစားသုံးမှုပုံစံများ

နာနတ်သီးကို ဖျော်ရည်၊ နာနတ်ယို၊ ဒိုမီနို၊ ကျောက်ကျော၊ ဂျယ်လီ၊ သကြားလုံး၊ ပီကေ စသည်တို့အပြင် တာရှည်အထားခံရန် အရည်ညှစ်ပြီး သစ်သီးခြောက်ပြုလုပ်၍လည်းကောင်း၊ စည်သွတ်ဘူးဖြင့်လည်းကောင်း ရေခဲသေတ္တာတွင် ထိန်းသိမ်းသိုလှောင်စားသုံးကြသည်။ ထို့ပြင် ထမင်းကြော်၊ အသုပ်၊ နာနတ်သီးဆော့စ် အဖြစ်သာမက ဟင်းလျာများ အထူးသဖြင့် အနောက်တိုင်းဟင်းလျာများတွင်လည်း အရသာထူးကဲစေရန် နာနတ်သီးကို ထည့်သွင်းချက်ပြုတ်လေ့ရှိသည်။

### နာနတ်သီးတွင်ပါဝင်သော ဘရိုမီလိန်းအင်ဇိုင်း၏ ကျန်းမာရေးကောင်းကျိုးများ

နာနတ်သီးသည် ဘရိုမီလိန်း (Brome-lain) ဟုခေါ်သော အင်ဇိုင်းတစ်မျိုးပါဝင်ပြီး အစာချေဖျက်နိုင်စွမ်းကို မြှင့်တင်ပေးနိုင်သည်။ ယင်းအင်ဇိုင်းသည် ပရိုတင်းဖွဲ့စည်းမှုကို ချေဖျက်နိုင်စွမ်းရှိသည့်အတွက် ကြီးမားခိုင်မာသည့် ပရိုတင်းအစိုင်အခဲများကိုပြိုကွဲစေပြီး Peptides နှင့်အမိုင်နိုအက်စစ်များအဖြစ်သို့ ပြောင်းသွားစေသည်။ ဘရိုမီလိန်းသည် သွေးခဲခြင်းနှင့် သွေးယိုစိမ့်ခြင်း အစွန်းနှစ်ဖက်ကို ထိန်းချုပ်နိုင်စွမ်းရှိသောကြောင့် ကုထုံးများတွင် ကျယ်ပြန့်စွာ အထောက်အကူပြုလျက်ရှိပြီး ဘရိုမီလိန်းကို မီးလောင်နာဆဲလ်သေများအား ဖယ်ရှားရန်၊ အရောင်ကျစေရန်နှင့် အရေပြားပေါ်တွင်ဖြစ်ပေါ်တတ်သည့်ကြွက်နို့ကဲ့သို့ အသားမာအဖုများကိုပင် ချေဖျက်နိုင်ရန် အသုံးပြုလျက်ရှိသည်။

နာနတ်သီးမှရရှိသော ဘရိုမီလိန်းပရိုတင်းကို ကျန်းမာရေးဓာတ်စာအဖြစ်လည်း အသုံးပြုလျက်ရှိရာ ယင်းသည် ကင်ဆာဆဲလ်ကြီးထွားခြင်းကို နှောင့်ယှက်တားဆီးပြီး သွေးခဲခြင်းကို တားဆီးကာ ရောင်ရမ်းခြင်းကိုလျော့ကျစေ၍ အနာမှပျက်စီးသော တစ်သျှူးများကိုဖယ်ရှားရန်လည်းကူညီပါသည်။ နာနတ်သီးသည် အရေပြားကင်ဆာရောဂါအတွက် ဖြေဆေးတစ်ခွက်ဖြစ်သည်ဟု အမေရိကန်ကင်ဆာဂျာနယ် ဆေးဆောင်းပါးများထဲတွင် ဖော်ပြကြသည်။ နာနတ်သီးသည် လိမ္မော်သီးကဲ့သို့ပင် ဗီတာမင် – C ပါဝင်မှုမြင့်မားသဖြင့် အအေးမိ၊ နှာစေးနှင့် ချောင်းဆိုးခြင်းကို တိုက်ထုတ်ပေးပြီး နာနတ်သီးထဲတွင် ဘရိုမီလိန်းဓာတ်ပါရှိနေသည့်အတွက် လိမ္မော်သီးထက် ပိုမိုအစွမ်းထက်စေသကဲ့သို့ ပန်းနာ၊ ရင်ကျပ်နှင့် အဆစ်အမျက်ကိုက်ခဲမှုကိုသက်သာစေသည်။

နာနတ်သီးဖျော်ရည်ကို ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ ကင်ညာ၊ အိန္ဒိယ၊ တရုတ်၊ ဖိလစ်ပိုင်နှင့် မြန်မာနိုင်ငံတို့၌ သောက်သုံးမှုပိုမိုများပြားပြီး သာမန်အသီးဖျော်ရည်အနေဖြင့်သာမဟုတ်ဘဲ ဆေးဖက်ဝင်သည့်သဘောနှင့်ပါ သုံးစွဲကြခြင်းဖြစ်သည်။ သဘာဝအတိုင်း အာဟာရဓာတ်အပြည့်ဝဆုံးရစေရန် နာနတ်သီးကို အတုံးလေးများစိတ်ပြီး ကြိတ်စက်ဖြင့်ဖျော်သောက်ရာ၌ နာနတ်သီးတွင် အချိုဓာတ်အရသာ Flavonoid များပါဝင်သောကြောင့် အသက်အရွယ်မရွေးသောက်ပေးနိုင်ပြီး နံနက်အစောပိုင်းအချိန် သောက်ပေးနိုင်လျှင် အကောင်းဆုံးဖြစ်သည်။

### ရောင်ရမ်းမှုကိုကျစေသော နာနတ်သီးဖျော်ရည်

နာနတ်သီးဖျော်ရည်တွင် ဗီတာမင်နှင့် သတ္တုဓာတ်များအပြင် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများပါဝင်သဖြင့် အဆိုပါဓာတ်ပစ္စည်းများသည် ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ ဖိစီးမှု၊ ကျန်းမာရေးနှင့်မညီညွတ်သောစားသောက်မှုပုံစံတို့ကြောင့် ဖြစ်ပေါ်လာသော Free Radical ဟုခေါ်သည့် ဓာတ်ပစ္စည်းများကို ဓာတ်ပြယ်အောင် စွမ်းဆောင်ပေးသည့်အပြင် အများအပြားပါဝင်သည့် ဘရိုမီလိန်းဓာတ်သည် နာတာရှည်ရောဂါပေါင်းစုံ၏ ရောင်ရမ်းမှုကိုကျစေခြင်း၊ အစာချေဖျက်မှုကောင်းစေခြင်း၊ ကိုယ်ခံစွမ်းအားမြင့်စေခြင်း စသည့် အကျိုးကျေးဇူးများရရှိစေသည်။ သုတေသနတချို့အရ ဘရိုမီလိန်းဓာတ်သည် စတီးရွိုက်မဟုတ်သော အရောင်ကျဆေးများ (NSAID)ကဲ့သို့ ထိရောက်မှုရှိသည်ဟုဆိုသည်။ ဘရိုမီလိန်းသည် ထိခိုက်မိခြင်း၊ ခွဲစိတ်ကုသခြင်းတို့ကြောင့် ရရှိလာသောရောင်ရမ်းမှုကိုကျစေခြင်း၊ အနာများကိုကျက်စေခြင်း စသည့်ဂုဏ်သတ္တိများရှိကြောင်း သိရသည်။ အားကစားပြုလုပ်ရာမှ ထိခိုက်ဒဏ်ရာရခြင်း၊ လေးဖက်နာအဆစ်ရောင်ခြင်းနှင့် အရိုးအဆစ်ရောင်ခြင်းတို့အတွက်လည်း အကျိုးရှိအသုံးဝင်သည်။

### ကိုယ်ခံစွမ်းအားမြင့်စေနိုင်

နာနတ်သီးတွင်ပါဝင်သည့် ဘရိုမီလိန်းဓာတ်သည် ကိုယ်ခံစွမ်းအားကို မြှင့်တင်ပေးပြီး အဆုတ်ရောင်ခြင်း၊ ထိပ်ကပ်နာ၊ အဆုတ်လေပြွန်ရောင်ခြင်းတို့ကို လျင်မြန်စွာ သက်သာစေသည်။ ပဋိဇီဝဆေးများနှင့် တွဲဖက်သုံးစွဲချိန်တွင် ပိုမိုသိသာသော်လည်း ပိုမိုခိုင်မာစေရန်အတွက် သုတေသနများစွာ ထပ်မံပြုလုပ်ရန် လိုအပ်သေးသည်ဟုဆိုကြသည်။ နာနတ်သီးသည် အချိန်တိုအတွင်းမှာပင် ပေါင်ချိန်ကျစေသည့်အတွက် ကိုယ်အလေးချိန်မတက်အောင်ထိန်းသိမ်းပေးနိုင်သကဲ့သို့ မှတ်ဉာဏ်စွမ်းအားကိုလည်း တိုးတက်မြင့်မားစေသည်။

### အရိုးများကိုကျန်းမာစေနိုင်

နာနတ်သီးတွင် မဂ္ဂနိစ်သတ္တုဓာတ်ကြွယ်ဝစွာပါရှိခြင်းကြောင့် အရိုးများကို ကျန်းမာကြံ့ခိုင်စေပြီး အရိုးနှင့်ဆက်စပ်သော တစ်သျှူး၊ အရွတ်၊ အကြောတို့ကိုပါ သန်စွမ်းအားကောင်းစေသည်။ ထို့ကြောင့် လူငယ်ပိုင်းနှင့် လူလတ်ပိုင်းများအတွက် အရိုးသန်စွမ်း ကြီးထွားမှုမြန်ဆန်စေပြီး လူကြီးပိုင်းများအတွက် အရိုးခိုင်မာစေသောကြောင့် အရွယ်သုံးပါးမရွေး နာနတ်သီးဖျော်ရည်တစ်ခွက် နေ့စဉ်သောက်သုံးပေးခြင်းဖြင့် တစ်နေ့တာလိုအပ်နေသော မဂ္ဂနိစ်သတ္တုဓာတ် ၇၃ ရာခိုင်နှုန်းခန့် ရရှိစေနိုင်သည်။

### သဘာဝဆီးရွှင်ဆေးနာနတ်သီး

သဘာဝဆီးရွှင်ဆေးအဖြစ် နာနတ်သီးကို အားကိုးအားထားပြုနိုင်သည်။ ထို့ပြင် ဆီးလမ်းကြောင်းပိုးဝင်ပါက ပဋိဇီဝပိုးသတ်ဆေးကို ဆေးပတ်လည်အောင်သောက်ရင်း နာနတ်သီးကိုပါ တွဲဖက်စားပေးခြင်းဖြင့် ကူးစက်ပိုးများမှ အချိန်တိုအတွင်း ကင်းဝေးစေနိုင်ကြောင်း မှတ်သားရသည်။

### အစာအိမ်ပြဿနာများကို သက်သာစေနိုင်

နာနတ်သီးကို ကပ်ပါးပိုးနှင့် သန်ကောင်များ နှိမ်နင်းရန်အသုံးပြုပြီး အစာအိမ်ပြဿနာများကိုသက်သာစေသည်။ နာနတ်သီးသည် အစာအိမ်မှထွက်ရှိသော အရည်နှင့်လွန်စွာဆင်တူသည့်အတွက် အစာခြေစနစ်ကို တိုးတက်ကောင်းမွန်စေပြီး ဝမ်းဖောဝမ်းရောင်ခြင်း၊ ရင်ပြည့်ရင်ကယ်ဖြစ်ခြင်း၊ အစာအိမ်နာနှင့်လေပူထိုးခြင်းတို့ကို သက်သာစေနိုင်သည်။ ဝမ်းချုပ်ခြင်းမှလည်း ကာကွယ်ပေးပြီး ပန်းနာ၊ ရင်ကျပ်ကို သက်သာစေကာ ချွဲသလိပ်ကြေစေသည်။ တချို့က ဓမ္မတာလာစေရန်လှုံ့ဆော်ရာတွင်လည်း နာနတ်သီးကို အသုံးပြုကြသည်။ နေ့လယ်စာစားသုံးပြီးမှ သုံးဆောင်ပါက အစာကြေညက်မှုကို အထောက်အကူပြုပြီး တခြားအစားအသောက်များနှင့် ယှဉ်တွဲစားသုံးလျှင် အစာချေဖျက်မှုအတွက် ကူညီပေးသည်။

### နှလုံးကျန်းမာရေးကို ကောင်းမွန်စေနိုင်

နာနတ်သီးဖျော်ရည်တွင် တွေ့ရသည့် ဘရိုမီလိန်းဓာတ်သည် နှလုံးကျန်းမာရေးအတွက်လည်း အထောက်အကူပြုပြီး သွေးပေါင်ချိန်ကိုကျစေကာ သွေးခဲခြင်းကို ကာကွယ်ပေးနိုင်သည်ဟု သုတေသနတချို့တွင်ဆိုထားသည်။ နှလုံးကြွက်သား သွေးကောင်းကောင်း မရသောကြောင့် ရင်ဘတ်အောင့်ခြင်းဖြစ်နိုင်ခြေလျော့ကျစေသည်။

### အမြင်အာရုံကောင်းမွန်စေနိုင်

နာနတ်သီးထဲတွင် ဘီတာကယ်ရိုတင်း (Beta-carotene) အမြောက်အမြားပါရှိသည့်အတွက် အမြင်အာရုံကိုကောင်းမွန်စေနိုင်သည်။ နေ့စဉ် နာနတ်သီးစားပေးခြင်းဖြင့် သက်လတ်ပိုင်းနှင့်သက်ကြီးပိုင်းရောက်သောအချိန်တွင် အမြင်လွှာယိုယွင်းမှုဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်သည်။ နာနတ်သီးကို တခြားအစားအသောက်များနှင့်တွဲပြီးစားသုံးခြင်းထက် နာနတ်သီးတစ်ခုတည်း သီးသန့်စားသုံးပေးခြင်းက အကျိုးကျေးဇူးပိုမိုရရှိစေသည်။ နာနတ်သီးသည် အမြင်အာရုံကြည်လင်သန်စွမ်းစေရန် အထောက်အကူပြုသည့်အပြင် အသက်အရွယ်ကြောင့်ဖြစ်လာသောမျက်စိမှုန်ခြင်းကိုလည်း ကာကွယ်ပေးသည်။

### အရေပြားတွန့်ခြင်းကို ကာကွယ်ပေးနိုင်

နာနတ်သီးနှင့် သံလွင်ဆီတို့သည် အထူးသဖြင့် လည်ပင်းပိုင်း အရေပြားတွန့်ခြင်းအတွက် ကောင်းစွာထိရောက်သည်။ မျက်နှာကိုသန့်စင်အောင် ဆေးကြောပြီးနောက် သံလွင်ဆီစားပွဲတင်ဇွန်းနှစ်ဇွန်းကို လက်ဖဝါးဖြင့် အပေါ်ကိုပွတ်တင်၍ လည်ပင်းနှင့်မျက်နှာကို စက်ဝိုင်းပုံစံနှိပ်နယ်ပေးခြင်းဖြင့် အရေပြားမှအဆီကို စုပ်ယူပြီး လတ်ဆတ်သောနာနတ်ရည်တစ်ခွက်နှင့် နှင်းဆီရည်လက်ဖက်ရည်ဇွန်းတစ်ဇွန်းအရောကို မိနစ် ၂၀ ခန့်ထပ်မံလိမ်းပေးပြီး မျက်နှာကိုရေသန့်ဖြင့် သစ်ခြင်းကို တစ်ပတ်တစ်ခါလုပ်ဆောင်ပါက အသားအရေတွန့်ခြင်းမှ ကာကွယ်ပေးသည်။

### နာနတ်သီး၏ဘေးထွက်ဆိုးကျိုးများ

နာနတ်သီးစားသုံးခြင်းဖြင့် အလွန်အမင်းအန်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောခြင်း၊ ဓမ္မတာများခြင်း၊ ပျို့ခြင်း၊ အရေပြားအနီကွက်ထခြင်း၊ အလွန်အကျွံစားသုံးပါက ပါးစပ်နှင့်ပါးများ ရောင်ရမ်းခြင်းတို့ဖြစ်နိုင်ပြီး ဘေးထွက်ဆိုးကျိုးများ ခံစားရပုံမှာ တစ်ဦးနှင့်တစ်ဦး ကွဲပြားခြားနားမှုရှိနိုင်သည်။ အဆိုပါဘေးထွက်ဆိုးကျိုးများတွင်မပါဝင်သည့် ဘေးထွက်ဆိုးကျိုးများလည်းရှိနိုင်သည်။ ဘေးထွက်ဆိုးကျိုးနှင့်ပတ်သက်ပြီး စိုးရိမ်ပူပန်မှုများရှိပါက အပင်များအကြောင်း ကျွမ်းကျင်သူ သို့မဟုတ် ဆရာဝန်နှင့်တိုင်ပင်ဆွေးနွေးမှုပြုလုပ်ရမည်ဖြစ်သည်။

### သတိပြုရန်

ကိုယ်ဝန်ရှိနေလျှင် သို့မဟုတ် နို့တိုက်မိခင်ဖြစ်နေလျှင်ဖြစ်စေ၊ တခြားဆေးဝါးများ သောက်သုံးနေလျှင်ဖြစ်စေ၊ နာနတ်သီးပါဝင်ပစ္စည်းများနှင့် ဓာတ်မတည့်လျှင် သို့မဟုတ် သဘာဝဆေးဖက်ဝင်အပင်များနှင့် ဓာတ်မတည့်လျှင် (ဥပမာ- ပျားရည်၊ သံလွင်အပင်မှဝတ်မှုန်၊ တရုတ်နံနံကြီး၊ သင်္ဘောသီးတွင်ပါသော papain အင်ဇိုင်း)ဖြစ်စေ ဆရာဝန်ညွှန်ကြားချက်ဖြင့်သာ နာနတ်သီးကို စားသုံးသင့်သည်။ ကိုယ်ဝန်ဆောင်ကာလတွင် နာနတ်သီးစားသုံးခြင်းသည် အများစိုးရိမ်နေသကဲ့သို့ ကလေးပျက်ကျခြင်းမဖြစ်စေသော်လည်း များများစားပါက ဘေးထွက်ဆိုးကျိုးတချို့ရှိနိုင်သည်။ စားကောင်းပြီး ခံတွင်းရှင်းစေသည့် နာနတ်သီးက အစာအိမ်အတွင်း အချဉ်ဓာတ်များရာမှ ပြန်လျှံတက်ပြီး ရင်ပူခြင်းဖြစ်နိုင်သောကြောင့် သင့်လျော်သည့်ပမာဏလောက်သာ စားသုံးသင့်ပြီး ဓာတ်မတည့်ခြင်းနှင့် တန်ဆေးလွန်ဘေးဆိုသကဲ့သို့ ချင့်ချိန်စားသုံးနိုင်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

*ဒေါက်တာလပြည့်ခင်*

# ဓာတ်မြေသြဇာနှင့်မျိုးစေ့ချကိရိယာများ ပံ့ပိုးပေးအပ်ခြင်းအခမ်းအနားကျင်းပ



**ရပ်စောက် ဇူလိုင် ၂၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေမှ မျိုးစေ့ထုတ်စံပြစိုက်ကွက်လုပ်ငန်းများအတွက် ဓာတ်မြေသြဇာနှင့် မျိုးစေ့ချကိရိယာများ ပံ့ပိုးပေးခြင်းအခမ်းအနားကို ဇူလိုင်လ ၂၃ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းစိုးနိုင်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းနိုင်က ဓာတ်မြေသြဇာနှင့် မျိုးစေ့ချကိရိယာများ ပံ့ပိုးပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများသည် ရပ်စောက်မြို့နယ်အတွင်းရှိ မျိုးစေ့ချစိုက်ပျိုးသော တောင်သူများအား ပုလဲဓာတ်မြေသြဇာအိတ် ၅၀ နှင့် မျိုးစေ့ချကိရိယာငါးခုတို့ကို ပံ့ပိုးပေးအပ်ကြောင်း သိရသည်။

(၄၀၅)

## ကျေးရွာတွင်းလမ်းဂဝံခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုစစ်ဆေး

**ညောင်လေးပင် ဇူလိုင် ၂၄**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ရှမ်းရွာကျေးရွာအုပ်စု ဖအောင်းကျေးရွာ၌ ကျေးရွာတွင်းလမ်းဂဝံခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ဇူလိုင်လ ၂၃ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်လေးပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဆက်နိုင်ထွန်း၊ ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မီမီအောင်နှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာတို့က ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဖအောင်းကျေးရွာ၌ ကျေးရွာတွင်းလမ်းဂဝံခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး စနစ်တကျဆောင်ရွက်ရန်မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဖအောင်းကျေးရွာ၌ အရှည်ပေ ၁၅၀၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိသည့် ကျေးရွာတွင်းလမ်းဂဝံခင်းခြင်းလုပ်ငန်းကို VDP စီမံကိန်းမှ ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ် ၁၉ သိန်း စုစုပေါင်းငွေကျပ် ၁၆၉ သိန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏စီမံခန့်ခွဲမှုဖြင့် ဇူလိုင်လ တတိယပတ်ကစတင်ဆောင်ရွက်ရာ ယခုအခါလုပ်ငန်းဆောင်ရွက်မှုမှာ ၅၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်**

## နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ၏ ပင်စင်လစာများ လွယ်ကူစွာထုတ်ယူနိုင်ရေး UID ကတ်များထုတ်ပေး

**ပေါင် ဇူလိုင် ၂၄**

မွန်ပြည်နယ် ပေါင်မြို့နယ် မြန်မာ့စီးပွားရေးဘဏ်ခွဲ၌ မြို့နယ်အတွင်းရှိ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ၏ ပင်စင်လစာငွေထုတ်ယူရာတွင် လူပုဂ္ဂိုလ်မှန်ကန်မှု ရှိ/မရှိ စိစစ်နိုင်ရန်နှင့် ခေတ်မီနည်းပညာအသုံးပြုနိုင်ရန် မြန်မာ့စီးပွားရေးဘဏ်၏ Centralized e-Pension စနစ်နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ e-ID စနစ်တို့ ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် UID ကတ်များ Centralized e-Pension Program တွင် ထည့်သွင်းရန် UID ကတ်နံပါတ်များထုတ်ပေးခြင်းကို ဇူလိုင်လ ၂၃ ရက် နံနက်ပိုင်းတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူများက ဆောင်ရွက်သည်။

ထိုသို့ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအတွက် နေ့ချင်းပြီးလျင်မြန်စွာဆောင်ရွက်ပေးနေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထင်လင်းအောင်နှင့် အဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းဝင်းဇော်တို့မှ လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

(၄၀၆)



## စစ်သားသူငယ်

❖ ခြေလျင်ဆင်မြင်း၊ စစ်အင်ခင်း၍
မင်းရဲကျော်စွာ၊ စစ်မြေတာဝယ်
ဗျူဟာကြွယ်လျက်၊ အောင်ပွဲဆက်လည်း
စစ်မက်ဆိတ်ငြိမ်၊ စစ်နားချိန်၌
ဓားအိမ်ကိုချိတ်၊ တောမြိုင်ရိပ်တွင်
စိတ်လက်ပေ့ါပါး၊ ထွေကစားသည်
စစ်သားသူငယ် ပေတကား။

❖ မြို့ပေါက်နန်းကျ၊ လက်နက်ချလည်း
ငယ်စွလုလင်၊ ကျားပေါက်သွင်သို့
ငထင်ငယ်ကား၊ ဝဲယာဓားဝင့်
အရှင့်ထံမှောက်၊ ရန်မရောက်အောင်
တစ်ယောက်တည်းလျှင်၊ ဓားရေးငင်လျက်
သူ့ရှင်နောက်ထား၊ ရန်ပယ်ရှားသည်
စစ်သားသူငယ် ပေတကား။

❖ တို့ရာဇဝင်၊ ကြေးမုံပြင်၌
လုလင်ငယ်သွေး၊ ငယ်ပါသေးဟု
ဆိုရေးမရှိ၊ ကြံ့လှာဘိမူ
သတ္တိသစ္စာ၊ စုံနှစ်ဖြာဖြင့်
ပြည်ရွာအတွက်၊ အရှင့်တွက်လျှင်
သက်စွန့်ဝံ့စား၊ စစ်ယဉ်ပါးသည်
ဩော်-စစ်သားသူငယ်ပေတကား။ ။

**ကို(တက္ကသိုလ်)**

### MWD Education, Knowledge & Sports Channel

၂၅-၇-၂၀၂၅(သောကြာနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀ - ၀၈:၃၄ | Grade - 9 | မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ(၁) |
| ၂။ | ၁၅:၃၀ - ၁၆:၁၇ | Grade - 9 | သင်္ချာ(၁)၊ သင်္ချာ(၂) |
| ၃။ | ၁၆:၁၇ - ၁၇:၁၇ | Grade - 9 | ပထဝီဝင်၊ သမိုင်း |
| ၄။ | ၁၇:၁၇ - ၁၈:၁၂ | Grade - 9 | သိပ္ပံ |

### မြဝတီရုပ်မြင်သံကြားအစီအစဉ် ၂၅-၇-၂၀၂၅(သောကြာနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၀၀ | တရားတော် | ၁၀။ | ၁၆:၀၀ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၂။ | ၀၈:၀၀ | မျိုးချစ်တပ်မတော် | ၁၁။ | ၁၈:၀၀ | နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့ |
| ၃။ | ၀၉:၀၀ | ရင်မှာစွဲလမ်းတော်ဝင်ပန်း | ၁၂။ | ၁၉:၀၀ | **ရုပ်မြင်သံကြားဇာတ်လမ်း နွေလယ်မိုး** |
| ၄။ | ၁၀:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း | | | **သရုပ်ဆောင်-နိုင်ဝင်း၊ မိုးယံ၊ ခင်ထွဋ်ခေါင်** |
| ၅။ | ၁၁:၀၀ | အတွေးအမြင် | | | **ဒါရိုက်တာ-နိုင်ဝင်း(မင်းဥက္ကာ)** |
| ၆။ | ၁၂:၀၀ | မြန်မာ့ရှုခင်း | | | |
| ၇။ | ၁၃:၀၀ | ဝေမျှဆွေးနွေးလူငယ့်အရေး | | | |
| ၈။ | ၁၄:၀၀ | ပန်းပေါင်းစုံစွာအနုပညာ | | | |
| ၉။ | ၁၅:၀၀ | ဇာတ်လမ်းတို | | | |

### MWD Variety Channel ၂၅-၇-၂၀၂၅ (သောကြာနေ့)

| | | |
|---|---|---|
| ၁။ | ၁၀:၂၃ | ကျန်းမာသောဘဝ |
| ၂။ | ၁၁:၄၃ | စားရေရိက္ခာဖူလုံဖို့ စိုက်ပျိုးမွေးမြူထုတ်လုပ်စို့ |
| ၃။ | ၁၂:၁၉ | ပေး၍မကုန်ပေ မွန်မြတ်လှတဲ့ပညာအမွေ |
| ၄။ | ၁၆:၁၄ | လူငယ်ရှေ့ရေး အတွေးကမ္ဘာ |
| ၅။ | ၁၇:၄၀ | Countries of the World |

# စဉ့်ကိုင်မြို့နယ်၌ နွေနှမ်းများလှိုင်လှိုင်ထွက်ပေါ်နေပြီး တောင်သူများ အကျိုးအမြတ်ရရှိနေ

စဉ့်ကိုင် ဇူလိုင် ၂၄

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်၌ ယခုအခါ နွေနှမ်းများ လှိုင်လှိုင်ထွက်ပေါ်နေပြီး တောင်သူများ အကျိုးအမြတ်ရရှိနေကြောင်း စဉ့်ကိုင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



စဉ့်ကိုင်မြို့နယ်အတွင်းရှိတောင်သူများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ကြပြီး ရာသီပေါ်သီးနှံမျိုးစုံကိုလည်း စိုက်ပျိုးလျက်ရှိရာ ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီတွင် နွေနှမ်း ၂၃၄၄၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

နှစ်စဉ် စဉ့်ကိုင်မြို့နယ်၌ နွေနှမ်းများကို မတ်လနှင့်ဧပြီလတို့တွင် စိုက်ပျိုးကြပြီး ဇွန်လနှင့် ဇူလိုင်လတို့တွင် ထွက်ပေါ်လေ့ရှိကာ ယခုအခါ နွေနှမ်းများလှိုင်လှိုင်ထွက်ပေါ်နေချိန်ဖြစ်၍ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ကိုးတင်းခန့်ထွက်ရှိကြောင်း သိရသည်။

စိုက်ပျိုးသော နှမ်းမျိုးများအနေဖြင့် နှမ်းဖြူ၊ နှမ်းညိုနှင့် နှမ်းနက်ဟူ၍ရှိပြီး နှမ်းဖြူကို အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။

အဆိုပါနွေနှမ်းများကို ကြဲပက်စနစ်ဖြင့် စိုက်ပျိုးကြပြီး တစ်ဧကလျှင် နှမ်းမျိုးစေ့ သုံးပြည်ခန့်ကုန်ကျကာ ကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်အားခ အပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ်လေးသိန်းခန့်ကုန်ကျကြောင်း သိရသည်။

စဉ့်ကိုင်မြို့နယ်မှ စိုက်ပျိုးထွက်ရှိသောနှမ်းများကို ကျောက်ဆည်မြို့ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချကြပြီး ထိုပွဲရုံများမှတစ်ဆင့် ရန်ကုန်နှင့် မန္တလေးမြို့တို့သို့ တင်ပို့ရောင်းချကြောင်း၊ ယခုနှစ်တွင် နွေနှမ်းများ ဈေးကောင်းရရှိသဖြင့် ဒေသခံနှမ်းစိုက်တောင်သူများအနေဖြင့် အကျိုးအမြတ်များရရှိကြကြောင်း သိရသည်။

**ဆောင်းဦး**

# ပေါင်မြို့နယ်၌ အခြေခံလူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်း



ပေါင် ဇူလိုင် ၂၄

မွန်ပြည်နယ် ပေါင်မြို့နယ်၌ အခြေခံလူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်းပွဲကို ဇူလိုင်လ ၂၃ ရက်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝါရီရူခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထင်လင်းအောင်နှင့် အဖွဲ့ဝင်များ၊ သထုံခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးခွန်ထွန်းထွန်းလှနှင့် ဝန်ထမ်းများ၊ ပေါင်မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကဒုံးစီးရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်မျိုးဦးနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထင်လင်းအောင်က သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းအရ အခြေခံလူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်လှစ်ခြင်းဖြင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ဆက်လက်၍ ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးခွန်ထွန်းထွန်းလှက သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထင်လင်းအောင်က ကုန်ချောပစ္စည်းများကို သင်တန်းသူတစ်ဦးထံ ပေးအပ်ပြီး မှတ်တမ်းဓာတ်ပုံများရိုက်ကြသည်။

အဆိုပါသင်တန်းတွင် သင်တန်းသူ ၁၀ ဦးတက်ရောက်ပြီး သင်တန်းကာလမှာ ခုနစ်ရက်ကြာမြင့်ခဲ့ကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**

# အင်းစိန်မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ နံရံကပ်စာစောင်နှင့် စာအုပ်စာစောင်ပြပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၄

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် စာအုပ်စာစောင်ပြပွဲကို ဇူလိုင်လ ၂၃ ရက်က အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးခိုင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းကြည်က စာဖတ်ရှိန်မြှင့်တင်ရေးဟောပြောပွဲ ကျင်းပရခြင်း၏ရည်ရွယ်ချက်များကို ပြောကြားကာ လူအချင်းချင်းဆက်ဆံရာတွင် လိုအပ်သောစည်းမျဉ်းကျင့်ဝတ်များဖြစ်သည့် ကိုယ်ယဉ်ကျေးမှု၊ နှုတ်ယဉ်ကျေးမှုနှင့် စိတ်ယဉ်ကျေးမှုများ ထိန်းသိမ်းစောင့်ရှောက်ရန်လိုကြောင်း ဟောပြောသည်။

ဆက်လက်၍ စာရေးဆရာဝင်းနွယ်(ပုသိမ်)က စာပေမြင့်မှလူမျိုးတင့်မည်ခေါင်းစဉ်ဖြင့် စာပေ၏အကျိုးကျေးဇူးများကို ဟောပြောသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများအား မြန်မာ့ရိုးရာချစ်စဖွယ်ပုံပြင်စာအုပ်ကို ဖတ်ကြားစေပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော ကလေးအလုပ်သမားပပျောက်ရေး ဝိုင်းဝန်းကူညီစောင့်ရှောက်ပေးနံရံကပ်စာစောင်၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအသိပညာပေးနံရံကပ်စာစောင်နှင့် သုတ၊ ရသ စာအုပ်စာစောင်များပြသကာ ဉာဏစွမ်းရည်ပြိုင်ပွဲများဖြစ်သည့် စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် စကားပုံဆက်ပြိုင်ပွဲကို ကျောင်းသား၊ ကျောင်းသူများက ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**ထွန်းလင်းကျော်(ပြန်/ဆက်)**

# မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးခြင်းနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြောခြင်းဆောင်ရွက်



ညောင်လေးပင် ဇူလိုင် ၂၄

မြန်မာနိုင်ငံ စာရေးဆရာအသင်း (ညောင်လေးပင်မြို့နယ်) မှ မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးခြင်းနှင့် စာဖတ်ရှိန်မြှင့်တင်ရေးဟောပြောခြင်းကို ဇူလိုင်လ ၂၃ ရက်က ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့ရှိ လင်းရောင်သစ် ကိုယ်ပိုင်အထက်တန်းကျောင်း၌ ဆောင်ရွက်သည်။

ရှေးဦးစွာ မြန်မာနိုင်ငံစာရေးဆရာအသင်း (ဗဟို) အလုပ်အမှုဆောင်နှင့် ညောင်လေးပင်မြို့နယ် စာရေးဆရာအသင်းနာယကဆရာကြီး ဒေါက်တာမြင့်သန်း(ညောင်လေးပင်)က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး စိတ်ဓာတ်၊ စည်းကမ်း၊ ပညာခေါင်းစဉ်ဖြင့် စာပေရေးရာများကိုလည်းကောင်း၊ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဆရာဦးစိုးဝင်း (မောင်စုမြင်၊ ညောင်လေးပင်) က စိတ်ထားလေးလှဖို့ စာဖတ်ကြပါစို့ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်စာရေးဆရာအသင်းဝင် ဆရာဦးလှမြင့် (လှမြင့်ဦး၊ ညောင်လေးပင်) က ဘဝထဲကကဗျာ ကဗျာထဲကဘဝ ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြသည်။

ဆက်လက်၍ မြို့နယ်စာရေးဆရာအသင်းဝင် ဆရာဦးနေလင်း (နေလင်း၊ ညောင်လေးပင်)က ကိုယ်တိုင်ရေးစပ်သီကုံးထားသော ပန်းတို့ပွင့်ရာပညာ့ဥယျာဉ်ကဗျာဖြင့် ဂုဏ်ပြုရွတ်ဆိုသည်။ ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဒေါက်တာမြင့်သန်း (ညောင်လေးပင်) က သုတ/ရသစာအုပ်များ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စောသီတာက လက်ခံရယူခဲ့ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# စွန့်လွှတ်စွန့်စားမှုကိုအခြေခံကာ အောင်မြင်မှုဆီ ဆက်လှမ်းချီမယ့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်

ထက်မြတ်




“ငါတို့က အလုပ်သမားများ၊ လယ်သမားများရဲ့သားများဖြစ်သည်။ ငါတို့က ပြည်သူ့လက်ရုံးများဖြစ်သည်။ မကြောက်မရွံ့၊ နောက်မတွန့်၊ စွန့်လွှတ်တိုက်ခိုက်မည်.....”အစရှိတဲ့ စာသားများက တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရဲ့ စစ်ချီတေးတစ်ပုဒ်ထဲက စာသားများပဲဖြစ်ပါတယ်။ စစ်ချီတေးရဲ့ စာသားအပြည့်အစုံကို နားထောင်ကြည့်တဲ့အခါ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရယ်လို့ ပေါ်ထွန်းလာမှုမှာ တစ်စိတ်တစ်ပိုင်းပါဝင်တဲ့ စွန့်လွှတ်စွန့်စားစစ်သည်များရဲ့ ဇာတိသွေး၊ ဇာတိမာန်တို့ကို အတိုင်းသားမြင်တွေ့လိုက်ရပါတယ်။ နောက်ဆုံးမှာတော့ အမိမြေလွတ်မြောက်မှုအတွက်ရည်စူးကာ တိုက်ပွဲဝင်သွားမယ့် သန္နိဋ္ဌာန်စိတ်ဓာတ်က မချိုးကျိုးဘဲမနေနိုင်အောင်ကို ဖြစ်လာရပါတယ်။

ဒီစစ်ချီတေးကို ပထမဆုံးသီဆိုခဲ့သူများက အမှတ်(၈)လမ်းကြောင်းတပ်တော်မှ တိုက်ပွဲဝင်စစ်သည်များဖြစ်ပါတယ်။ ဒီစစ်ချီတေးဟာ အမှတ်(၈)လမ်းကြောင်းတပ်တော်ရဲ့စစ်ချီတေးခြောက်ပုဒ်အနက် တစ်ပုဒ်အပါအဝင်ဖြစ်ပြီး လက်ရှိတရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရဲ့တရားဝင်စစ်ချီတေးဆိုရင်လည်း မမှားပါဘူး။ ဒ့ါအပြင် ဒီစစ်ချီတေးကိုသီဆိုခဲ့တဲ့ အမှတ်(၈)လမ်းကြောင်းတပ်တော်ဆိုတာကလည်း တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ဖြစ်တည်လာဖို့အတွက် လမ်းခင်းပေးခဲ့သူလို့ဆိုနိုင်ပါတယ်။ ဒါပေမဲ့ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်အတွက် တပ်မတော်နေ့လို့ သတ်မှတ်ထားတဲ့ရက်နောက်ပိုင်း ၁၀ နှစ်အကြာမှာမှအမှတ်(၈)လမ်းကြောင်းတပ်တော်ဆိုတာဖြစ်တည်လာတာပါ။ ဒါဆိုရင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ဖြစ်တည်မှုအတွက် အမှတ်(၈)လမ်းကြောင်းတပ်တော်က ဘယ်လိုမျိုး လမ်းခင်းပေးခဲ့သလဲဆိုတာနဲ့ပတ်သက်ပြီး မေးခွန်းထုတ်စရာရှိပါတယ်။ ဒါကိုရှင်းပြပါမယ်။

၁၉၂၇ ခုနှစ် ဩဂုတ်လ ၁ ရက်မှာ နန်ချန်းအုံကြွမှု စတင်ဖြစ်ပွားပါတယ်။ ဖြစ်ရတဲ့အကြောင်းရင်းက တရုတ်နိုင်ငံမှာ အာဏာရထားတဲ့ ကူမင်တန်တို့က ကွန်မြူနစ်များကို ရှင်းလင်းသုတ်သင်ရေးလုပ်ငန်းများ စတင်လုပ်ဆောင်လာတဲ့အတွက် ကွန်မြူနစ်တို့ဘက်က လက်နက်ကိုင်တော်လှန်မှုကို စတင်လုပ်ဆောင်ခဲ့တာဖြစ်ပါတယ်။ အဲဒီနေ့ကို တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် စတင်သန္ဓေတည်ရာနေ့အဖြစ် သတ်မှတ်ခဲ့တာဖြစ်ပါတယ်။ ဒါက ဩဂုတ်လ ၁ ရက်တိုင်းကို ဘာကြောင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်နေ့အဖြစ် သတ်မှတ်ထားရတာလဲဆိုတဲ့အကြောင်းဖြစ်ပါတယ်။ နောက်တစ်ခုတင်ပြလိုတာက တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်ဆိုပြီး ပေါ်ပေါက်လာပုံပါ။

နန်ချန်းအုံကြွမှု စတင်ဖြစ်ပေါ်ပြီး နောက်တစ်နှစ်မှာ တပ်နီတော်ဆိုပြီး ပေါ်ပေါက်လာပါတယ်။ တရုတ်ကွန်မြူနစ်ပါတီက တည်ထောင်လိုက်တာပါ။ ဒါပေမဲ့ သူတို့က ပြောက်ကျားစနစ်ကိုသာ ကျင့်သုံးပြီး ကျေးရွာတွေကိုအခြေခံကာ စစ်အင်အားကို တည်ဆောက်ခဲ့ပါတယ်။ အထူးသဖြင့် လယ်သမားတွေ၊ အလုပ်သမားတွေပါဝင်ပါတယ်၊ ဒီလိုနဲ့ ၁၉၃၇ ခုနှစ်အရောက်မှာ တရုတ်ကွန်မြူနစ်ပါတီက အမှတ်(၈)လမ်းကြောင်းတပ်တော်ဆိုတဲ့ လက်နက်ကိုင်တပ်ဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းလိုက်ပါတယ်။ အမှတ်(၈)လမ်းကြောင်းတပ်တော်နဲ့အတူ အမှတ်(၄)တပ်တော်သစ်ကိုလည်း ဖွဲ့စည်းခဲ့ပါတယ်။

တရုတ်ကွန်မြူနစ်ပါတီရဲ့တပ်နီတော်မှာ စစ်လက်နက်ပစ္စည်းဖွဲ့စည်းပုံဟာ သာမန်မျှသာဖြစ်ပေမယ့် စိတ်ဓာတ်အရာမှာတော့ ထက်သန်လှတဲ့မျိုးချစ်စိတ်နဲ့ အတူမြင့်မားလှတဲ့ တိုက်ပွဲဝင်စိတ်ဓာတ်ကို ပိုင်ဆိုင်ထားတဲ့တပ်ဖွဲ့တစ်ခုပါ။ အဲဒီကနေမှတစ်ဆင့်ပြောင်းလဲလာတဲ့ အမှတ်(၈)လမ်းကြောင်းတပ်တော်နဲ့ အမှတ်(၄)တပ်တော်သစ်တို့ကတော့ စစ်လက်နက်ပစ္စည်းများကိုအဆင့်မြှင့်တင်ကာ စနစ်တကျဖွဲ့စည်းထားတဲ့ လက်နက်ကိုင်တပ်ဖွဲ့တစ်ခုဖြစ်ပါတယ်။ နောက်ပိုင်းမှာ အဲဒီတပ်ဖွဲ့နှစ်ခုကိုပေါင်းစည်းပြီး တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်အဖြစ် ဆင့်ကဲတိုးမြှင့်ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ဖြစ်တည်လာဖို့က မျိုးချစ်စိတ်နဲ့အတူ လွတ်လပ်သော နိုင်ငံတည်ထောင်ရေးအတွက် သန္နိဋ္ဌာန်စိတ်ကိုအခြေခံပြီး ပေါ်ပေါက်လာတာဖြစ်တယ်လို့ဆိုနိုင်ပါတယ်။

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်နေ့ရယ်ဆိုပြီး စတင်သတ်မှတ်လိုက်တာက ၁၉၂၇ ခုနှစ် ဩဂုတ်လ ၁ ရက်ဖြစ်ပါတယ်။ ဒါကြောင့် ဒီနှစ်ဆိုရင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရဲ့သက်တမ်းက နှစ်ပေါင်း ၉၈ နှစ်တောင်မှရှိလာပါပြီ။ ဒီကာလအတောအတွင်း တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်ဟာ အပြောင်းအလဲများစွာကိုရင်ဆိုင်ခဲ့ရပါတယ်။ စိန်ခေါ်မှုများစွာ၊ အခက်အခဲများစွာကိုလည်း ကျော်ဖြတ်ခဲ့ရပါတယ်။ လက်ရှိမှာလည်း စိန်ခေါ်မှုတွေကိုကျော်ဖြတ်နေဆဲပါ။ တစ်ဖက်မှာလည်း အဆင့်မြှင့်တင်မှုတွေကို လုပ်ဆောင်နေဆဲပါ။ ဒီအချိန်မှာ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်က ကမ္ဘာ့အဆင့်မီ တပ်မတော်တစ်ရပ်အဖြစ်ကို ရရှိပိုင်ဆိုင်လာပါပြီ။ ဒါတွေအားလုံးဟာ တရုတ်ကွန်မြူနစ်ပါတီရဲ့ ဦးဆောင်မှုကြောင့်လို့ ပြောရင်မမှားပါဘူး။ ယခင်တုန်းက ခြေလျင်တပ်ဖွဲ့ငယ်လေးတစ်ခုတည်းနဲ့ စတင်အခြေတည်ခဲ့တဲ့ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်က ယနေ့မှာ ကြည်းတပ်၊ ရေတပ်၊ လေတပ်၊ ဒုံးတပ်ဖွဲ့နဲ့ မဟာဗျူဟာမြောက်ထောက်ပံ့ရေးတပ်ဖွဲ့ဆိုတဲ့တပ်ဖွဲ့ကြီးငါးခုနဲ့ ဖွဲ့စည်းဖြစ်တည်လာပါတယ်။ တပ်ဖွဲ့ကြီးတစ်ခုစီကလည်း တရုတ်နိုင်ငံရဲ့အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရာနဲ့ ဒေသတွင်းတည်ငြိမ်အေးချမ်းရေးကို ထိန်းသိမ်းရာတို့မှာ အလွန်အရေးကြီးတဲ့ အခန်းကဏ္ဍကနေ ပါဝင်လာတာကို မြင်တွေ့ရပါတယ်။

တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်ကို ဒီနေ့လိုပုံစံနဲ့မြင်တွေ့ရဖို့အတွက် အဆင့်မြှင့်တင်မှုများစွာကို လုပ်ဆောင်ခဲ့ရပါတယ်။ ရင်းနှီးမြှုပ်နှံမှုများစွာကိုလည်း အသုံးပြုခဲ့ရပါတယ်။ မြင့်မားတဲ့ ရည်မှန်းချက်ကိုချမှတ်ပြီး အကောင်အထည်ဖော်မှုတွေလုပ်ဆောင်လာတာဖြစ်ပါတယ်။ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရဲ့ လက်ရှိရည်မှန်းချက်က ၂၀၄၉ ခုနှစ်မှာ ကမ္ဘာ့အဆင့်မီ တပ်မတော်တစ်ရပ်ဖြစ်လာစေရေးဖြစ်ပါတယ်။ ကမ္ဘာ့အဆင့်မီဆိုတာထက် ကမ္ဘာ့ထိပ်တန်းတပ်မတော်ဖြစ်လာစေရေးလို့ပြောရင် မမှားပါဘူး။ အဲဒီလိုမျိုး အဆင့်မြှင့်တင်မှုတွေထဲမှာ ဒုံးကျည်နည်းပညာတွေ၊ တိကျမှုရှိစွာတိုက်ခိုက်နိုင်တဲ့စွမ်းရည်တွေနဲ့ ပူးပေါင်းစစ်ဆင်ရေးလိုမျိုး အရေးကြီးတဲ့စစ်ရေးစွမ်းရည်တွေရရှိစေဖို့လည်း ပါဝင်ပါတယ်။ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရဲ့ ရေတပ်ဆိုရင် အခုလက်ရှိမှာကိုပဲ စစ်သင်္ဘောအရေအတွက်အင်အားအရ ကမ္ဘာ့အင်အားအကြီးဆုံးရေတပ်အဆင့်ကိုရောက်ရှိနေပါပြီ။

ဒီကနေ့ခေတ်က AI ကိုအသုံးချတဲ့ခေတ်ဖြစ်လာတဲ့အတွက် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်အနေနဲ့ နည်းပညာပိုင်းမှာ ခေတ်ရှေ့ကိုတောင်ရောက်နေပါပြီ။

**❒ မြန်မာနိုင်ငံနဲ့တရုတ်နိုင်ငံဆိုတာ အလွန်ရှည်လျားတဲ့နယ်နိမိတ်မျဉ်းတစ်လျှောက်မှာ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်နေကြတဲ့ အိမ်နီးချင်းနိုင်ငံများဖြစ်သလို ဘယ်လိုမှခွဲထုတ်လို့မရတဲ့ ညီရင်းအစ်ကိုဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို ထူထောင်ထားကြတာပါ။ ဒါကြောင့်လည်း နှစ်နိုင်ငံခေါင်းဆောင်တွေ၊ တပ်မတော်အကြီးအကဲတွေဟာ တစ်ဦးနဲ့တစ်ဦးမိသားစုသဖွယ်ဆက်ဆံရေးနဲ့အတူ လျှောက်လှမ်းခဲ့ကြတာဖြစ်ပါတယ်။**

စာမျက်နှာ ၁၂ သို့●

● စာမျက်နှာ ၁၁ မှအဆက်

စွမ်းဆောင်ရည်မြင့်မားလှတဲ့ စက်ရုပ်တွေ၊ ထိန်းချုပ်သူမဲ့ စစ်လက်နက်ပစ္စည်းတွေဆိုရင်လည်း တရုတ်နိုင်ငံက ခေတ်ရှေ့ပြေးနေတာကို တွေ့ရပါတယ်။ တခြားသော စစ်လက်နက်ပစ္စည်းပိုင်ဆိုင်မှု အပိုင်းကိုတော့ တခုတ်တရထည့်သွင်းပြောစရာမလိုလောက်အောင်ကိုပြည့်စုံနေပါပြီ။ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်အနေနဲ့အခုလိုမျိုး အောင်မြင်မှုတွေ၊ အဆင့်မြင့်တင်မှုတွေရရှိလာရခြင်းရဲ့ အဓိကအကြောင်းရင်းက စစ်ဘက်-အရပ်ဘက်ပေါင်းစပ်ဆောင်ရွက်မှု မဟာဗျူဟာကြောင့်ဖြစ်တယ်လို့ ဆိုရမှာပါ။ လုံခြုံရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးစနစ်တွေကို ပေါင်းစပ်အမျိုးသားမဟာဗျူဟာမြောက်စနစ်နဲ့ စွမ်းဆောင်ရည်များထဲ ပေါင်းစပ်ထည့်သွင်းလိုက်ခြင်းအားဖြင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရဲ့ ရည်မှန်းချက်များကို ရရှိလာစေတာဖြစ်တယ်လို့ လေ့လာသူများက သုံးသပ်ထားပါတယ်။

တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော်ဟာ ကမ္ဘာ့အဆင့်မီတပ်မတော်တစ်ရပ်ဖြစ်လာတာနဲ့အညီ ပြည်တွင်းမှာသာမက ပြည်ပရေးရာကိစ္စများမှာလည်း အားတက်သရော ပါဝင်ဆောင်ရွက်လာပါတယ်။ အထူးသဖြင့် သဘာဝဘေးအန္တရာယ်ဖြစ်ပွားရာ နေရာတွေမှာ ကူညီကယ်ဆယ်ရေးကိုသာမက လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့မှုများကို ပေးအပ်လျက်ရှိပါတယ်။ ဒါ့အပြင် နိုင်ငံတကာရေးရာကိစ္စရပ်များမှာလည်း နိုင်ငံတကာအသိုင်းအဝိုင်းနဲ့အတူ ပူးပေါင်းပါဝင်လက်တွဲပြီး ကမ္ဘာကြီးတည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်




ရေးတို့ကို အကောင်အထည်ဖော်နေတာကိုလည်းတွေ့ရပါတယ်။ ဒါဟာ ကမ္ဘာ့အဆင့်မီတပ်မတော်တစ်ရပ်ရဲ့ သမိုင်းပေးတာဝန်ကို ကျေပွန်အောင်ထမ်းဆောင်တာလည်းဖြစ်ပါတယ်။ အခုဆက်ပြီးတော့ မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံတို့ကြား တပ်မတော်နှစ်ရပ်ရဲ့ပူးပေါင်းဆောင်ရွက်မှုအကြောင်းကို တင်ပြချင်ပါတယ်။

**မြန်မာ-တရုတ် တပ်မတော်နှစ်ရပ်ကြား ပူးပေါင်းဆောင်ရွက်မှု**

မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံတို့က အိမ်နီးချင်းနိုင်ငံတွေထဲမှာ နယ်နိမိတ်ထိစပ်မှု အရှည်လျားဆုံးဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွက် တရုတ်နိုင်ငံဟာ အရေးကြီးတဲ့အိမ်နီးချင်း ကမ္ဘာ့အင်အားကြီးနိုင်ငံတစ်ခုဖြစ်တဲ့အပြင် တရုတ်နိုင်ငံအတွက် မြန်မာနိုင်ငံဟာလည်း ပထဝီနိုင်ငံရေးအရ အလေးထားရတဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်။ ဒါကြောင့်လည်း နှစ်နိုင်ငံစလုံးက အပြန်အလှန်ချစ်ကြည်ရင်းနှီးမှု၊ ယုံကြည်စိတ်ချရမှုတို့ကို ပိုမိုခိုင်မာအောင် တည်ဆောက်နေကြတာဖြစ်ပါတယ်။ မြန်မာနဲ့တရုတ်ဟာ ယဉ်ကျေးမှုလည်းတူ၊ တောတောင်ရေမြေသဘာဝအလှတွေလည်းတူ နှစ်နိုင်ငံသမိုင်းကြောင်းတွေလည်း တူညီမှုရှိကြပါတယ်။

မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံဆိုတာ အလွန်ရှည်လျားတဲ့ နယ်နိမိတ်မျဉ်းတစ်လျှောက်မှာ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်နေကြတဲ့ အိမ်နီးချင်းနိုင်ငံများဖြစ်သလို ဘယ်လိုမှခွဲထုတ်လို့မရတဲ့ ညီရင်းအစ်ကို ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို ထူထောင်ထားကြတာပါ။ ဒါကြောင့်လည်း နှစ်နိုင်ငံခေါင်းဆောင်တွေ၊ တပ်မတော်အကြီးအကဲတွေဟာ တစ်ဦးနဲ့တစ်ဦး မိသားစုသဖွယ်ဆက်ဆံရေးနဲ့ အတူလျှောက်လှမ်းခဲ့ကြတာဖြစ်ပါတယ်။

အလားတူပဲ မြန်မာ့တပ်မတော်နဲ့ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်တို့ကလည်း အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုကို တစ်ဆင့်ပြီးတစ်ဆင့် မြှင့်တင်လာနိုင်ခဲ့ပါတယ်။ ဒါကြောင့် မြန်မာ-တရုတ် တပ်မတော်နှစ်ရပ်ကြား ပူးပေါင်းဆောင်ရွက်မှုဟာ ဒေသတွင်းပထဝီနိုင်ငံရေးအတွက်လည်း များစွာအရေးပါအရာရောက်တဲ့ အနေအထားမှာရှိနေပါတယ်။ ဒါ့အပြင် နှစ်နိုင်ငံမှ အဆင့်မြင့်အရာရှိကြီးများက အပြန်အလှန် ချစ်ကြည်ရေးခရီးများ သွားရောက်လည်ပတ်ကြသလို ထိုခရီးစဉ်များအတွင်း များပြားလှစွာသော သဘောတူညီချက်များရရှိခြင်းတို့ဟာ တပ်မတော်နှစ်ရပ်ကြား ရင်းနှီးမှုနဲ့အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများကို မြင့်မားတိုးတက်စေခဲ့တာဖြစ်ပါတယ်။

နှစ်နိုင်ငံကြားထိစပ်နေတဲ့ နယ်နိမိတ်ရှည်လျားတဲ့အလျှောက် နယ်စပ်ဒေသများမှာဖြစ်ပွားလေ့ရှိတဲ့ တရားမဝင်ကိစ္စတွေ၊ မှောင်ခိုကူးမှုတွေကိုတိုက်ဖျက်ဖို့အတွက် တပ်မတော်နှစ်ရပ်ကြားပူးပေါင်းပြီး ကင်းလှည့်ခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့် မြန်မာ့တပ်မတော်နဲ့ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်တို့ကြားက ဆက်ဆံရေးဟာ သာမန်ဆက်ဆံရေးထက်ပိုတဲ့ မဟာဗျူဟာမြောက် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုအဆင့်အထိ တက်လှမ်းလာနေတာဖြစ်ပါတယ်။

အစကနေပြန်ကောက်ရရင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ဖြစ်တည်မှုမှာ နိုင်ငံကိုချစ်တဲ့စွန့်လွှတ်စွန့်စားတဲ့စိတ်ဓာတ်ကို အခြေခံခဲ့တာဖြစ်ပါတယ်။ ဒီလိုအခြေခံမှုနဲ့အတူ တရုတ်ကွန်မြူနစ်ပါတီရဲ့ မှန်ကန်တဲ့ဦးဆောင်မှုအောက်မှာ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်က ကမ္ဘာ့အဆင့်မီတပ်မတော်အဖြစ်ကို ရောက်ရှိလာတာပါ။ အခုဆိုရင် နှစ်ပေါင်း ၉၈ နှစ် တောင်ရှိသွားပါပြီ။ သိပ်မကြာခင်အချိန်မှာ ရာပြည့်တပ်မတော်နေ့ဆိုတာကိုလည်း ဖြတ်သန်းရတော့မှာဖြစ်ပါတယ်။ နှစ်တွေဘယ်လိုပင်ပြောင်းပါစေ၊ ရာသီတွေဘယ်လိုပင်ဟောင်းပါစေ စွန့်လွှတ်စွန့်စားမှုတို့နဲ့အတူ ဖွဲ့စည်းတည်ထောင်ခဲ့တဲ့ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်က အမြဲတမ်းသစ်လွင်မှုတွေနဲ့အတူ တက်ကြွမှုတွေကတော့ ၁၉၂၇ ခုနှစ်ကလိုမျိုး စိတ်ဓာတ်ရှိနေဆဲပါပဲ။ ဒီစိတ်ဓာတ်ကြောင့်ပဲ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရဲ့တည်ရှိမှုက ရာစုနှစ်မှသည် ထောင်စုနှစ်ထိတိုင် ခိုင်မြဲနေဦးမှာဖြစ်ကြောင်း ရေးသားလိုက်ရပါတယ်။ ။

## မျက်စိဝေဒနာရှင်များအား မျက်စိကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် မျက်စိခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေး



ပဲခူး ဇူလိုင် ၂၄

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ ဦးဆောင်မှုဖြင့် ပဲခူးမြို့ ခုတင်-၅၀၀ ဆံ့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး အောင်သုခဆေးကုသဆောင်၌ တိုင်းဒေသကြီးအတွင်းရှိ မျက်စိဝေဒနာရှင်များအား မျက်စိကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် မျက်စိခွဲစိတ်ကုသပေးခြင်းကို ဇူလိုင်လ ၂၂ ရက်မှစတင်၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ဇူလိုင်လ ၂၃ ရက်နံနက်ပိုင်းတွင် ပဲခူးမြို့ ခုတင်-၅၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးသို့သွားရောက်ပြီး မျက်စိဝေဒနာရှင်များနှင့်ဆေးရုံစောင့်လူနာများကို သွားရောက်ကြည့်ရှုအားပေးကာ လာရောက်ပြသသည့်မျက်စိဝေဒနာရှင်ဆရာတော်ကြီးများနှင့်သာသနာ့နွယ်ဝင်သီလရှင်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး မျက်စိဝေဒနာရှင်များအား နေ့လယ်စာကျွေးမွေးသည်။

ထို့နောက်ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ ဇူလိုင်လ ၂၄ ရက်နံနက်ပိုင်းတွင် ပဲခူးမြို့ ခုတင်-၅၀၀ ဆံ့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး အောင်သုခဆေးကုသဆောင်သို့ရောက်ရှိပြီး မျက်စိခွဲစိတ်ကုသမှုခံယူထားသည့် ဆရာတော်ကြီးခြောက်ပါးနှင့် သီလရှင်တစ်ပါးတို့အား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့်ဆေးမျက်မှန်တို့ကိုလည်းကောင်း၊ လူပုဂ္ဂိုလ် ၃၇ ဦးအတွက် ကြက်ဥ၊ အာဟာရမုန့်နှင့်ဆေးမျက်မှန်တို့ကိုလည်းကောင်း တပ်ဆင်ပေးအပ်သည်။

ယင်းနောက် ခွဲစိတ်ကုသပေးခဲ့သည့် ပဲခူးမြို့ ခုတင်-၅၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးမှ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာကိုဦးနှင့်ကျန်းမာရေးဝန်ထမ်းများအတွက်ဂုဏ်ပြုငွေများပေးအပ်သည်။

ပဲခူးမြို့ ခုတင်-၅၀၀ ဆံ့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး အောင်သုခဆေးကုသဆောင်၌ တိုင်းဒေသကြီးအတွင်းရှိ မျက်စိဝေဒနာရှင် ၁၂၉ ဦးလာရောက်ပြသပြီး ၎င်းတို့အနက်မှ အတွင်းတိမ်နှင့် ရေတိမ်မျက်စိဝေဒနာရှင် ၄၄ ဦးအား မျက်စိအလင်းပြန်လည်ရရှိအောင် ခွဲစိတ်ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

**(၄၀၁)၊ တင်စိုး(ပဲခူး)**

## မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာဆင့်ပွားသင်တန်းဖွင့်လှစ်

ပေါင် ဇူလိုင် ၂၄

မွန်ပြည်နယ် ပေါင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝါရီရှုခန်းမ၌ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာဆင့်ပွားသင်တန်းနှင့်လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းအခမ်းအနားကို ဇူလိုင်လ ၂၄ ရက်နံနက်ပိုင်းတွင်ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစီးအရာရှိဒေါ်ဂျူးနီတာဇော်က မြန်မာအီလက်ထရောနစ်မဲပေးစက်အသုံးပြုခြင်းဆိုင်ရာ ကိုင်တွယ်ထိန်းသိမ်းနည်းသင်တန်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်း ပြုလုပ်ခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် အီလက်ထရောနစ်မဲပေးစက်ဖွဲ့စည်းတည်ဆောက်ပုံ၊ အီလက်ထရောနစ်မဲပေးစက်များစစ်ဆေးခြင်း၊ ရွေးကောက်ပွဲနေ့မတိုင်မီ မဲရုံတွင် မဲပေးစက်များကြိုတင်ပြင်ဆင်ခြင်းနှင့် စမ်းသပ်ခြင်း၊ ရွေးကောက်ပွဲကျင်းပမည့်နေ့တွင် စမ်းသပ်မဲပေးခြင်း၊ မဲပေးချိန်တွင် မဲပေးစက်များကိုင်တွယ်ခြင်း၊ အရန်စက်လဲလှယ်ရန်အခြေအနေ၊ မဲရေတွက်ခြင်း၊ မဲပေးနေစဉ်အတွင်း အရေးပေါ်ကိစ္စရပ်များ ဖြစ်ပေါ်လာပါက ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ဆန္ဒမဲဖြတ်ပိုင်းများ ရေတွက်ရမည့်အခြေအနေ စသည့်အကြောင်းအရာများကို ဇူလိုင်လ ၂၄ ရက်မှ ၂၇ ရက်အထိ သင်တန်းသား၊ သင်တန်းသူ ၆၅၇ ဦးအား သင်တန်းဆရာရှစ်ဦးတို့က သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**

### သဇင်(FM)အသံလွှင့်အစီအစဉ် ၂၅-၇-၂၀၂၅(သောကြာနေ့)

၁။ ၀၈:၀၀ For Youth
၂။ ၁၀:၀၀ သတင်း/သီချင်း
၃။ ၁၃:၀၀ တိုင်းရင်းသားစကားပြောကြရအောင်
၄။ ၁၇:၀၀ ထူးခြားထင်ရှားကမ္ဘာတစ်လွှား
၅။ ၁၉:၀၀ စစ်သည်ကဏ္ဍ
၆။ ၂၁:၂၀ စာလာတယ်ဖျို့

# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပ




**နေပြည်တော် ဇူလိုင် ၂၄**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယအကြိမ်မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနရုံးမြေဧရိယာအတွင်း၌ ကျင်းပသည်။

သစ်ပင်စိုက်ပွဲသို့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူး၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ အမြဲတမ်းအတွင်းဝန်နှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ၂၀၂၅ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအထိမ်းအမှတ်အဖြစ် ကံ့ကော်ပင်များကို ဦးဆောင်စိုက်ပျိုးပေးကြပြီး အမြဲတမ်းအတွင်းဝန်နှင့် အရာထမ်း၊ အမှုထမ်းများက သတ်မှတ်နေရာများ၌ ကံ့ကော်၊ ပိတောက်၊ သပြေဘူတ၊ ခရေ၊ ကျွန်း၊ မန်ကျည်းရှားစသည့်အပင်များကို စိုက်ပျိုးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် Modular House များသို့ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ အပြီးသတ်ပြောင်းရွှေ့နေထိုင်မှု၊ လျှပ်စစ်မီးတပ်ဆင်ထားရှိမှု၊ နားနေဆောင်၊ ရေချိုးခန်း၊ အိမ်သာများ စနစ်တကျရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ ဝန်ထမ်းများကို ကြက်ဥနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြဝတီ

# ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ဝန်ထမ်းသားသမီးများအား မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို)ကလှူဒါန်းသော ကျောင်းသုံးဗလာစာအုပ်များနှင့် ပညာရေးအလှူငွေပေးအပ်ခြင်းအခမ်းအနားကျင်းပ




နေပြည်တော် ဇူလိုင် ၂၄

၂၀၂၅ - ၂၀၂၆ ပညာသင်နှစ်အတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးဦးစီးဌာနများနှင့် ပြည်ထောင်စုနယ်မြေအတွင်းရှိ စာရင်းစစ်ရုံးများရှိ ဝန်ထမ်းသားသမီးများအတွက် မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို)မှလှူဒါန်းသည့် ကျောင်းသုံးဗလာစာအုပ်များနှင့် ပညာရေးအလှူငွေပေးအပ်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ကျင်းပရာ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး တက်ရောက်လက်ခံသည်။

ဦးစွာ မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးတင်ဦးက လှူဒါန်းရခြင်းရည်ရွယ်ချက်နှင့်စပ်လျဉ်းသည့် အမှာစကားကို Online မှ တက်ရောက်ပြောကြားပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်က ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ဝန်ထမ်းသားသမီးများအတွက် ကျောင်းသုံးဗလာစာအုပ်ဒါဇင် ၁၀၀ နှင့် ပညာရေးအလှူငွေကျပ်သိန်း ၅၀ ကို ပေးအပ်လှူဒါန်းခဲ့ကြသည့် အလှူရှင်များကို ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာကိုပေးအပ်ရာ မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းကိုယ်စား အမြဲတမ်းအတွင်းဝန်က လက်ခံရယူသည်။

ထို့နောက် ဒုတိယစာရင်းစစ်ချုပ်က မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌနှင့်ဒုတိယဥက္ကဋ္ဌများက ပေးအပ်လှူဒါန်းသည့် ပညာရေးအလှူငွေအတွက် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခြင်းကို အလှူရှင်များကိုယ်စား ဦးစီးဌာနများရှိ ညွှန်ကြားရေးမှူးချုပ်များက လက်ခံရယူသည်။

ယင်းနောက် ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များက ကျောင်းသား၊ ကျောင်းသူ သားငယ် သမီးငယ်များကိုလှူဒါန်းသည့်ကျောင်းသုံးဗလာစာအုပ်များနှင့် ပညာရေးအလှူငွေများ ပေးအပ်ရာ ကျောင်းသား၊ ကျောင်းသူများကိုယ်စား Naypyitaw State Polytechnic University တွင် ပညာသင်ကြားလျက်ရှိသည့် ပထမနှစ်ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ပညာသင်ကြားလျက်ရှိသော ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ပြည်ထောင်စုနယ်မြေအတွင်းရှိ စာရင်းစစ်ရုံးများမှ ဝန်ထမ်းသားသမီးများဖြစ်သည့် တက္ကသိုလ်တက်ရောက်သူ ငါးဦး၊ အထက်တန်းတက်ရောက်သူ ၁၆ ဦး၊ အလယ်တန်းတက်ရောက်သူ ၃၁ ဦး၊ မူလတန်းတက်ရောက်သူ ၇၆ ဦး စုစုပေါင်း ၁၂၈ ဦးအတွက် ကျောင်းသုံးဗလာစာအုပ်များနှင့်ပညာရေးအလှူငွေကို ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်းသိရသည်။

မြဝတီ

# တောင်သူများအား ဓာတ်မြေဩဇာ၊ မျိုးစေ့ချကိရိယာ (Seeder)၊ ဆိုလာနှစ်ချပ်တွဲ ၆ လက်မရေတင်ပန့်နှင့် ဆိုလာ ၁၄ ချပ်တွဲ အနိမ့်တင်ရေတင်စက်ပေးအပ်

**ရန်ကုန် ဇူလိုင် ၂၄**

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးစပါးစိုက်ပျိုးသည့် လှည်းကူးမြို့နယ်၊ မှော်ဘီမြို့နယ်နှင့် ထန်းတပင်မြို့နယ်တို့ရှိ သမဝါယမအသင်းသားတောင်သူများအား သွင်းအားစုပေးအပ်ပွဲနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ မိုးစပါးစိုက်ပျိုးသည့် တောင်သူများသို့ ဓာတ်မြေဩဇာ၊ မျိုးစေ့ချကိရိယာ (Seeder)၊ ဆိုလာနှစ်ချပ်တွဲ ၆ လက်မရေတင်ပန့်နှင့် ဆိုလာ ၁၄ ချပ်တွဲ အနိမ့်တင်ရေတင်စက်ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် လှည်းကူးမြို့နယ် ရဲမွန်ကျေးရွာအုပ်စုရှိ GBS ဝင်း၌ ကျင်းပသည်။




အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တာဝန်ရှိသူများနှင့်အတူ လှည်းကူးမြို့နယ်၊ မှော်ဘီမြို့နယ်နှင့် ထန်းတပင်မြို့နယ်တို့ရှိ တောင်သူများအတွက် သွင်းအားစုဓာတ်မြေဩဇာနှင့်မျိုးစေ့ချကိရိယာ(Seeder)၊ အနိမ့်တင်ဆိုလာရေတင်စက်နှင့် ရေတင်ပန့်များကိုပေးအပ်ရာ တောင်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အခမ်းအနားအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခင်းကျင်းပြသထားသည့် စိုက်ပျိုးရေးသုံးသွင်းအားစုများ၊ စိုက်ပျိုးရေးသုံးစက်ပစ္စည်းများနှင့် ဆိုလာများကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ သာကေတမြို့နယ် ရေဝဏ်လမ်းရှိ U Energy သဘာဝဓာတ်ငွေ့စက်ရုံတွင်ကျင်းပသည့် “စိတ်ချင်းယှက်နွယ် ယူနန်အစီအစဉ်”မှ ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်အတွက် ဆိုလာလမ်းမီးနှင့် လမ်းမီးတိုင် စီမံကိန်းဖွင့်ပွဲသို့ တက်ရောက်သည်။

ဖွင့်ပွဲတွင် မြန်မာနိုင်ငံအခြေစိုက် ယူနန်ပြည်နယ် စီးပွားကူးသန်းရောင်းဝယ်ရေးကိုယ်စားလှယ်ရုံးတာဝန်ခံ မစ္စတာကောင်းဝေက စီမံကိန်းအကြောင်းမိတ်ဆက်ပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံမှူးကြီး မစ္စတာကျန့်ကျစ်ဟုန်က သာကေတမြို့နယ်အတွက် ဆိုလာလမ်းမီးနှင့် လမ်းမီးတိုင်စီမံကိန်းစတင်ခြင်း အထိမ်းအမှတ်ဆိုင်းဘုတ်အား ပေးအပ်ရာ သာကေတမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူက လက်ခံရယူသည်။

“စိတ်ချင်းယှက်နွယ် ယူနန်အစီအစဉ်” စီမံကိန်းဖြင့် သာကေတမြို့နယ်အတွင်း ဆိုလာလမ်းမီးနှင့် လမ်းမီးတိုင် အစုံ ၄၀ တပ်ဆင်ပေးမည်ဖြစ်ကြောင်း သိရသည်။

ခွဲထက်ကို(ပြန်/ဆက်)

## သံလွင်မြစ်ရေ ဘားအံမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၂၄**

ယနေ့နံနက် ၁၁ နာရီခွဲအချိန် တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၂ ပေခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၄-၇-၂၀၂၅

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ကော့ကရိတ် | ၈ | ဒသမ | ၂၇ | လက်မ | သာပေါင်း | ၄ | ဒသမ | ၇၅ | လက်မ |
| မုဒုံ | ၆ | ဒသမ | ၄၆ | လက်မ | ကျိုက္ခမီ | ၄ | ဒသမ | ၇၅ | လက်မ |
| ရွှေကျင် | ၆ | ဒသမ | ၄၂ | လက်မ | ဖျာပုံ | ၃ | ဒသမ | ၈၂ | လက်မ |
| ကျိုက်မရော | ၅ | ဒသမ | ၅၅ | လက်မ | ရွှေဘို | ၃ | ဒသမ | ၇၀ | လက်မ |
| မဒေါက် | ၅ | ဒသမ | ၀၀ | လက်မ | ပုသိမ် | ၃ | ဒသမ | ၃၅ | လက်မ |
| | | | | | မော်လမြိုင် | ၃ | ဒသမ | ၃၁ | လက်မ |

# တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်တည်ထောင်သည့် (၉၈)နှစ်မြောက် အခမ်းအနားကျင်းပ



ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းအား မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia က ရင်းရင်းနှီးနှီး ကြိုဆို နှုတ်ဆက်စဉ်။

**နေပြည်တော်　ဇူလိုင် ၂၄**

တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်တည်ထောင်သည့် (၉၈) နှစ်မြောက်အခမ်းအနားကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ရှိ Novotel Max ဟိုတယ်၌ ကျင်းပရာ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် ဇနီး တက်ရောက်သည်။

ဦးစွာ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် အဖွဲ့ဝင်များသည် အဆိုပါအခမ်းအနားကျင်းပသည့် နေရာသို့ရောက်ရှိကြရာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E. Ms. Ma Jia၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်စစ်သံမှူး Senior Colonel Qu Zhe နှင့်ဇနီး၊ တာဝန်ရှိသူတို့က ရင်းရင်းနှီးနှီးကြိုဆို နှုတ်ဆက်ကြပြီး ခန်းမအတွင်းပြသထားသော မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

အစီအစဉ်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သီချင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတော်သီချင်းတို့ဖြင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် တည်ထောင်သည့် (၉၈) နှစ်မြောက်အခမ်းအနားကိုစတင်ဖွင့်လှစ်ပြီး တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်၏ မှတ်တမ်းဗီဒီယိုကို ပြသသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်စစ်သံမှူး Senior Colonel Qu Zhe က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး၊ တရုတ်စစ်သံမှူးနှင့်ဇနီးတို့က တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်တည်ထောင်သည့် (၉၈)နှစ်မြောက် အထိမ်းအမှတ်ကိတ်မုန့်ကိုလှီးဖြတ်ပေးကြပြီး အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီးနှင့် တရုတ်စစ်သံမှူးတို့က အခမ်းအနားသို့ တက်ရောက်လာကြသူများအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

အဆိုပါအခမ်းအနားသို့ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်၎င်းတို့၏ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(၁၀၀)




ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E. Ms. Ma Jia တို့ အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ အမှတ်တရစုပေါင်း ဓာတ်ပုံရိုက်စဉ်။

# နောင်ချိုမြို့၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအပ်လက်ခံခြင်းနှင့် ယာယီဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်




နောင်ချိုမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအပ်လက်ခံနေမှုကို တွေ့ရစဉ်။



နောင်ချိုမြို့ ယာယီဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်နေမှုကို တွေ့ရစဉ်။

**နေပြည်တော်　ဇူလိုင် ၂၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများကြောင့် တစ်နှစ်နီးပါးပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများကို အမြန်ဆုံးပြန်လည်ဖွင့်လှစ်ပြီး ပညာသင်ကြားနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိရာ နောင်ချိုမြို့၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ဇူလိုင်လ ၂၂ ရက်မှစတင်၍ ကျောင်းအပ်လက်ခံပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း ကျောင်းသား၊ ကျောင်းသူ ၃၀ ဦး လာရောက်ကျောင်းအပ်နှံကြပြီး ကျောင်းအပ်နှံမှုအဆင်ပြေချောမွေ့စေရန်အတွက် တပ်မတော်သားများ၊ ဆရာ၊ ဆရာမများ၊ ပညာရေးဝန်ထမ်းများနှင့် ဒေသခံမိဘပြည်သူများအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြသည်။ အဆိုပါကျောင်းအပ်နှံရေးနေ့ကို ဇူလိုင်လ ၂၂ ရက်မှ ယနေ့အထိ သတ်မှတ်ထားပြီး ယနေ့အထိ ကျောင်းသား၊ ကျောင်းသူ ၄၅၆ ဦး လာရောက်အပ်နှံထားကြောင်း သိရှိရသည်။ ထိုသို့ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ၊ သန့်ရှင်းသပ်ရပ်စွာနှင့် လုံခြုံစွာ ပညာသင်ကြားနိုင်ရေးအတွက် တပ်မတော်သားများက လိုအပ်သည့်မိုင်းရှင်းလင်းရေး၊ လုံခြုံရေးနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးထားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် နောင်ချိုမြို့သို့ ပြန်လည်ဝင်ရောက်နေထိုင်လျက်ရှိသည့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် မြနန်းတော်ဝင်မင်္ဂလာခန်းမ၌ တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများပူးပေါင်း၍ ယာယီဆေးရုံဖွင့်လှစ်ပြီး ဆေးကုသပေးခြင်းများဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ဒေသခံတိုင်းရင်းသားပြည်သူ ၁၂၁ ဦးတို့ကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်ပေးကြသည်။

၎င်းအပြင် နောင်ချိုမြို့ပေါ်ရှိ ပြည်သူ့ဆေးရုံကြီး အချိန်မီပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဌာနဆိုင်ရာဝန်ထမ်းများက ဆေးရုံပတ်ဝန်းကျင်ရှိ ချုံနွယ်ပေါင်းမြက်များအား ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေးအတွက်ရေမြောင်းများတူးဖော်ဆယ်တင်ပေးခြင်းနှင့် သန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်းသတင်းရရှိသည်။ (၁၀၀)



ဌာနဆိုင်ရာဝန်ထမ်းများက ဆေးရုံပတ်ဝန်းကျင်ရှိ ချုံနွယ်ပေါင်းမြက်များအား ခုတ်ထွင်ရှင်းလင်းခြင်းဆောင်ရွက်ပေးစဉ်။

# တရုတ်နိုင်ငံတကာဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (CIDCA) ဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေး




နေပြည်တော် ဇူလိုင် ၂၄

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် တရုတ်နိုင်ငံတကာဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (CIDCA) ဥက္ကဋ္ဌ Mr. Chen Xiaodong ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့သည် ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ Park Royal Hotel ၌ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံပွဲတွင် မန္တလေးငလျင်ကြီးအလွန် ပြန်လည်ထူထောင်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တရုတ်နိုင်ငံတကာဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီက ကူညီပံ့ပိုးပေးနိုင်မည့်အခြေအနေ၊ မြန်မာအစိုးရနှင့် CIDCA တို့အကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်သွားရေး၊ ဆောက်လုပ်ရေး၊ ကျန်းမာရေး၊ အခြေခံအဆောက်အအုံနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကဏ္ဍများ၌ ဦးစားပေးအကောင်အထည်ဖော်လိုသည့် စီမံကိန်းများ၊ မြန်မာနိုင်ငံနှင့်တရုတ်နိုင်ငံအကြား ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှု ပိုမိုနက်ရှိုင်းစေရန်နှင့်မဟာဗျူဟာကျသည့် ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် အေးအတူပူအမျှ အသိုက်အဝန်းထူထောင်မှု အရှိန်အဟုန်ကို ဆက်လက်မြှင့်တင်သွားရေးတို့ကိုဆွေးနွေးကြသည်။

အစည်းအဝေးသို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး၊ CIDCA မှ တာဝန်ရှိသူများနှင့် တရုတ်သံရုံးမှ သံတမန်များ တက်ရောက်ကြသည်။

အစည်းအဝေးအပြီးတွင် ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တရုတ်နိုင်ငံတကာ ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီဥက္ကဋ္ဌတို့က လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းနှင့် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တရုတ်နိုင်ငံတကာ ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီဥက္ကဋ္ဌတို့က တရုတ်-မြန်မာ ချစ်ကြည်ရေးအဆင့်မြင့် အထူးကုဆေးရုံကြီးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဖြစ်နိုင်ခြေလေ့လာသုံးသပ်မှုအတွက် စာလွှာလက်မှတ်ရေးထိုးလဲလှယ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

မြဝတီ

# တရုတ်နိုင်ငံတကာဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီဥက္ကဋ္ဌ ဦးဆောင်သောကိုယ်စားလှယ် အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် လက်ခံတွေ့ဆုံ



နေပြည်တော် ဇူလိုင် ၂၄

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် တရုတ်နိုင်ငံတကာဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (CIDCA) ဥက္ကဋ္ဌ Mr. Chen Xiaodong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် Park Royal Hotel ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် မန္တလေးငလျင်ကြီးဖြစ်ပွားခဲ့မှုကြောင့် ထိခိုက်ပျက်စီးမှုများအတွက် တရုတ်နိုင်ငံအစိုးရ၏ လူသားချင်းစာနာထောက်ထားမှု၊ အကူအညီအထောက်အပံ့များ အချိန်နှင့်တစ်ပြေးညီ ပေးအပ်ခဲ့မှု၊ ငလျင်အလွန်ပြန်လည်ထူထောင်ရေးစီမံကိန်းများ၊ နှစ်နိုင်ငံလူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များနှင့် ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ CIDCA ၏ ဒေသရေးရာဌာန ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဌာန ညွှန်ကြားရေးမှူးချုပ်၊ ကိုယ်စားလှယ်များနှင့် တရုတ်သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်းသိရသည်။

မြဝတီ

# တီမောလက်စ်တေသံရုံးမှ သံရုံးယာယီတာဝန်ခံအား ဒုတိယဝန်ကြီး ဦးကိုကိုကျော် တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၄

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်သည် ရန်ကုန်မြို့အခြေစိုက် တီမောလက်စ်တေသံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Olandino Ruide Andrade အား ယနေ့မွန်းလွဲ ၂ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် တီမောလက်စ်တေသံရုံးယာယီတာဝန်ခံက တီမောလက်စ်တေနိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံးနှင့် ကောင်းမွန်သောဆက်ဆံရေးထူထောင်လိုကြောင်း၊ တီမောလက်စ်တေနိုင်ငံမှ အာဆီယံသို့ အဖွဲ့ဝင်ဖြစ်ရေးကြိုးပမ်းဆောင်ရွက်ရာတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံး၏ အားပေးထောက်ခံမှုကိုရရှိလိုကြောင်း၊ တီမောလက်စ်တေနိုင်ငံအနေဖြင့် အာဆီယံပဋိညာဉ်စာတမ်းပါပြဋ္ဌာန်းချက်များအားလုံးကို လေးစားလိုက်နာသွားမည်ဖြစ်ကြောင်း ထပ်လောင်းအတည်ပြုပြောကြားသည်။ ထို့ပြင် တီမောလက်စ်တေသံရုံးယာယီတာဝန်ခံက မြန်မာနိုင်ငံနှင့် တီမောလက်စ်တေနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုကို တိုးမြှင့်ရန်အတွက် ၎င်းတို့အနေဖြင့် ဆန္ဒရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တီမောလက်စ်တေနိုင်ငံ၏မြို့တော်ဒီလီ၌ သံရုံးလာရောက်ဖွင့်လှစ်စေလိုကြောင်း မေတ္တာရပ်ခံပြောကြားသည်။

ဒုတိယဝန်ကြီးက တီမောလက်စ်တေနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့်နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရန်ဆန္ဒရှိမှုကို သိရှိရသည့်အတွက် ဝမ်းမြောက်ကြောင်း၊ တီမောလက်စ်တေ နိုင်ငံခြားရေးဝန်ကြီးအနေဖြင့် မြန်မာနိုင်ငံသို့ လာရောက်ရန်ဆန္ဒရှိသည်ဟုသိရှိရကြောင်း၊ မြန်မာနိုင်ငံသည် မိမိတို့၏ နိုင်ငံခြားရေးမူဝါဒနှင့်အညီ အာဆီယံအသိုက်အဝန်းထူထောင်ရေးလုပ်ငန်းများနှင့် အာဆီယံဥက္ကဋ္ဌ၏ ဦးဆောင်ဦးရွက်ပြုမှုများကို တက်ကြွစွာလိုက်ပါဆောင်ရွက်လျက်ရှိကြောင်း၊ တီမောလက်စ်တေနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်ရေး ကြိုးပမ်းဆောင်ရွက်ရာတွင် အာဆီယံပဋိညာဉ်နှင့်အညီဖြစ်ရန်လိုအပ်ကြောင်း၊ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်မစွက်ဖက်ရန်လိုအပ်ကြောင်း၊ မကြာမီကကျင်းပခဲ့သည့် (၅၈) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကာလအတွင်း မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် တီမောလက်စ်တေနိုင်ငံခြားရေးဝန်ကြီးတို့တွေ့ဆုံခဲ့ကြရာတွင်လည်း နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ကောင်းမွန်စေရန်အတွက် အပြုသဘောဆောင်ဆွေးနွေးနိုင်ခဲ့ကြောင်း ပြောကြားသည်။

မြဝတီ



| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၅°C | / | ၃၀°C |
| ရန်ကုန် | ၂၄°C | / | ၃၀°C |
| မန္တလေး | ၂၅°C | / | ၃၂°C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# Modular House များတွင်နေထိုင်ကြသည့်ဝန်ထမ်းများအား ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် တွေ့ဆုံအားပေး



နေပြည်တော်  ဇူလိုင် ၂၄

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းနှင့် ဦးမင်းထွဋ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့ညနေပိုင်းတွင် ဝန်ကြီးဌာနက ယာယီဆောက်လုပ်ထားရှိသည့် Modular House များကို သွားရောက်ကြည့်ရှုပြီး နေထိုင်ကြသည့် ဝန်ထမ်းများအား တွေ့ဆုံအားပေးသည်။

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းများ လုံခြုံစိတ်ချစွာ စည်းကမ်းတကျနေထိုင်နိုင်ရေး၊ သောက်သုံးရေနှင့် မီး၊ မိလ္လာစနစ်များကောင်းမွန်ရေး၊ ကူးစက်ရောဂါများ မဖြစ်ပေါ်စေရေး၊ လိုအပ်သည်ကို တာဝန်ရှိသူများက ဆောင်ရွက်ပေးရေး၊ လုံခြုံရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာကိစ္စများအတွက် တာဝန်ခံများအဆင့်ဆင့် တာဝန်ပေးဖွဲ့စည်းထားရှိရေးတို့ကို မှာကြားပြီး ဝန်ထမ်းများ နေထိုင်စားသောက်မှုအခြေအနေကိုကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် Modular House များတွင် နေထိုင်ကြသည့် ဝန်ထမ်းများအား စားဖိုဆောင်သီးနှံများနှင့် ကြက်ဥများကိုပံ့ပိုးပေးခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

# (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် လက်ရွေးစင်အလေးမအားကစားသမားများ ရွေးချယ်ရေးပြိုင်ပွဲကျင်းပ





နေပြည်တော် ဇူလိုင် ၂၄

(၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် လက်ရွေးစင်အလေးမ အားကစားသမားများရွေးချယ်ရေးပြိုင်ပွဲနှင့် (Youth Camp)လူငယ်အလေးမအားကစားသမားများ စံချိန်ဆန်းစစ်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အလေးမလေ့ကျင့်ရေးရုံ၌ကျင်းပရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးထိန်လင်းနှင့် ဦးဇင်မင်းထက်၊ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဥဂ္ဂါအေး၊ ဒုတိယဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယနေ့ကျင်းပသော အလေးမပြိုင်ပွဲတွင် အမြန်မနှင့် နှစ်ဆင့်မပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသမီး (၄၈၊ ၅၃၊ ၅၈၊ ၆၃) ကီလိုတန်းပြိုင်ပွဲနှင့် အမျိုးသား (၆၀၊ ၆၅၊ ၇၁၊ ၇၉၊ ၈၈၊ ၉၄၊ +၉၄) ကီလိုတန်းပြိုင်ပွဲများကို ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲများအပြီးတွင်ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသား +၉၄ ကီလိုတန်းပြိုင်ပွဲတွင် စုစုပေါင်း သတ်မှတ်စံချိန်ထက် သာလွန်ကောင်းမွန်အောင် ယှဉ်ပြိုင်နိုင်ခဲ့သည့် ရန်မျိုးကျော်ကို မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသီဟလင်းကလည်းကောင်း၊ အမျိုးသမီး ၅၈ ကီလိုတန်းပြိုင်ပွဲတွင် သတ်မှတ်စံချိန်ထက်ကျော်ပြီး သာလွန်ကောင်းမွန်အောင် ယှဉ်ပြိုင်နိုင်ခဲ့သည့် ထက်ထက်ထွေးနှင့် အမျိုးသား ၉၄ ကီလိုတန်း နှစ်ဆင့်မပြိုင်ပွဲတွင် သတ်မှတ်စံချိန်ထက် သာလွန်ကောင်းမွန်ပြီး မြန်မာပြည်စံချိန်သစ်တင်နိုင်ခဲ့သည့် ဝင်းနိုင်ထွန်းတို့ကို မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဥဂ္ဂါအေးကလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့အတူ အမျိုးသမီး ၄၈ ကီလိုတန်း အမြန်မ၊ နှစ်ဆင့်မနှင့် စုစုပေါင်းပြိုင်ပွဲတွင် သတ်မှတ်စံချိန်ထက်ကျော်ပြီး သာလွန်ကောင်းမွန်အောင် ယှဉ်ပြိုင်နိုင်ခဲ့သည့် နော်အယ်ကညောဂျော့ကို ဒုတိယဝန်ကြီး ဦးဇင်မင်းထက်ကလည်းကောင်း၊ အမျိုးသမီး ၄၈ ကီလိုတန်း နှစ်ဆင့်မပြိုင်ပွဲတွင် သတ်မှတ်စံချိန်ထက် သာလွန်ကောင်းမွန်ပြီး မြန်မာပြည်စံချိန်သစ်တင်နိုင်ခဲ့သည့် ဇင်မေဦး၊ ၆၃ ကီလိုတန်း အမြန်မပြိုင်ပွဲတွင် သတ်မှတ်စံချိန်ထက် သာလွန်ကောင်းမွန်ပြီး မြန်မာပြည် စံချိန်သစ်တင်နိုင်ခဲ့သည့် သူဇာခင်နှင့် အမျိုးသား ၈၈ ကီလိုတန်း နှစ်ဆင့်မပြိုင်ပွဲတို့တွင် သတ်မှတ်စံချိန်ထက် သာလွန်ကောင်းမွန်ပြီး မြန်မာပြည်စံချိန်သစ်တင်နိုင်ခဲ့သည့် ရဲရင့်နိုင်တို့ကို ဒုတိယဝန်ကြီး ဦးထိန်လင်းကလည်းကောင်း၊ အမျိုးသမီး ၅၃ ကီလိုတန်း အမြန်မ၊ နှစ်ဆင့်မနှင့် စုစုပေါင်းပြိုင်ပွဲတွင် သတ်မှတ်စံချိန်ထက် သာလွန်ကောင်းမွန်ပြီး မြန်မာပြည်စံချိန်သစ်တင်နိုင်ခဲ့သည့် နော်တဘိုးရာနှင့် အမျိုးသား ၇၉ ကီလိုတန်း နှစ်ဆင့်မပြိုင်ပွဲတွင် သတ်မှတ်စံချိန်ထက် သာလွန်ကောင်းမွန်ပြီး မြန်မာပြည်စံချိန်သစ်တင်နိုင်ခဲ့သည့် သီဟအောင်တို့ကို ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်ကလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် လက်ရွေးစင်အလေးမ အားကစားသမားများရွေးချယ်ရေးပြိုင်ပွဲနှင့် လူငယ်အလေးမအားကစားသမားများ စံချိန်ဆန်းစစ်ပြိုင်ပွဲများတွင် အားကစားလေ့ကျင့်ရေးစခန်း(Gold Camp)နှင့် လူငယ်အားကစားလေ့ကျင့်ရေးစခန်း (Youth Camp)တို့မှ အလေးမအားကစားသမား စုစုပေါင်း ၂၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

မြဝတီ

**(၂၄-၇-၂၀၂၅) ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၅,၉၀၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# Woodworking နည်းပညာဌာနရှိ အိမ်တွင်းအလှဆင်နှင့် ပရိဘောဂပစ္စည်းများ လက်တွေ့ထုတ်လုပ်ထားရှိမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၄

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ဇူလိုင်လ ၂၂ ရက်က ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန စက်မှုနည်းပညာလေ့ကျင့်သင်ကြားရေး သင်တန်းကျောင်းကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် ကျောင်းအုပ်ကြီး၊ ဆရာများနှင့်တွေ့ဆုံ၍ လိုအပ်ချက်တင်ပြမှုများအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဒေသတွင်းစက်မှုဇုန်များ၊ MSME လုပ်ငန်းများရှိ စက်မှုကုန်ထုတ်လုပ်မှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ်အထောက်အကူပြုနိုင်မည့် ခေတ်မီနည်းပညာရှင်လူငယ်ကောင်းများကို စဉ်ဆက်မပြတ်ပျိုးထောင်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် Future Technology Lab သို့ရောက်ရှိပြီး ဉာဏ်ရည်တုနည်းပညာ(AI) နှင့် Internet of Things (IoT) နည်းပညာတို့ကို စက်မှုကုန်ထုတ်လုပ်ငန်းများတွင် လက်တွေ့ကျကျအသုံးချနိုင်ရေးအတွက် သင်တန်းများတွင် လေ့ကျင့်သင်ကြားပေးနေမှုကို ကြည့်ရှုအားပေးကာ သင်တန်းသားများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် Wood-working နည်းပညာဌာနရှိ အိမ်တွင်းအလှဆင်နှင့် ပရိဘောဂပစ္စည်းများ လက်တွေ့ထုတ်လုပ်ထားရှိမှုအခြေအနေ၊ စာကြည့်တိုက်တွင် ပြင်ဆင်ထားရှိမှုနှင့် စာအုပ်များ ဖြည့်ဆည်းထားရှိမှုအခြေအနေ၊ ကျောင်းဥပစာရိပ်ကောင်းမွန်ရေးနှင့် သန့်ရှင်း၊ သပ်ရပ်၊ သာယာလှပရေး ဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များမှာကြားကြောင်း သိရသည်။

မြဝတီ



MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Tatmadaw columns recontrol and reopen Kyondoe-Kawkareik Union Highway blocked by KNU, KNLA and PDF combined terrorist group

NAY PYI TAW July 24

Located on Hpa-an-Myawady road, Kawkareik town in Kawkareik District, Kayin State is an economic hub. The town, which is about 41 miles from Myawady, a town on the Myanmar-Thai border, is also located on the Asian Highway and a transport hub that can travel to Myawady, Hpa-an, Mawlamyine and Kya-in-Seikkyi.

**A combined terrorist group of KNU, KNLA and PDF,** with the intention of controlling Kawkareik and Hpa-an-Kawkareik-Myawady section of the Asian Highway and halting border trade flow and government machinery, in early April, tried to enter Kawkareik with a large number of gunmen in two files, one from Kaungmhu, Yankok and Kyaungshagon village in the north of Kawkareik along old Kawkareik-Thingannyinaung road and another from Lanpa-Ason-Taminegon in the south to totally seize Kawkareik and local battalion headquarters. Moreover, their heavy weapon fire from afar had burnt down office/department buildings and residences and forced the residents to temporarily flee, leaving behind their property.

In accord with the four oaths, they were residing again and again, members of the Tatmadaw columns bravely fought back the enemy at the risk of their life with firm determination to save the town and local battalions from falling into the hands of terrorist insurgents. The soldiers launched counterstrikes after protecting the town with the defensive operations. During the battle that lasted from 19 to 22 April, terrorist insurgents suffered heavy losses and fled in disarray.

After their withdrawal, KNU and KNLA armed terrorist insurgents instigated local students and youths, who ran away from their native places to Kayin State and areas near border with Thailand due to various reasons including political causes, through political and military incentives, at the places they were residing under the bilateral understanding of the signed NCA, provided them with terrorist training and armed them. KNU and KNLA then formed alliance with the PDF terrorist group, they had raised with the intention of increasing their

See Page - 21►►



Tatmadawmen reopen Kyondoe-Kawkareik road.



The fleeing KNU, KNLA and PDF terrorist insurgents blew up Nyinyathalin bridge.



Photo shows a Hindu temple destroyed by KNU, KNLA and PDF terrorist insurgents.



KNU, KNLA and PDF terrorist insurgents blew up a detour on Kyondoe-Kawkareik road and fled in disarray.

# State Administration Council
# Press Release
## Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

**3. The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**
**State Administration Council**

# Kalay District finishes harvest of summer paddy

KALAY JULY 24

According to data of Kalay District Agriculture Department, local farmers have harvested all sown acreage of summer paddy in Kalay District of Sagaing Region this summer.

In Kalay District, during this year's summer crop season, a total of 3,919 acres of summer paddy were cultivated. Harvesting of these paddy fields began in May and, as of today, all 3,919 acres have been completely harvested—347 acres in Kalay Township and 3,572 acres in Mingin Township. The average yield was 85.08 baskets per acre.

"This year, Kalay District cultivated only 3,919 acres of summer paddy during the summer crop season. At present, 100 percent of the planted acreage has been fully harvested. Cultivation exceeded the initial projected area.

Farmers were provided with agricultural techniques, awareness on pest prevention, guidance to avoid crop losses, and advice to ensure timely storage of harvested paddy under shelter," said U Aung, Head of the Kalay District Department of Agriculture.

To increase the yield per acre and achieve the target output, good-quality seeds were distributed to summer paddy farmers in Kalay District.

Additionally, brochures on farming techniques were distributed, farmer training and awareness sessions were conducted, and necessary inputs were provided in a timely manner.

It is also noted that large-scale farmers were encouraged to coordinate with the Department of Agriculture to prepare in advance for the timely cultivation of summer paddy and other crops after harvesting monsoon paddy and monsoon crops.

This includes adhering to pest and disease prevention guidelines issued by the department, carrying out soil nutrient replenishment activities, and stockpiling quality seeds ahead of time.

**SK**

# Dabayin Township grows over 2,000 acres of rainfed sunflowers

DABAYIN JULY 24

More than 2,000 acres of sunflowers have been planted in Dabayin Township, YeU District, Sagaing Region, during this year rain crops planting season, according to the Department of Agriculture for YeU District.

During the 2025-2026 rain crops planting season, 5,163 acres of sunflowers have been planned to be planted in Dabayin Township, and planting has begun since June this year, and 2,290 acres have been planted to date.

"This year, Dabayin Township has planned to plant 5,000 acres of sunflowers during the rain crops planting season. More than 2,000 acres have been planted to date. We are working to meet the target acres. In order to reduce the amount of palm oil imported from abroad, we will expand the cultivation of sunflower, an oilseed crop. Sunflower, an oilseed crop, has more oil yield per acre than peanuts and sesame. Sunflower is only planted in the winter," said U Zaw Myint Htun, head of Department of Agriculture for YeU District.

**SMK**

# Pwintbyu Township grows over 34,000 acres of rainfed crops

PWINTBYU JULY 24

A total of 34,774 acres of rain-fed crops were planted in Pwintbyu Township, Minbu District, Magway Region in this year rain crops planting season, according to the Department of Agriculture for Pwintbyu Township.

Pwintbyu Township has planned to plant 140,345 acres of rain-fed crops in this year rain crops planting season, and local farmers have been planting since the first week of June this year to meet the target. So far, 34,774 acres of rain-fed crops have been planted.

"We are working hard to meet the target for each crop. We are also providing agricultural education and support to local farmers to improve yields and produce high-quality crops," said Daw Moe Moe Wai, head of the Department of Agriculture for Pwintbyu Township.

If farmers can cultivate crops with good quality and yield, they will not only satisfy local consumption but also generate income by selling surplus crops and develop socio-economic life, so they should strive to expand the cultivation of crops every year regardless of the region, she said.

**SK**

# Cambodia, Thailand trade accusations, with Cambodian PM calling for urgent meeting of UNSC

PHNOM PENH July 24

Cambodia and Thailand on Thursday traded accusations following the escalating situation along the border areas.

Cambodian Prime Minister Hun Manet on Thursday urged the United Nations Security Council to convene an urgent meeting to discuss the matter.

In a letter to Pakistan's permanent representative to the UN Asim Iftikhar Ahmad, whose country assumed the rotating presidency of the Security Council for July, Hun Manet said that since early Thursday, Thai armed forces have launched attacks on Cambodian positions.

The attacks violated fundamental principles of international law, he said.

Hun Manet said Cambodia calls on Thailand to immediately cease all hostilities, withdraw its forces to its side of the border, and refrain from any further provocative actions which could escalate the situation.

On Thursday, Thailand's foreign ministry said the Thai government called on Cambodia to take responsibility for the incidents, cease attacks against civilian and military targets, and stop all actions that violate Thailand's sovereignty.

Otherwise, said the Thai foreign ministry in a statement, the Thai side is prepared to intensify self-defense measures in accordance with international law and relevant principles.

The Thai embassy in Cambodia has urged Thai nationals to leave Cambodia.

The situation escalated following skirmishes which began Thursday morning when Thai and Cambodian troops exchanged fire at a disputed area.

**Xinhua**

# All 49 aboard crashed Russian plane confirmed dead: authorities







VLADIVOSTOK July 24

All the 49 people aboard the Russian passenger plane that crashed near Russia's Far Eastern city of Tynda were confirmed dead, Russia's Investigative Committee (IC) said on Thursday.

"Everyone on board the aircraft has died," Svetlana Petrenko, the spokesperson of the IC, said on its Telegram channel.

The An-24 aircraft, operated by Angara Airlines, was en route from Khabarovsk to Tynda with a stopover in Blagoveshchensk. The aircraft was expected to contact air traffic controllers at a control checkpoint near Tynda airport, but failed to check in. The wreckage was later found on a mountainside approximately 15 km from the city of Tynda.

There were 43 passengers on board and six crew members, Amur Oblast Governor Vasily Orlov said on the social media platform Telegram.

Among the passengers was a Chinese citizen, the Chinese Consulate General in Khabarovsk said. The consulate will send a working group to the crash site on Friday to assist with follow-ups.

**Xinhua**

# Navy's submarine forces play key role in ensuring Russia's Sovereignty - Putin



SEVERODVINSK July 24

The Russian Navy's submarine forces play a key role in ensuring the country's sovereignty and security, Russian President Vladimir Putin said on Thursday.

"The submarine forces of the Russian Navy play a key role in ensuring the sovereignty and security of Russia, protecting its interests. And they make a significant contribution to regional and global stability, to maintaining strategic balance," Putin said at a meeting on the strategy for developing the submarine forces of the Russian Navy.

At the same time, increasing combat capabilities of the Russian Navy is one of the priorities, which is given utmost importance, the president added.

"The last thing I would like to discuss is the promising developments in the field of underwater marine, multifunctional, robotic complexes. It is obvious that this environment will largely determine the future of the Navy. Therefore, the most important task is to ensure our primacy in this area," Putin also said.

**Sputnik**

# Thailand conducts airstrike on Cambodia

BANGKOK July 24

Thailand conducted an airstrike on a Cambodian military target on Thursday, according to a statement from the Thai army, amid renewed violence stemming from longstanding territorial disputes.

The flare-up follows months of mounting tensions over a stretch of territory claimed by both sides – a legacy of colonial-era French maps and unresolved demarcation. Skirmishes have erupted periodically since 2008, and the latest round of clashes began in late May.

Thai army deputy spokesperson Richa Suksuwanon said on Thursday morning that Thailand had employed "air power against military targets as planned." Cambodia's Defense Ministry said two bombs were dropped from a Thai aircraft on a road.

The clashes reportedly centered on the area surrounding the disputed 11th-century Prasat Ta Muen Thom temple. Thai officials said 11 civilians were killed by Cambodian artillery fire. Online video footage showed a petrol station ablaze, allegedly after being hit by a Cambodian rocket. Thai authorities ordered evacuations of villages in four border provinces.

Cambodia's Foreign Ministry accused Thailand of conducting "unprovoked, premeditated, and deliberate attacks," and asserted the country was acting in self-defense. Phnom Penh condemned Bangkok's actions and called for the withdrawal of Thai troops to "their side" of the frontier.

Thailand's Foreign Ministry responded by blaming Cambodia for the escalation, pointing to recent landmine incidents that injured Thai soldiers. Officials said the mines were newly planted, not leftovers from previous conflicts in the region.

**RT**

►► **From Page - 18**

strength and using the group as their frontline suicide squads. On 13 April 2025, the terrorist insurgents in five files, along **Aukbotae-Yankok-Kawkareik route, Aukbotae-Myapadaing,-Ohntabin-Inngyi-Kyondoe route, Mikalon-Naungtaman-Tawalae-Nwachangon-Kyondoe route,Taungkyainn-Myaukkyainn-koetaing-Ngataing-laytaing route, and Sekkawut-Aunghlaing-Taminegon-Kawkarek route,** reentered the area, blocked the Kyondoe-Kawkareik-Myawady Asian Highway and launched violent attacks against Kyondoe and Kawkareik with extreme force with the intention of realizing their military goals again through attempts to completely occupy Hpa-an-Kyondoe-Kawkareik-Myawady Asia Highway and Kyondoe and Kawkareik, that were the center points in the border trade route. The blockage and the attacks had halted local trade flow, causing a rise in commodity prices and social hardships for the locals and finally a socio-economic downturn.

Regarding the reopening of routes blocked by **the combined terrorist group of KNU, KNLA and PDF,** and the resumption of normal vehicular traffic, starting from April 13, 2025, Tatmadaw columns, upholding the Tatmadaw's noble traditions and unwavering spirit—never lowering the flag, fighting with relentless determination, and advancing one commander after another—launched fierce offensives against the terrorists carrying out destructive operations between Kyondoe and Kawkareik. Over the course of more than three months of military operations, seven major battles and 85 skirmishes took place. Several enemy leaders were severely wounded, and 17 enemy corpses, 30 assorted weapons, and related equipment were seized. Some Tatmadaw personnel were injured or sacrificed their lives. Today, on July 24, the Tatmadaw successfully regained control and reopened the Kyondoe-Kawkareik route, completely crushing the enemy's military objectives.

As the terrorists fled in disarray, they employed various methods to carry out sabotage, including burning vehicles, blocking roads with felled trees and branches, and demolishing bridges—such as the Nyinyathalin Bridge and the Five-Pole Bridge—between Kyondoe and Kawkareik.

Tatmadaw columns are continuing operations along the route to ensure the safe and normal movement of local residents, travelers, cargo transport vehicles, and passenger vehicles. Repair work is underway on roads and bridges destroyed by the terrorists, along with mine clearance operations. Efforts are also being made to swiftly clear the remaining sections of the road to fully restore normal traffic flow through the Asian Highway via Myawady. Additionally, the second phase of reconstruction in Kyondoe and Kawkareik towns, along with surrounding villages, is progressing. Simultaneously, measures to enforce the rule of law, stabilize the region, and establish territorial control are being carried out. **100**



The fleeing KNU, KNLA and PDF terrorist insurgents cut down trees to block the road.



Photo shows the dead body of KNU, KNLA and PDF terrorist insurgent.



Photo shows the dead body of KNU, KNLA and PDF terrorist insurgent.



Photo shows the dead body of KNU, KNLA and PDF terrorist insurgent.



Photo shows the dead body of KNU, KNLA and PDF terrorist insurgent.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Free Trade, Energy and AI Technology

မောင်ယုယ စုစည်းတင်ပြသည်။

## အိန္ဒိယနှင့် ဗြိတိန်တို့က လွတ်လပ်စွာကုန်သွယ်ရေးသဘောတူညီချက် လက်မှတ်ရေးထိုးမည်




အိန္ဒိယနှင့် ဗြိတိန်နိုင်ငံတို့အကြား လွတ်လပ်စွာကုန်သွယ်ရေးသဘောတူညီချက်တစ်ရပ်ကို မကြာမီလက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း အိန္ဒိယမီဒီယာများက ဖော်ပြသည်။

အိန္ဒိယနှင့် ဗြိတိန်နိုင်ငံတို့အနေဖြင့် အဆိုပါ လွတ်လပ်စွာကုန်သွယ်ရေးသဘောတူညီချက်ကို ဝန်ကြီးချုပ်နာရန်ဒရာမိုဒီ၏ ယခုရက်သတ္တပတ်အတွင်းသွားရောက်မည့် ဗြိတိန်ခရီးစဉ်အတွင်း၌ လက်မှတ်ရေးထိုးရန်စီစဉ်ထားသည်။

ဗြိတိန်နှင့် လက်မှတ်ရေးထိုးမည့် ကုန်သွယ်ရေးသဘောတူညီချက်ကို အိန္ဒိယအစိုးရက ဇူလိုင်လ ၂၂ ရက်တွင် အတည်ပြုခဲ့ခြင်းဖြစ်ပြီး နှစ်နိုင်ငံအကြား ထိုသို့သော လွတ်လပ်စွာကုန်သွယ်ရေး သဘောတူညီချက်တစ်ရပ်ကို ချမှတ်နိုင်ရေးအတွက် ၂၀၁၁ ခုနှစ်မှစ၍ ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။ သို့သော် ဗြိတိန်အစိုးရက ကုန်သွယ်ရေးနှင့်စပ်လျဉ်း၍ အိန္ဒိယနိုင်ငံသို့တင်ပို့သည့် ဗြိတိန်ကုန်ပစ္စည်းများအပေါ် အခွန်ကောက်ယူမှု လျှော့ချရေးကဲ့သို့သော အလျှော့ပေးမှုများရရှိနိုင်ရန် ကြိုးပမ်းခဲ့ခြင်းကြောင့် ကုန်သွယ်ရေးသဘောတူညီချက်ချမှတ်နိုင်ရေးမှာ ရပ်တန့်ခဲ့ရခြင်းဖြစ်ကြောင်း ဗြိတိန်အစိုးရအဖွဲ့မှ အမည်မဖော်လိုသူ အရာရှိတစ်ဦးက ပြောသည်။

ဗြိတိန်နိုင်ငံသည် လက်ရှိတွင် အိန္ဒိယနိုင်ငံ၏ ဆဋ္ဌမမြောက်ရင်းနှီးမြှုပ်နှံသူအဖြစ် ရပ်တည်လျက်ရှိပြီး အိန္ဒိယနိုင်ငံအတွင်းရှိ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးသည် စုစုပေါင်း ဒေါ်လာ ၃၆ ဘီလီယံရှိသည်။ အလားတူပင် အိန္ဒိယနိုင်ငံသည် ဗြိတိန်နိုင်ငံအတွက် အဓိကရင်းနှီးမြှုပ်နှံသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး စုစုပေါင်းဒေါ်လာ ၂၀ ဘီလီယံခန့်ကို ဗြိတိန်နိုင်ငံအတွင်း၌ ရင်းနှီးမြှုပ်နှံထားသည်။

Ref: Rt

## ဆလိုဗက်ကီးယားနိုင်ငံက ရုရှားနိုင်ငံမှစွမ်းအင်များကို ရာနှုန်းပြည့်ဝယ်ယူရန် စီစဉ်လျက်ရှိ

ဆလိုဗက်ကီးယားနိုင်ငံပိုင် အကြီးဆုံး သဘာဝဓာတ်ငွေ့ကုမ္ပဏီကြီးသည် လာမည့်နှစ်မှစ၍ ရုရှားနိုင်ငံမှစွမ်းအင်များကို ရာနှုန်းပြည့်ဝယ်ယူရန် စီစဉ်လျက်ရှိကြောင်း Bloomberg ကဖော်ပြသည်။

ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက ရုရှားနိုင်ငံမှ သဘာဝဓာတ်ငွေ့ဝယ်ယူခြင်းအပေါ် ပိတ်ဆို့မှုများ ချမှတ်ထားသော်လည်း ဆလိုဗက်ကီးယားနိုင်ငံက ကုန်ကျစရိတ်နှင့်အကျိုးအမြတ်ကိုထောက်ရှု၍ ရုရှားနိုင်ငံမှ သဘာဝဓာတ်ငွေ့များဝယ်ယူရန် ကြိုးပမ်းခြင်းဖြစ်ကြောင်း ဆလိုဗက်အရာရှိများကပြောသည်။

ထို့ပြင်ဥရောပသမဂ္ဂအဖွဲ့သည်လာမည့် ၂၀၂၇ ခုနှစ် အကုန်ပိုင်းမှစ၍ စွမ်းအင်စွန့်ပစ်ပစ္စည်းလျှော့ချရေးနှင့် သန့်စင်သော စွမ်းအင်အသုံးပြုမှု မြှင့်တင်ရေးဆိုင်ရာ မဟာဗျူဟာအရ ရုရှားနိုင်ငံမှသဘာဝဓာတ်ငွေ့နှင့်စွမ်းအင်များအပေါ် အမှီသဟဲပြုနေရခြင်းကို အဆုံးသတ်ရန် စီစဉ်ထားသည်။ ထို့အတူ အဆိုပါမဟာဗျူဟာအရ ဥရောပသမဂ္ဂအနေဖြင့် ရုရှားနိုင်ငံနှင့် ရေနံပိုက်လိုင်းအသစ်များ သွယ်တန်းခြင်းကိုပါ တားမြစ်မည်ဖြစ်သည်။

သို့သော် ဥရောပသမဂ္ဂအဖွဲ့၏အဆိုပါ မဟာဗျူဟာအစီအစဉ်ကို ဆလိုဗက်ကီးယားနှင့်ဟန်ဂေရီနိုင်ငံတို့က ကန့်ကွက်လျက်ရှိသည်။ ထို့ပြင် ဆလိုဗက်ကီးယားနှင့် ဟန်ဂေရီနိုင်ငံတို့သည် ဥရောပသမဂ္ဂအဖွဲ့၏ အဆိုပါတားမြစ်ချက်များမှ ကင်းလွတ်ခွင့်ရရှိရန်မျှော်လင့်နေပြီး ရုရှားနိုင်ငံပိုင် Gazprom ကုမ္ပဏီနှင့် ရေရှည်သဘောတူညီချက်များကို ဆက်လက်ထိန်းသိမ်းရန်ဆန္ဒရှိနေသည်။



ရုရှားနိုင်ငံမှသဘာဝဓာတ်ငွေ့ကိုဝယ်ယူနိုင်ခြင်းသည် ဆလိုဗက်ကီးယားနိုင်ငံအတွက် တွက်ခြေကိုက်သောကြောင့် နိုင်ငံ၏ဦးစားပေးလုပ်ငန်းစဉ်အဖြစ် ရှိနေပြီး ၎င်းနိုင်ငံသည် တစ်နေ့လျှင် သဘာဝဓာတ်ငွေ့ကုဗမီတာ ၈ သန်းခန့်ကို ရုရှားနိုင်ငံမှဝယ်ယူနေရသည်။ ထို့ပြင် ဥရောပသမဂ္ဂအဖွဲ့အနေဖြင့် ရုရှားနိုင်ငံနှင့်စွမ်းအင်ဆိုင်ရာဆက်ဆံမှုများကို ဖြတ်တောက်ပစ်မည်ဆိုပါက အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဆိုးရွားသည့် စီးပွားရေးအကျိုးဆက်နှင့် ရင်ဆိုင်ကြုံတွေ့ရနိုင်သည်ဟု ဆလိုဗက်ကီးယားနိုင်ငံက သတိပေးထားသည်။

Ref: Rt

## တရုတ်(တိုင်ပေ) ရှိ TSMC ကုမ္ပဏီက မတည်ရင်းနှီးငွေ ဒေါ်လာတစ်ထရီလီယံရှိ ပထမဆုံးသော အာရှကုမ္ပဏီဖြစ်လာ




တရုတ်(တိုင်ပေ)ရှိ ကမ္ဘာ့အကြီးဆုံး တစ်ပိုင်းလျှပ်ကူးပစ္စည်း ထုတ်လုပ်ရေးကုမ္ပဏီ TSMC ၏ မတည်ရင်းနှီးငွေပမာဏသည် ဒေါ်လာတစ်ထရီလီယံအထိ မြင့်တက်လာပြီးနောက် ၎င်းကုမ္ပဏီသည် ရင်းနှီးမတည်ငွေ ဒေါ်လာတစ်ထရီလီယံ အထိရောက်ရှိလာသည့် ပထမဆုံးသော အာရှကုမ္ပဏီဖြစ်လာခဲ့ကြောင်း ကုန်သွယ်ရေးအချက်အလက်များတွင် ဖော်ပြထားသည်။

TSMC ကုမ္ပဏီ၏ ရင်းနှီးမတည်ငွေပမာဏသည် ပြီးခဲ့သည့်ရက်သတ္တပတ် အကုန်ပိုင်းမှစ၍ ဒေါ်လာတစ်ထရီလီယံ အထိ မြင့်တက်လာခြင်းဖြစ်ပြီး ထိုအချိန်မှစ၍ ၎င်းတန်ဖိုးပမာဏကို ဆက်လက်ထိန်းသိမ်းထားနိုင်ခဲ့သည်။ အဆိုပါကုမ္ပဏီ၏ရင်းနှီးမတည်ငွေပမာဏ မြင့်တက်လာခြင်းမှာ AI နည်းပညာတိုးတက်လာမှုကြောင့်တစ်ကမ္ဘာလုံးမှ chip ပြားဝယ်လိုအားအဆမတန်မြင့်တက်လာခြင်းကြောင့်ဖြစ်သည်။

လက်ရှိတွင် TSMC ကုမ္ပဏီသည် အမေရိကန် ကုမ္ပဏီကြီးများဖြစ်သည့် Nvidia၊ Apple၊ Microsoft၊ Amazon နှင့် Meta တို့နှင့် ရင်ပေါင်တန်းလျက်ရှိသည်။

ထို့ပြင် TSMC ကုမ္ပဏီသည် အမေရိကန်ပြည်ထောင်စုရှိ Nvidia နှင့် Apple စသည့် ကုမ္ပဏီကြီးများအပါအဝင် အမေရိကန်ဖောက်သည်များအတွက် တစ်ပိုင်းလျှပ်ကူးပစ္စည်းများထုတ်လုပ်ဖြန့်ချိပေးနေသည့် အဓိကကုမ္ပဏီကြီးအဖြစ်လည်းရပ်တည်လျက်ရှိသည်။ ၂၀၂၄ ခုနှစ် တစ်နှစ်တည်းမှာပင် TSMC ကုမ္ပဏီအတွက် ဝင်ငွေစုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းကို အမေရိကန်ပြည်ထောင်စုရှိ ကုမ္ပဏီများထံမှရရှိခဲ့ခြင်းဖြစ်ကြောင်း Reuters သတင်းဌာနက ဖော်ပြထားသည်။

Ref: Rt

# ကမ္ဘောဒီးယားနှင့် ထိုင်းနိုင်ငံတို့အကြားဖြစ်ပွားနေသည့် ပဋိပက္ခနှင့်စပ်လျဉ်း၍ လုံခြုံရေးကောင်စီတွင် အရေးပေါ်ဆွေးနွေးပွဲ ကျင်းပပေးရန် ကမ္ဘောဒီးယားတောင်းဆို

ဖနောင်းပင်၊ စစ်ရေး

ကမ္ဘောဒီးယားနှင့် ထိုင်းနိုင်ငံတို့အကြား နယ်စပ်ဒေသတစ်လျှောက်၌ ဖြစ်ပွားနေသည့် ပဋိပက္ခနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် အရေးပေါ် ဆွေးနွေးပွဲတစ်ရပ်ကျင်းပပေးရန် ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်မာနက်က ဇူလိုင်လ ၂၄ ရက်တွင် တောင်းဆိုလိုက်သည်။

ထိုင်းနှင့်ကမ္ဘောဒီးယားနိုင်ငံတို့အကြား အငြင်းပွားနေသည့် နယ်စပ်တစ်လျှောက်တွင်မိုင်းပေါက်ကွဲမှုကြောင့် ထိုင်းစစ်သည်တစ်ဦးဒဏ်ရာရရှိခဲ့ပြီးနောက် ဇူလိုင်လ ၂၄ ရက်အစောပိုင်းမှစ၍ အပြန်အလှန်ပစ်ခတ်တိုက်ခိုက်မှုများ ဖြစ်ပွားသည်။



ယင်းနောက်တွင် ကမ္ဘောဒီးယားအစိုးရက ယခုနှစ် ဇူလိုင်လအတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီအလှည့်ကျဥက္ကဋ္ဌအဖြစ်တာဝန်ယူနေသည့် ကုလသမဂ္ဂဆိုင်ရာပါကစ္စတန်အမြဲတမ်းကိုယ်စားလှယ်ဖြစ်သူ အာဆင်ဖစ်ခါအာမက်ထံသို့ စာရေးသားပေးပို့တောင်းဆိုခြင်းဖြစ်သည်။

ကမ္ဘောဒီးယားအစိုးရ၏အဆိုအရ ထိုင်းနိုင်ငံ၏တိုက်ခိုက်မှုများသည် နိုင်ငံတကာဥပဒေကို ချိုးဖောက်ခြင်းဖြစ်သည်ဟု Xinhua သတင်းဌာနတွင် ဖော်ပြထားသည်။

သို့ရာတွင် နှစ်နိုင်ငံအကြားစစ်ရေးအရတင်းမာမှုဖြစ်ပွားရခြင်းမှာ နယ်စပ်ဒေသတွင် မိုင်းပေါက်ကွဲမှုအတွင်း ထိုင်းတပ်မတော်မှ စစ်သည်တစ်ဦး ထိခိုက်ဒဏ်ရာရရှိခြင်းသည် ကမ္ဘောဒီးယားနိုင်ငံကြောင့်ဖြစ်သည်ဟု ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနက စွပ်စွဲထားသည်။

ထို့ပြင် ကမ္ဘောဒီးယားတပ်မတော်သည် ဇူလိုင်လ ၂၄ ရက်တွင် ထိုင်းစစ်အခြေစိုက်စခန်းတစ်ခုအား အမြောက်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်ဟု ဝန်ကြီးဌာနက ဆက်လက်စွပ်စွဲထားကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ တိုက်ခိုက်မှုကြောင့် ထိုင်းနိုင်ငံအတွင်း၌ အရပ်သား ၁၁ ဦးသေဆုံးသွားကြောင်း ထိုင်းကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သည်။

တစ်ချိန်တည်းမှာပင် နှစ်နိုင်ငံအကြားတင်းမာမှုမြင့်တက်လာပြီးနောက် ထိုင်းအစိုးရက ကမ္ဘောဒီးယားတပ်မတော်၏ ပစ်မှတ်များအပေါ် လေကြောင်းမှတိုက်ခိုက်ခဲ့သည်ဟု ထိုင်းတပ်မတော်မှ လက်ထောက်ပြောရေးဆိုခွင့်ရှိသူ ရီချာဆွတ်ဆူဝါနွန်ကပြောကြားခဲ့ကြောင်း RT သတင်းဌာနတွင်ဖော်ပြထားကြောင်း သိရသည်။

(Ref: RT, Xinhua)

# ရုရှားအရှေ့ဖျားဒေသတွင် ခရီးသည်တင်လေယာဉ် တစ်စင်းပျက်ကျ၊ လိုက်ပါလာသူအားလုံးသေဆုံး



ဗလာဒီဗော့စတော့၊ မတော်တဆမှု

ရုရှားနိုင်ငံ အရှေ့ဖျားဒေသရှိမြို့ကြီးတစ်မြို့အနီးတွင် ခရီးသည်တင်လေယာဉ် ပျက်ကျမှုအတွင်း လိုက်ပါလာသူအားလုံး သေဆုံးသွားကြောင်း ရုရှားထောက်လှမ်းရေးအေဂျင်စီက ဇူလိုင်လ ၂၄ ရက်တွင် ထုတ်ပြန်သည်။

အဆိုပါ An-24 အမျိုးအစားခရီးသည်တင်လေယာဉ်ပေါ်တွင် ခရီးသည်များ အပါအဝင် စုစုပေါင်း ၄၉ ဦးလိုက်ပါလာပြီး တင်ဒါမြို့အနီးတွင် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီခန့်က ပျက်ကျသွားခြင်းဖြစ်သည်။ အဆိုပါလေယာဉ်ပေါ်တွင် လေယာဉ်မှူးနှင့် အမှုထမ်းခြောက်ဦး ပါဝင်ကြောင်းသိရသည်။

အင်ဂျင်နှစ်လုံးတပ် An-24 ခရီးသည်တင်လေယာဉ်သည် ဒေသတွင်းအချက်အချာကျသည့် ခါဗာရော့ဗ်မှ အခြားပြည်တွင်းခရီးစဉ်များအား ပျံသန်းနေစဉ် ပျက်ကျခြင်းဖြစ်သည်။ ပျက်ကျသွားသည့် လေယာဉ်အပျက်အစီးများကို တင်ဒါလေဆိပ်မှ ၁၅ ကီလိုမီတာအကွာရှိ သစ်တောထူထပ်သည့် တောင်ကြောအတွင်း၌ ပြန်လည်တွေ့ရှိခဲ့ကြကြောင်း သိရသည်။

လေယာဉ်ပျက်ကျရသည့်အကြောင်းရင်းကိုမူ အာဏာပိုင်အဖွဲ့က စစ်ဆေးလျက်ရှိသည်။

An-24 အမျိုးအစားလေယာဉ်များကို ၁၉၆၀ ပြည့်နှစ်များမှစ၍ လေကြောင်းခရီးစဉ်များတွင် စတင်အသုံးပြုခဲ့သော်လည်း လက်ရှိအချိန်အထိ ရုရှားနိုင်ငံရှိ အလွန်ဝေးကွာသည့် ခရီးလမ်းကြောင်းများတွင် ဆက်လက်အသုံးပြုလျက်ရှိကြောင်းသိရသည်။

(Ref: RT, Xinhua)

# ဥရောပသမဂ္ဂနှင့် အမေရိကန်တို့အကြား ကုန်သွယ်ရေးသဘောတူညီချက်မချမှတ်နိုင်ပါက အမေရိကန်ပို့ကုန်များအပေါ် အခွန် ၁၅ ရာခိုင်နှုန်းတိုးမြှင့်ကောက်ခံရန် ဥရောပသမဂ္ဂအဖွဲ့စီစဉ်

ဘရပ်ဆဲ၊ ကုန်သွယ်ရေး

ဥရောပသမဂ္ဂနှင့် အမေရိကန်ပြည်ထောင်စုတို့အကြား ယခုနှစ်ဩဂုတ်လအတွင်း ကုန်သွယ်ရေးဆိုင်ရာသဘောတူညီချက်ချမှတ်နိုင်ခြင်းမရှိပါက အမေရိကန်မှတင်ပို့သည့်ပို့ကုန်များအပေါ် အခွန် ၁၅ ရာခိုင်နှုန်း တိုးမြှင့်ကောက်ခံရန် စီစဉ်ထားကြောင်းသိရသည်။



အမေရိကန်အစိုးရနှင့် ကုန်သွယ်ရေးသဘောတူညီချက်တစ်ရပ်ကို သတ်မှတ်ထားသည့်ကာလအတွင်း၌ ချမှတ်နိုင်ခြင်းမရှိပါက ဥရောပသမဂ္ဂနိုင်ငံများအနေဖြင့် ဒေါ်လာ ၁၀၉ ဘီလီယံ (ယူရို ၉၃ ဘီလီယံ) တန်ဖိုးရှိ အမေရိကန်၏ပို့ကုန်များအပေါ် အခွန် ၁၅ ရာခိုင်နှုန်း တိုးမြှင့်ကောက်ခံရန်စီစဉ်ထားသည်ဟု မီဒီယာများက ဖော်ပြသည်။

ဥရောပရှိ အမေရိကန်၏မဟာမိတ်နိုင်ငံများ၊ အထူးသဖြင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသည် အမေရိကန်ပြည်ထောင်စုနှင့် ကုန်သွယ်မှုပြုလုပ်ရာတွင် မျှတမှုမရှိသော အလေ့အကျင့်များကိုအသုံးချလျက်ရှိပြီး အမေရိကန်နှင့်ဆွေးနွေးနိုင်ရန်အတွက် အခွန်တိုးမြှင့်မည်ဟူသော ခြိမ်းခြောက်မှုများကို ကုပ်အားအဖြစ် အသုံးပြုလျက်ရှိသည်ဟု အမေရိကန်အစိုးရက စွပ်စွဲထားသည်။

သို့သော် ဥရောပသမဂ္ဂအဖွဲ့အနေဖြင့် အခွန်တိုးမြှင့်ကောက်ခံမှု၊ ကုန်သွယ်ရေးသဘောတူညီချက်ချမှတ်နိုင်မှုတို့အတွက်သာ ဆွေးနွေးရန်လုပ်ဆောင်နေခြင်းဖြစ်ပြီး နှစ်ဦးနှစ်ဖက်အကြား သဘောတူညီချက်ချမှတ်နိုင်ခြင်းမရှိပါက တုံ့ပြန်နိုင်ရေးအတွက်သာ စီစဉ်ထားခြင်းဖြစ်ကြောင်း ၎င်းအဖွဲ့ကတုံ့ပြန်ပြောကြားထားသည်။

အကယ်၍ဥရောပသမဂ္ဂနှင့်အမေရိကန်တို့အကြား ကုန်သွယ်ရေးသဘောတူညီချက်ချမှတ်နိုင်ခြင်းမရှိပါက ဥရောပသမဂ္ဂအဖွဲ့က အဆိုပြုထားသည့် အခွန်တိုးမြှင့်မှုသည် အမေရိကန်ကတင်ပို့မည့် လေယာဉ်များ၊ မော်တော်ယာဉ်များ၊ အပျော်စီးသင်္ဘောများ၊ မော်တော်ယာဉ်အစိတ်အပိုင်းများနှင့်အပိုပစ္စည်းများ၊ ဖျော်ရည်၊ အသား၊ သံမဏိ၊ အလူမီနီယံတို့အပါအဝင် ကုန်ပစ္စည်းအများအပြားအပေါ် သက်ရောက်လာမည်ဖြစ်ကြောင်း သိရသည်။

(Ref: RT)

## သတင်းတိုကဏ္ဍ

# တောင်ကိုရီးယားတွင် ရေကြီးမှုများဆက်လက်ဖြစ်ပွားခြင်းကြောင့် သေဆုံးသူဦးရေမှာ ၂၃ ဦးအထိ မြင့်တက်

တောင်ကိုရီးယားနိုင်ငံတွင် မိုးများဆက်လက်သည်းထန်စွာရွာသွန်းပြီး ရေကြီးမှုများ ဆက်လက်ဖြစ်ပွားခြင်းကြောင့် သေဆုံးသူ ဦးရေမှာ ၂၃ ဦးအထိ မြင့်တက်လာပြီး ငါးဦးပျောက်ဆုံးလျက်ရှိကြောင်း အစိုးရက ဇူလိုင်လ ၂၄ ရက်တွင် ထုတ်ပြန်သည်။

ရေကြီးမှုများကြောင့် ထပ်မံသေဆုံးခဲ့သူများတွင် ဂျန်ဂျီးမြို့တွင် ၁၃ ဦး၊ ချန်ချွမ်မြို့တွင် ခြောက်ဦး၊ နမ်ဒိုတွင် သုံးဦးနှင့် ဂွမ်ဂျူးမြို့တွင် တစ်ဦးတို့ဖြစ်ကြောင်းသိရသည်။

လက်ရှိတွင် တောင်ကိုရီးယားနိုင်ငံအတွင်း၌ ရေကြီးမှုများဆက်လက်ဖြစ်ပွားလျက်ရှိပြီး ပြည်သူ ၂၀၀၀ ကျော်မှာ ယာယီခိုနားဆောင်များ၌ ဆက်လက်နေထိုင်လျက်ရှိကြောင်း သိရသည်။

(Ref: Iv)

# အရှေ့အလယ်ပိုင်းဒေသရှိ နိုင်ငံအများအပြားတွင် အပူလှိုင်းဖြတ်သန်း

အရှေ့အလယ်ပိုင်းဒေသရှိ နိုင်ငံအများအပြားတွင် အပူလှိုင်းဖြတ်သန်းမှုကြောင့် ဒေသတွင်းပြည်သူများအပေါ် ဆိုးရွားသည့် သက်ရောက်မှုများကို ဖြစ်ပေါ်စေခဲ့ကြောင်း သိရသည်။

အပူလှိုင်းဖြတ်သန်းမှုသည်အရှေ့အလယ်ပိုင်းဒေသရှိ နိုင်ငံများဖြစ်သည့် အီရတ်၊ အီဂျစ်နှင့်ပါလက်စတိုင်းရှိဂါဇာစီးတီးတို့တွင် ဖြစ်ပွားခြင်းဖြစ်ပြီး အထူးသဖြင့် ဂါဇာစီးတီးရှိ ကလေးသူငယ်များသည်အပူဒဏ်ကိုရင်ဆိုင်နိုင်ရေးအတွက် ရုန်းကန်ရလျက်ရှိသည်။

အရှေ့အလယ်ပိုင်းရှိ အဆိုပါနိုင်ငံနှင့်ဒေသများတွင် အပူလှိုင်းဖြတ်သန်းမှုသည် ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းမှ စတင်ဖြစ်ပွားခြင်းဖြစ်ကြောင်း သိရသည်။

(Ref: Xinhua)

# သဲကုန်းမြို့နယ်၌ စတုတ္ထအကြိမ် ဝါဆိုသင်္ကန်းကပ်အလှူတော်မင်္ဂလာနှင့် စာအောင်သံဃာ ဆုနှင်းသဘင်အခမ်းအနားကျင်းပ



**သဲကုန်း ဇူလိုင် ၂၄**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ရပ်ကွက်(၄) ပေါက်တောရပ် သီတဂူတပ်အလယ်ကျောင်း၌ စတုတ္ထအကြိမ် ဝါဆိုသင်္ကန်းကပ် အလှူတော်မင်္ဂလာနှင့် စာအောင်သံဃာဆုနှင်းသဘင်အခမ်းအနားကို ဇူလိုင်လ ၂၄ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်သည်။ ထို့နောက် သီတဂူတပ်အလယ်ကျောင်း ပဓာနနာယကဆရာတော် ဦးနန္ဒမာလာထံမှ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒါယကာ ဒါယိကာမများ ကိုးပါးသီလခံယူ ဆောက်တည်ကာ သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားတော်များ ချီးမြှင့်သည်။ ယင်းနောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးယဉ်ထွေးက သာသနာတော်ဆိုင်ရာများ လျှောက်ထားသည်။

ဆက်လက်၍ ၂၀၂၄-၂၀၂၅ စာသင်နှစ်တွင် ဖြေဆိုအောင်မြင်ခဲ့သော အခြေပြုမူလတန်းအောင် တစ်ပါး၊ ပထမငယ်တန်းအောင် သံဃာတော်တစ်ပါး၊ ဓမ္မာစရိယတန်းအောင် သံဃာတော်သုံးပါး၊ သင်ကြားရေးဆရာတော် ငါးပါးတို့အား ဂုဏ်ပြုဆုငွေများပူဇော်ဆက်ကပ်၍ နာယကဆရာတော်၊ သင်ကြားစီမံဆရာတော်ငါးပါးနှင့် သံဃာတော်ခြောက်ပါး၊ ရှင်သာမဏေကြီးနှင့်သံဃာတော် ၂၃ ပါး၊ ရှင်သာမဏေငယ် ၁၀ ပါးတို့အား ဝါဆိုသင်္ကန်း စသည့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် လှူဒါန်းမှုအစုစုအတွက် ပဓာနနာယကဆရာတော် ဦးနန္ဒမာလာထံမှ အနုမောဒနာတရားနာယူ၍ ရေစက်သွန်းချအမျှပေးဝေကာ သီတဂူအဓိဋ္ဌာန်သုံးကြိမ်ရွတ်ဆိုဆုတောင်းပြီး အခမ်းအနားကိုရုပ်သိမ်း၍ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# သဃ်န်းကျွန်းမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အသိပညာပေးဟောပြောပွဲနှင့် ပြပွဲပြိုင်ပွဲများကျင်းပ

**ရန်ကုန် ဇူလိုင် ၂၄**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်နှင့်ပြည့်စုံပြီး အသိပညာဗဟုသုတများတိုးပွားစေရေးရည်ရွယ်ကာ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အသိပညာပေးဟောပြောပွဲနှင့် ပြပွဲ၊ ပြိုင်ပွဲများကို ဇူလိုင်လ ၂၃ ရက်က သဃ်န်းကျွန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း သပြေခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သဃ်န်းကျွန်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာထွန်းက စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု၊ စာဖတ်စွမ်းရည်ပြိုင်ပွဲများ ကျင်းပရခြင်း၏ရည်ရွယ်ချက်များ၊ စာဖတ်ခြင်းအကျိုးကျေးဇူးများနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲ၏ စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စာရေးဆရာမမြမဉ္ဇူဝေ(ကျုံမငေး)၏ အတ္ထုပ္ပတ္တိအားဖတ်ကြားပြီး စာရေးဆရာမက အနာဂတ်ပန်းကလေးများလှပဖို့ စာဖတ်ကြပါစို့ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောသည်။

ထို့နောက် စာဖတ်စွမ်းရည်ပြိုင်ပွဲတွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း Grade–10 မှ ကျောင်းသား၊ ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြသည်။



ယင်းနောက် ဂိမ်းကစားနည်းပြိုင်ပွဲများတွင် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ပေးအပ်သည်။

ထို့နောက် သဃ်န်းကျွန်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော အသိပညာပေးနံရံကပ်ဗီနိုင်း၊ ပိုစတာ၊ စာအုပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**သက်လွင်စိုး (ပြန်/ဆက်)**

# ကျောင်းသား ကျောင်းသူများ အသိပညာ အတတ်ပညာတိုးပွားစေရေး လူငယ်ရေးရာ အသိပညာပေးဟောပြော

**စဉ့်ကိုင် ဇူလိုင် ၂၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ အသိပညာအတတ်ပညာတိုးပွားစေရေး လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ဇူလိုင်လ ၂၃ ရက်က အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)(တောမ)၌ ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် အခြေခံပညာအလယ်တန်းကျောင်းခွဲ(တောမ)မှ ကျောင်းအုပ်ဆရာမကြီးက အဖွင့်အမှာစကားပြောကြားသည်။ ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဝင်းဝင်းသန်းက လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး လူငယ်နှင့်ရည်မှန်းချက်ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ဦးစီးမှူး ဦးဇော်ရဲနိုင်က အားကစားနှင့်လူငယ်များ၏အနာဂတ်ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားခဲ့ကြောင်းနှင့် တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများက ကျောင်းဝင်းအတွင်း ခင်းကျင်းပြသထားသော အသိပညာပေးနံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။ **ကျော်စွာ(စဉ့်ကိုင်)**

# ကျွန်းလှမြို့နယ်၌ အောင်နိုင်တိုးစပါးမျိုး (YSR – 1) မျိုးစေ့ထုတ် စံပြကွက်စိုက်ပျိုး

**ကျွန်းလှ ဇူလိုင် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်၌ အောင်နိုင်တိုးစပါးမျိုး (YSR – 1) မျိုးစေ့ထုတ်စံပြကွက်ကို ဇူလိုင်လ ၂၄ ရက်တွင် ရှမ်းစုကျေးရွာ ကွင်းအမှတ် (၄၉၆) တောင်သူ ဦးသန်းထိုက်၏ လယ်မြေနှစ်ဧက၌ စိုက်ပျိုးကြောင်း သိရသည်။

"အောင်နိုင်တိုးစပါးမျိုး (YSR – 1)ကို မြန်မာနိုင်ငံမှာ မျိုးထုတ်လုပ်ခဲ့ပါတယ်။ ကျွန်းလှမြို့နယ်မှာ မျိုးစေ့ထုတ်လုပ်ဖို့ စတင်စိုက်ပျိုးတာဖြစ်ပါတယ်။ စပါးမျိုးရဲ့ထူးခြားကောင်းမွန်တာက သက်လျင်၊ သက်လတ်စပါးမျိုးဖြစ်ပြီး အထွက်နှုန်းကောင်းမွန်တာ၊ စားသုံးရကောင်းမွန်တာ၊ ဆန်သားကြည်လင်တာ၊ ကုပ်ကျိုးရောဂါနဲ့ ဖြုတ်ညိုပိုးဒဏ်အသင့်အတင့်ခံနိုင်တာ စတဲ့အကျိုးကျေးဇူးတွေကြောင့် နွေရော မိုးပါစိုက်ပျိုးနိုင်ပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီကပြောသည်။

အဆိုပါစပါးမျိုးစေ့ထုတ်စိုက်ပျိုးသည့် တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စပါးမျိုးရရှိရေးဆောင်ရွက်ပေးခြင်း၊ စိုက်နည်းစနစ်မှန်ကန်ရေးပညာပေးခြင်း၊ သဘာဝမြေဩဇာနှင့်ဓာတ်မြေဩဇာ အချိုးကျအချိန်ကိုက်သုံးစွဲရေး အသိပညာပေးခြင်းများ ဆောင်ရွက်ပေးသည်။

ကျွန်းလှမြို့နယ်၌ စိုက်ပျိုးရေးကို အဓိကအားထားလုပ်ကိုင်ကြကြောင်း၊ ယခုနှစ်မိုးရာသီတွင် မိုးစပါး စိုက်ပျိုးရန် ၃၄၀၉၇ ဧကလျာထားပြီး လက်ရှိအချိန်ထိ ၇၅၈၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။



**မျိုးဝင်းညို(ကျွန်းလှ)**

# မြန်မာစံချိန်စံညွှန်းများပြင်ဆင်သတ်မှတ်ခြင်း

အမျိုးသားစံချိန်စံညွှန်းကောင်စီသည် စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၃၃၊ ပုဒ်မခွဲ(ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပုဒ်မ ၅၊ ပုဒ်မခွဲ(ခ)ပါ လုပ်ငန်းတာဝန်များအရ အမျိုးသားစံချိန်စံညွှန်းကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် (၃၄/၂၀၁၈)၊ (၀၂၂/၂၀၁၉)၊ (၁၄၉/၂၀၁၉)၊ (၀၆၆/၂၀၂၀)၊ (၀၉၁/၂၀၂၂)၊ (၁၅၀/၂၀၂၂)၊ (၀၂၃/၂၀၂၄)တို့ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် မြန်မာစံချိန်စံညွှန်းများအနက် စံချိန်စံညွှန်း (၂၂၃)ခုကို International Standards များနှင့်အညီ Update ပြုလုပ်ထားသော အောက်ဖော်ပြပါစံချိန်စံညွှန်း(၂၀၉)ခုအား မြန်မာစံချိန်စံညွှန်းများအဖြစ် ပြင်ဆင်သတ်မှတ်လိုက်သည် -

| စဉ် | မြန်မာစံချိန်စံညွှန်းများ |
|---|---|
| ၁။ | MMS IEC 60034-1:2022 လည်ပတ်လှုပ်ရှားဆောင်ရွက်သည့် လျှပ်စစ်စက်ပစ္စည်းများ- အပိုင်း(၁)-စံနှုန်းသတ်မှတ်မှုနှင့်စွမ်းဆောင်ရည် |
| ၂။ | MMS IEC 60034-2-1:2024 လည်ပတ်သည့်လျှပ်စစ်စက်ပစ္စည်းများ-အပိုင်း (၂-၁)- စမ်းသပ်ခြင်းမှ ပျောက်ဆုံးမှုနှင့် စွမ်းရည်ရှိမှု ဆုံးဖြတ်ခြင်းအတွက် စံချိန်စံညွှန်း နည်းလမ်းများ (ဆွဲငင်ယာဉ်များအတွက် စက်မပါ) |
| ၃။ | MMS IEC 60086-1:2021+COR1:2022 တစ်ခါသုံးဓာတ်ခဲများ - အပိုင်း(၁) - အထွေထွေ |
| ၄။ | MMS IEC 60086-2:2021+COR1:2022 တစ်ခါသုံးဓာတ်ခဲများ - အပိုင်း(၂) - သွင်ပြင်နှင့် လျှပ်စစ်ဆိုင်ရာသတ်မှတ်ချက်များ |
| ၅။ | MMS IEC 60227-1: 2024 သတ်မှတ်ဗို့အား ၄၅၀/၇၅၀ အထိရှိသော ပိုလီဗီနိုင်း ကလိုရိုက်လျှပ်ကာဝါယာကြိုးများ - အပိုင်း(၁)- အထွေထွေလိုအပ်ချက်များ |
| ၆။ | MMS IEC 60227-3: 2024 သတ်မှတ်ဗို့အား ၄၅၀/၇၅၀ အထိရှိသော ပိုလီဗီနိုင်း ကလိုရိုက်လျှပ်ကာဝါယာကြိုးများ - အပိုင်း(၃) - ပုံသေတပ်ဆင်ထားသော အခွံမာမပါသောဝါယာ |
| ၇။ | MMS IEC 60227-4: 2024 သတ်မှတ်ဗို့အား ၄၅၀/၇၅၀ အထိရှိသော ပိုလီဗီနိုင်း ကလိုရိုက်လျှပ်ကာဝါယာကြိုးများ - အပိုင်း(၄)- ပုံသေတပ်ဆင်ထားသော အခွံမာပါသောဝါယာ |
| ၈။ | MMS IEC 60227-5: 2024 သတ်မှတ်ဗို့အား၄၅၀/၇၅၀ ဗို့အားအထိ အသုံးပြုနိုင်သည့် ပိုလီဗီနိုင်း ကလိုရိုက်(ပီဗွီစီ) ဖုံးအုပ်ထားသောဝါယာကြိုးများ - အပိုင်း(၅) - ဝါယာကြိုးပျော့များ |
| ၉။ | MMS IEC 60227-7:2024 သတ်မှတ်ဗို့အား ၄၅၀/၇၅၀ ဗို့အားအထိ အသုံးပြုနိုင်သည့် ပိုလီဗီနိုင်း ကလိုရိုဒ်(ပီဗွီစီ) လျှပ်ကာကေဘယ်လ်များ - အပိုင်း(၇)- သတ်မှတ်ဗို့အား ၃၀၀/၅၀၀ ဗို့အားအထိ အသုံးပြုနိုင်သည့် သတ္တုအလွှာပါးပါနှင့် သတ္တုအလွှာပါးမပါသည့် လျှပ်ကူးနှစ်ကြိုး သို့မဟုတ် နှစ်ကြိုးထက် ပို၍ပါသော ကေဘယ်လ်ပျော့များ |
| ၁၀။ | MMS IEC 60228: 2023 လျှပ်ကာကေဘယ်လ်များ၏ လျှပ်ကူးပစ္စည်းများ |
| ၁၁။ | MMS IEC 60245-3:1994+AMD1:1997+AMD2:2011 သတ်မှတ်ဗို့အား ၄၅၀/၇၅၀ အထိရှိသော ရော်ဘာလျှပ်ကာဝါယာကြိုးများ - အပိုင်း(၃)- အပူခံဆီလီကွန် ဒြပ်ပေါင်း လျှပ်ကာဝါယာကြိုးများ |
| ၁၂။ | MMS IEC 60269-1:2024 ဗို့အားနိမ့်ဖျူးစ်များ - အပိုင်း(၁)- အထွေထွေလိုအပ်ချက်များ |
| ၁၃။ | MMS IEC 60269-2:2013+AMD1:2016+AMD2:2024 ဗို့အားနိမ့်ဖျူးစ်များ - အပိုင်း(၂)- သက်ဆိုင်ရာ ဆောင်ရွက်ခွင့်ရှိသူများသာ လုပ်ကိုင်ရမည့်ဖျူးစ်များအတွက် ထပ်မံဖြည့်စွက်လိုအပ်ချက်များ (စက်မှုလုပ်ငန်းတွင် အဓိကအသုံးပြုသည့် ဖျူးစ်များ) A မှ K အထိ ဖျူးစ်များ၏ စံသတ်မှတ်ထားသည့်စနစ်ဥပမာများ |
| ၁၄။ | MMS IEC 60269-3:2024 ဗို့အားနိမ့်ဖျူးစ်များ - အပိုင်း(၃)- သာမန်ဆောင်ရွက်သူများသာ လုပ်ကိုင်ရမည့် ဖျူးစ်များအတွက် ထပ်မံဖြည့်စွက်လိုအပ်ချက်များ (နေအိမ် သို့မဟုတ် အလားတူနေရာများတွင် အဓိကအသုံးပြုသည့်ဖျူးစ်များ) A မှ F အထိဖျူးစ်များ၏ စံသတ်မှတ်ထားသည့် စနစ်ဥပမာများ |
| ၁၅။ | MMS IEC 60269-4:2024 ဗို့အားနိမ့်ဖျူးစ်များ- အပိုင်း(၄)- တစ်ပိုင်းလျှပ်ကူးပစ္စည်းများ၏ အကာအကွယ်ပြုဖျူးစ်-လင့်ခ်များအတွက်ထပ်မံဖြည့်စွက်လိုအပ်ချက်များ |
| ၁၆။ | MMS IEC 60320-1:2021 အိမ်သုံးနှင့် အလားတူ အထွေထွေအသုံးပြုခြင်းများအတွက် ဆက်သွယ်ခေါင်းပါသွယ်ကြိုး - အပိုင်း(၁) - အထွေထွေလိုအပ်ချက်များ |
| ၁၇။ | MMS IEC 60335-1:2020 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ-အန္တရာယ်ကင်းရှင်းရေး- အပိုင်း(၁)-အထွေထွေလိုအပ်ချက်များ |
| ၁၈။ | MMS IEC 60335-2-2:2019 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ - အန္တရာယ်ကင်းရှင်းရေး- အပိုင်း(၂-၂)- ဖုန်စုပ်စက်နှင့်ရေစုပ်ယူသည့် သန့်ရှင်းရေးပစ္စည်းများအတွက် သီးခြားလိုအပ်ချက်များ |
| ၁၉။ | MMS IEC 60335- 2-3:2022 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ-အန္တရာယ်ကင်းရှင်းရေး- အပိုင်း (၂-၃) - လျှပ်စစ်မီးပူများအတွက် သီးခြားလိုအပ်ချက်များ |
| ၂၀။ | MMS IEC 60335-2-4:2023 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ - အန္တရာယ်ကင်းရှင်းရေး- အပိုင်း (၂-၄) - အဝတ်ညှစ်စက်ဆိုင်ရာ သီးခြားလိုအပ်ချက်များ |
| ၂၁။ | MMS IEC 60335-2-6:2024 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ - အန္တရာယ်ကင်းရှင်းရေး- အပိုင်း(၂-၆)- လုပ်ငန်းသုံးမီးဖိုများ၊ အပူပြားမီးဖိုများ၊ အလုံပိတ်မီးဖိုများနှင့် အလားတူ လျှပ်စစ်ပစ္စည်းများအတွက် သီးခြားလိုအပ်ချက်များ |
| ၂၂။ | MMS IEC 60335-2-7:2024 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ - အန္တရာယ်ကင်းရှင်းရေး- အပိုင်း(၂-၇) - အဝတ်လျှော်စက်ဆိုင်ရာ သီးခြားလိုအပ်ချက်များ |
| ၂၃။ | MMS IEC 60335-2-8: 2022 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ - အန္တရာယ်ကင်းရှင်းရေး- အပိုင်း(၂-၈)- မုတ်ဆိတ်ရိတ်စက်၊ ဆံပင်ရိတ်စက်နှင့် အလားတူလျှပ်စစ်ပစ္စည်းများအတွက် သီးခြားလိုအပ်ချက်များ |
| ၂၄။ | MMS IEC 60335-2-11:2024 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ - အန္တရာယ်ကင်းရှင်းရေး- အပိုင်း(၂-၁၁)- အဝတ်အခြောက်ခံစက်အတွက် သီးခြားလိုအပ်ချက်များ |
| ၂၅။ | MMS IEC 60335-2-12:2024 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ - အန္တရာယ်ကင်းရှင်းရေး- အပိုင်း(၂-၁၂) - အစားအသောက်နွေးဖိုနှင့် အလားတူ လျှပ်စစ်ပစ္စည်းများဆိုင်ရာ သီးခြားလိုအပ်ချက်များ |
| ၂၆။ | MMS IEC 60335-2-13:2021 အိမ်သုံးနှင့်အလားတူလျှပ်စစ်ပစ္စည်းများ- အန္တရာယ်ကင်းရှင်းရေး- အပိုင်း (၂-၁၃)-လျှပ်စစ်ဆီကြော်အိုးများ၊ လျှပ်စစ်ဒယ်အိုးများနှင့် အလားတူပစ္စည်းများဆိုင်ရာ သီးခြားလိုအပ်ချက်များ |
| ၂၇။ | MMS IEC 60335-2-15:2024 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ-အန္တရာယ်ကင်းရှင်းရေး- အပိုင်း(၂-၁၅) - အရည်များအပူပေးသော ပစ္စည်းကိရိယာများအတွက် သီးခြားလိုအပ်ချက်များ |
| ၂၈။ | MMS IEC 60335-2-21: 2022 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ-အန္တရာယ်ကင်းရှင်းရေး- အပိုင်း(၂-၂၁) - ရေပူစက်များအတွက် သီးခြားလိုအပ်ချက်များ |
| ၂၉။ | MMS IEC 60335-2-23:2016+AMD1:2019 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ-အန္တရာယ်ကင်းရှင်းရေး- အပိုင်း(၂-၂၃)- အသားအရေ သို့မဟုတ် ဆံပင်ပြုစုထိန်းသိမ်းခြင်း ပစ္စည်းကိရိယာများအတွက် သီးခြားလိုအပ်ချက်များ |
| ၃၀။ | MMS IEC 60335-2-24:2020 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ- အန္တရာယ်ကင်းရှင်းရေး- အပိုင်း(၂-၂၄) - အအေးပေးသည့်ပစ္စည်းများ၊ ရေခဲမုန့်နှင့် ရေခဲပြုလုပ်သည့် စက်ပစ္စည်းများဆိုင်ရာ သီးခြားလိုအပ်ချက်များ |
| ၃၁။ | MMS IEC 60335-2-25:2024 အိမ်သုံးနှင့်အလားတူလျှပ်စစ်ပစ္စည်းများ - အန္တရာယ်ကင်းရှင်းရေး- အပိုင်း(၂-၂၅)- မိုက်ခရိုဝေ့ဖ်မီးဖိုများဆိုင်ရာ သီးခြားလိုအပ်ချက်များ |
| ၃၂။ | MMS IEC 60335-2-26:2024 အိမ်သုံးနှင့်အလားတူ လျှပ်စစ်ပစ္စည်းများ-အန္တရာယ်ကင်းရှင်းရေး- အပိုင်း (၂-၂၆) - နာရီများအတွက် သီးခြားလိုအပ်ချက်များ |
| ၃၃။ | MMS IEC 60335-2-28: 2021 အိမ်သုံးနှင့်အလားတူလျှပ်စစ်ပစ္စည်းများ-အန္တရာယ်ကင်းရှင်းရေး- အပိုင်း (၂-၂၈)- အပ်ချုပ်စက်များအတွက် သီးခြားလိုအပ်ချက်များ |
| ၃၄။ | MMS IEC 60335-2-29:2016+AMD1:2019 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ- အန္တရာယ်ကင်းရှင်းရေး- အပိုင်း(၂-၂၉)- ဘတ္တရီအားသွင်းစက်များအတွက် သီးခြားလိုအပ်ချက်များ |
| ၃၅။ | MMS IEC 60335-2-31: 2024 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ - အန္တရာယ်ကင်းရှင်းရေး- အပိုင်း (၂-၃၁) - မီးဖိုတွဲများနှင့် အခြားချက်ပြုတ် ညှော်စုပ်စက်များအတွက် သီးခြားလိုအပ်ချက်များ |
| ၃၆။ | MMS IEC 60335-2-34:2024 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ - အန္တရာယ်ကင်းရှင်းရေး- အပိုင်း(၂-၃၄)- မော်တာ-ကွန်ပရက်ဆာဆိုင်ရာ သီးခြားလိုအပ်ချက်များ |
| ၃၇။ | MMS IEC 60335-2-35:2012+AMD1:2016+AMD2:2020 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ- အန္တရာယ်ကင်းရှင်းရေး - အပိုင်း(၂-၃၅) - အပူမြန်ရေပူပေးကိရိယာဆိုင်ရာ သီးခြားလိုအပ်ချက်များ |
| ၃၈။ | MMS IEC 60335-2-36:2021 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ -အန္တရာယ်ကင်းရှင်းရေး- အပိုင်း(၂-၃၆)- စီးပွားရေးလုပ်ငန်းသုံးလျှပ်စစ်မီးဖိုတွဲများ၊ ပေါင်းဖိုများ၊ မီးဖိုများနှင့်မီးဖို၏ အပူထုတ်အစိတ်အပိုင်းများဆိုင်ရာ သီးခြားလိုအပ်ချက်များ |
| ၃၉။ | MMS IEC60335-2-40 :2024 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ-အန္တရာယ်ကင်းရှင်းရေး- အပိုင်း(၂-၄၀)-လျှပ်စစ်အပူပေးပန့်၊ လေအေးပေးစက်နှင့် စိုထိုင်းမှုထိန်းညှိပစ္စည်းကိရိယာများအတွက် သီးခြားလိုအပ်ချက်များ |
| ၄၀။ | MMS IEC 60335-2-41:2024 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ-အန္တရာယ်ကင်းရှင်းရေး- အပိုင်း (၂-၄၁)-ပန့်များအတွက် သီးခြားလိုအပ်ချက်များ |
| ၄၁။ | MMS IEC 60335-2-43:2024 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ-အန္တရာယ်ကင်းရှင်းရေး- အပိုင်း(၂-၄၃) - အဝတ်စထည်ခြောက်သွေ့စက်နှင့်ပစ္စည်းကိရိယာများအတွက် သီးခြားလိုအပ်ချက်များ |
| ၄၂။ | MMS IEC 60335-2-44:2021 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ-အန္တရာယ်ကင်းရှင်းရေး- အပိုင်း (၂ - ၄၄) - အဝတ်ပြန့်ကိရိယာများအတွက် သီးခြားလိုအပ်ချက်များ |
| ၄၃။ | MMS IEC 60335-2-45:2024 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ -အန္တရာယ်ကင်းရှင်းရေး- အပိုင်း (၂-၄၅) - သယ်ဆောင်နိုင်သော အပူပေးကိရိယာနှင့် အလားတူလျှပ်စစ်ပစ္စည်းများအတွက် သီးခြားလိုအပ်ချက်များ |
| ၄၄။ | MMS IEC 60335-2-52:2021 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ - အန္တရာယ်ကင်းရှင်းရေး- အပိုင်း(၂-၅၂) - သွားနှင့်ခံတွင်းကျန်းမာရေးဆိုင်ရာ လျှပ်စစ်ပစ္စည်းများအတွက် သီးခြားလိုအပ်ချက်များ |
| ၄၅။ | MMS IEC 60335-2-55:2021 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ - အန္တရာယ်ကင်းရှင်းရေး- အပိုင်း(၂-၅၅) - ငါးမွေးကန်နှင့်ဥယျာဉ်သုံးရေကန်များတွင်အသုံးပြုသည့် လျှပ်စစ်ပစ္စည်းများအတွက် သီးခြားလိုအပ်ချက်များ |
| ၄၆။ | MMS IEC 60335-2-65:2023 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ - အန္တရာယ်ကင်းရှင်းရေး- အပိုင်း(၂-၆၅)- လေသန့်စင်သည့်ပစ္စည်းများအတွက် သီးခြားလိုအပ်ချက်များ |
| ၄၇။ | MMS IEC 60335-2-73:2024 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ - အန္တရာယ်ကင်းရှင်းရေး- အပိုင်း(၂-၇၃)- အထိုင်ချတပ်ဆင်ထားသော နှစ်မြှုပ်အပူပေးကိရိယာများဆိုင်ရာ သီးခြားလိုအပ်ချက်များ |
| ၄၈။ | MMS IEC 60335-2-74:2021 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ - အန္တရာယ်ကင်းရှင်းရေး- အပိုင်း(၂-၇၄)-ရွှေ့ပြောင်းသယ်ယူနိုင်သည့် ရေတိုင်ကီအတွင်း နှစ်မြှုပ်အပူပေးကိရိယာများအတွက် သီးခြားလိုအပ်ချက်များ |

(ဆက်လက်ဖော်ပြပါမည်)

# သဘာဝဘေးရှာဖွေကယ်ဆယ်ရေး စုဖွဲ့ပြင်ဆင်ထားရှိမှုနှင့် ငလျင်ဘေးပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ကွင်းဆင်းစစ်ဆေး



ဇမ္ဗူသီရိခန်းမ၌ကျင်းပသည့် နေပြည်တော် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အဖွဲ့ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားသည်။

နေပြည်တော် ဇူလိုင် ၂၄

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် ယမန်နေ့ ညနေပိုင်းက ရာဇဌာနီလမ်းမကြီးနှင့် ရာဇသင်္ဂဟလမ်းမကြီး တို့သို့သွားရောက်၍ ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည်လမ်းပိုင်းများ ပြန်လည်ပြုပြင်နေမှုနှင့် နိုင်လွန်ကတ္တရာလမ်း (AC)ခင်းကျင်းဆောင်ရွက်နေမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အပိုင်းလိုက် အမြန်ပြီးစီးအောင် ဆောင်ရွက်ရေး၊ ရေရှည်ခိုင်ခံ့မှုရှိအောင် စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရေး၊ ရာသီဥတုကောင်းမွန်ချိန်တွင် လူအင်အား၊ စက်ယန္တရားအင်အားတိုးမြှင့်ပြီး အင်တိုက်အားတိုက်ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဇမ္ဗူသီရိမြို့နယ် ဗဟိုမီးသတ်စခန်းသို့ သွားရောက်ပြီး သဘာဝဘေးရှာဖွေကယ်ဆယ်ရေးအတွက် တပ်ဖွဲ့ဝင်များစုဖွဲ့ထားရှိမှု၊ စက်၊ ယာဉ်၊ ယန္တရားပစ္စည်းများ အသင့်ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ရှာဖွေကယ်ဆယ်ရေးသုံး ပစ္စည်းများ လက်တွေ့သရုပ်ပြကိုင်တွယ်အသုံးပြုနေမှုနှင့် ဗဟိုမီးသတ်စခန်းတွင် ငလျင်ဘေးကြောင့်ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံကို စက်ယန္တရားဖြင့် ဖယ်ရှားရှင်းလင်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ကျင်းပသည့် နေပြည်တော် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အဖွဲ့ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက် နေပြည်တော်သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများက သက်ဆိုင်ရာကဏ္ဍအလိုက်ဆွေးနွေးတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

ထွန်းလင်း(ဇေယျာမြေ)

# နမ့်စန်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအားတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၄

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ယနေ့မွန်းလွဲပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းက နယ်မြေခံတပ်ရင်းခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် အာဟာရပြည့် စားသောက်ဖွယ်ရာများကို အသီးသီးပေးအပ်ပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။




အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများပေးအပ်စဉ်။

ထို့ပြင် နယ်မြေခံတပ်မတော်ဆေးကုသရေးအဖွဲ့က စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများကို နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

# လေပြင်းတိုက်ခတ်မှုကြောင့် ရန်ကုန်မြစ်အတွင်း စက်သမ္ဗန်တစ်စင်း တိမ်းမှောက်မှုဖြစ်ပွား

ရန်ကုန် ဇူလိုင် ၂၄

လေပြင်းတိုက်ခတ်မှုကြောင့် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြစ်အတွင်း စက်သမ္ဗန်တစ်စင်း တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၇ နာရီခွဲအချိန်ခန့်တွင် ဦးမြင့်ဆွေ ၄၈ နှစ် သမ္ဗန်မောင်း ဒလမြို့နယ်နေသူသည် ခရီးသည်များဖြစ်သည့် မြတ်ပန်းချစ် ၂၅ နှစ် ဒလမြို့နယ်နေသူပါ ခရီးသည်အမျိုးသားခြောက်ဦး၊ အမျိုးသမီးလေးဦး စုစုပေါင်း ၁၀ ဦးအား တင်ဆောင်၍ ဒလမြို့နယ် သမ္ဗတကမ်းခြေသမ္ဗန်ဆိပ်မှ ဗိုလ်တထောင်ဆိပ်ကမ်းသို့ စက်သမ္ဗန်အမှတ်(၂/၂)ဖြင့် ထွက်ခွာလာစဉ် ရန်ကုန်မြစ်ရေလယ်အရောက်၌ ရုတ်တရက်လေပြင်းတိုက်ခတ်မှုကြောင့် စက်သမ္ဗန်တိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စက်သမ္ဗန်တိမ်းမှောက်စဉ် အနီးရှိအပျော်စီးသင်္ဘောပေါ်မှ ဝန်ထမ်းများက လာရောက်ဝိုင်းဝန်းကယ်ဆယ်ခဲ့ရာ ခရီးသည် ၁၀ ဦးအနက် အမျိုးသားငါးဦး၊ အမျိုးသမီးသုံးဦး စုစုပေါင်းရှစ်ဦးတို့အားကယ်ဆယ်နိုင်ခဲ့ပြီး သမ္ဗန်မောင်း ဦးမြင့်ဆွေနှင့် ခရီးသည်အမျိုးသားတစ်ဦး(စိစစ်ဆဲ)၊ အမျိုးသမီးတစ်ဦး(စိစစ်ဆဲ)တို့ သုံးဦးမှာ ပျောက်ဆုံးလျက်ရှိသည်။

ပျောက်ဆုံးနေသူများအားဗိုလ်တထောင်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးလှဘုန်းကျော် ဦးစီးတပ်ဖွဲ့ဝင်များ၊ အမှတ်(၃) ရေကြောင်းရဲကွပ်ကဲမှုအဖွဲ့ခွဲရုံးမှ တာဝန်ရှိသူများ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ တာဝန်ရှိသူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှာဖွေလျက်ရှိကြောင်းသိရသည်။

ဝန်းရံ

■ **ကျောဖုံးမှအဆက်**

**ကျဝေ** လိုက်ပါလာသော SHN-12 1S-xxxx ISUZU အမျိုးအစား မော်တော်ယာဉ်အား စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၂ သန်း (ခန့်မှန်းတန်ဖိုး ငွေကျပ်သိန်း ၈၀၀၀)ကို တွေ့ရှိဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရှိရသည်။ စိတ်ကြွရူးသွပ်ဆေးပြားများကို မိုင်းဆတ်မြို့နယ်၊ ဝမ်တုံကျေးရွာမှ မိုင်းတုံမြို့နယ်၊ မဲကင်းကျေးရွာအနီးသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရပြီး မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသူများအား ဥပဒေနှင့်အညီ အရေးယူထားရှိ၍ ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)


နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

**ပျောက်ဆုံးကြောင်း**
ညွန့်ကြည်(ဘ)ဦးထွန်းရင် ၅/ကလဝ(နိုင်) ၀၂၈၀၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၄၁၆၂၀၅

**ပျောက်ဆုံးကြောင်း**
မြင့်မြင့်စန်း(ဘ)ဦးငွေအောင် ၁၄/ဒဒရ(နိုင်) ၂၂၃၅၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၈၀၆၄၁၀၃၅

**ပျောက်ဆုံးကြောင်း**
ကျော်စိုးမိုး(ဘ)ဦးလှသောင်း ၁၂/လမန(နိုင်) ၀၃၆၄၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၄၈၁၇၈၂၁

**ပျောက်ဆုံးကြောင်း**
အေးသီတာ(ဘ)ဦးတင်လှ ၁၀/ကထန(နိုင်) ၁၂၇၇၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၃၈၉၀၈၆၂

**ပျောက်ဆုံးကြောင်း**
မာမာဦး(ဘ)ဦးပသီလှ ၈/နမန(နိုင်) ၁၃၇၁၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၁၅၂၄၄၈၂

**ပျောက်ဆုံးကြောင်း**
သန်းထိုက်အောင်(ဘ)ဦးချစ်ဟန် ၁၂/သဃက(နိုင်)၁၅၄၁၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၉၅၈၀၂၀၈

**ပျောက်ဆုံးကြောင်း**
အောင်စိုးမိုး(ဘ)ဦးမာ ၉/ရမသ(နိုင်) ၂၆၀၁၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ဆုမွန်ကျော်(ဘ)ဦးကျော်ဝင်း ၁၂/ဥကမ(နိုင်)၂၀၈၇၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
နေရဲလင်း(ဘ)ဦးစံထွေး ၈/မသန(နိုင်) ၁၄၀၄၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၆၆၃၂၁၃၈

**ပျောက်ဆုံးကြောင်း**
ဟန်ထွေးအောင်(ဘ)ဦးသန်းအောင် ၁၂/သကတ(နိုင်)၁၄၀၃၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၄၁၀၉၆၈၈

**ပျောက်ဆုံးကြောင်း**
မျိုးလွင်(ဘ)ဦးအီဗရာဟင် ၉/မထလ(နိုင်) ၀၅၆၀၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
သန်းဇော်ထူး(ဘ)ဦးပေါက်စ ၉/မခန(နိုင်) ၂၁၀၅၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
မျိုးမင်းပိုင်(ဘ)ဦးသောင်းလှိုင် ၈/အလန(နိုင်)၂၂၉၂၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
အောင်ကျော်ထက်(ဘ)ဦးဝင်းဇော်၁၄/မအန(နိုင်)၂၅၄၈၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
နန်းလွန်း(ဘ)ဦးလုံးလူ ၁၃/တယန(နိုင်) ၀၆၁၉၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၂၅၁၇၆

**ပျောက်ဆုံးကြောင်း**
ရဲမွန်ကျော်(ဘ)ဦးမောင်မောင်ထွေး ၁၂/လမန(နိုင်)၁၅၂၃၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ချစ်ကို(ဘ)ဦးလှဝင်း ၉/နထက(နိုင်) ၂၁၃၂၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 866534)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**စာပေမြင့်မှ လူမျိုးတင့်မည်**

# လျှင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည် ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ နန်းဦးမြို့သစ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများ Modular House များ၌ အဆင်ပြေစွာနေထိုင်နိုင်ရေး ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မဟာမြိုင်(၂)ရပ်ကွက်ရှိ ပြည်ကြီးမျက်ရှင်အဝေးပြေးယာဉ်ရပ်နားစခန်း၌ Container House များ တပ်ဆင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် ဇူလိုင် ၂၄

မြန်မာနိုင်ငံတွင်လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက်ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေရာများဖြစ်သည့် စစ်ကိုင်းမြို့ ရာဇမဏိစူဠာ ကောင်းမှုတော်စေတီ၊ ဆွမ်းဦးပုညရှင်စေတီနှင့် ရတနာစေတီဆင်များရှင်ဘုရားတို့၌ သာသနိကအဆောက်အအုံ အပျက်အစီးများအား ဘက်စုံပြန်လည်ပြုပြင်နေမှု၊ ရတနာဒီပံချောင်ကျောင်းတိုက်နှင့် ပထမဂန္ဓာရုံကျောင်းတိုက်တို့ရှိ သာသနိကအဆောက်အအုံအပျက်အစီးများကို အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုနှင့် ဘက်စုံပြန်လည်ပြုပြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး လုပ်ငန်းဆောင်ရွက်နေကြသူများအား အားဖြည့်အချိုရည်များ ပေးအပ်သည်။

၎င်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် နှစ်(၇၀၀)ပြည့်အားကစားကွင်းအတွင်း သန့်ရှင်းသာယာလှပရေးအတွက် ဖယ်ရှားရှင်းလင်းနေမှု၊ စစ်ကိုင်းမြို့ရှိ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေအိမ်များအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ပေးအပ်သည့် ထောက်ပံ့ငွေများပေးအပ်မှု၊ နန်းဦးမြို့သစ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအတွက် အသင့်နေထိုင်ရန် တည်ဆောက်ထားသည့် Modular House များ၌ အဆင်ပြေစွာ နေထိုင်နိုင်ရေး ဆောင်ရွက်ထားရှိမှု၊ ဘော်ဂါရပ်နှင့်မင်းလမ်းရပ်ကွက်၊ ပိုးတန်းရပ်ကွက်၊ ပါရမီရပ်ကွက်နှင့် ထုံဘိုရပ်ကွက်များရှိ နေအိမ်များ၊ ရွှေမင်းဝံရိပ်သာနှင့် မြို့တော်ခန်းမတို့၌ အပျက်အစီးများအား ဖယ်ရှားရှင်းလင်းနေမှုတို့ကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ရွှေကြက်ယက်ကျေးရွာအုပ်စု၊ သပြေတန်းကျေးရွာရှိ စစ်ကိုင်းတံတား(အင်းဝ)၌ တံတားအပျက်အစီးများကို ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်း (MEC) မှ တာဝန်ယူဆောင်ရွက်နေသော ခုံးအမှတ် (၄) နှင့် (၅)တို့၌ ကျွမ်းကျင်လုပ်သားများ၊ စက်ယန္တရားများနှင့်နည်းပညာအထောက်အကူပြု၍ စနစ်တကျစီမံခန့်ခွဲကာ ရေအောက်နစ်မြုပ်နေသောအပိုင်းများအား ရေပေါ်သို့ဆွဲတင်နိုင်ရန် အမြုပ်ဖော်တိုင်ကီများ ဆောင်ရွက်ပြီးစီးမှု၊ အမြုပ်ဖော်တိုင်ကီများအသုံးပြု၍ လုပ်ငန်းဆောင်ရွက်နေမှုနှင့် ပြီးစီးမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့်အဖွဲ့သည် မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်ရှိ ပြည်ကြီးမျက်ရှင်အဝေးပြေးယာဉ်ရပ်နားစခန်းနှင့် ယာဉ်ရောင်းဝယ်ရေးစခန်း၌ Container House များ တပ်ဆင်ဆောင်ရွက်နေမှု၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်ရှိ မဟာအတုလဝေယန်(အတုမရှိ) ကျောင်းတော်ကြီး၌ ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများအား ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုနှင့် လုပ်ငန်းပြီးစီးမှုတို့ကိုကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းသတင်းရရှိသည်။ (၁၀၀)

# နောင်ချိုမြို့ရှိ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာရေးကိရိယာများပေးအပ်

နေပြည်တော် ဇူလိုင် ၂၄

တပ်မတော်က ပြည်သူလူထု အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter- Terrorism Operation) ဆောင်ရွက်ကာ ပြန်လည်ထိန်းချုပ်ထားသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့၌ ပညာရေးကဏ္ဍတွင် နစ်နာဆုံးရှုံးမှုများမဖြစ်စေရန်အတွက် အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားစဉ် တစ်နှစ်နီးပါး ပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများကို အမြန်ဆုံး ပြန်လည်ဖွင့်လှစ်ပြီး ပညာသင်ကြားပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ကျောင်းတက်ရောက်ကြမည့်ကျောင်းသား၊ ကျောင်းသူများနှင့် ပညာသင်ကြားပေးကြမည့် ဆရာ၊ ဆရာမများအား နိုင်ငံတော်အစိုးရနှင့် တပ်မတော်က ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာရေးကိရိယာများ ပေးအပ်ချီးမြှင့်ခြင်းကို ယနေ့နံနက်ပိုင်းတွင်နောင်ချိုမြို့ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်ရာ တပ်မတော်မှ တာဝန်ရှိသူများ၊ ကျောက်မဲခရိုင်အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ဗိုလ်မှူးကြီးမြင့်ဟိန်းက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများအတွက် နိုင်ငံတော်အစိုးရက ထောက်ပံ့ပေးအပ်သည့် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ် ၁၈၀၀၀၀ အုပ်၊ ခဲတံ ၃၈၆၀ ဒါဇင်၊ ဘောပင် ၃၀၀၀ ချောင်းနှင့် ကျောင်းဝတ်စုံ ၂၀၀ စုံတို့ကိုလည်းကောင်း၊ ဆရာ၊ ဆရာမများအတွက် တပ်မတော်က ချီးမြှင့်ပေးအပ်သည့် ကျောင်းဝတ်စုံ ၁၇၆ စုံတို့ကိုလည်းကောင်း ပေးအပ်ချီးမြှင့်ရာ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက လက်ခံရယူကြသည်။

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည့်အတွက် အတန်းပညာတတ်မြောက်မှသာ အတတ်ပညာကို သင်ယူတတ်မြောက်နိုင်မည်ဖြစ်သောကြောင့် ပညာရေးကဏ္ဍ၏ အခြေခံအကျဆုံးဖြစ်သည့် အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာပညာသင်ကြားနိုင်ရန်နှင့် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေနိုင်ရေးအတွက် နိုင်ငံတော်အစိုးရက စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ခဲ့သည့်နောင်ချိုမြို့မှကျောင်းသား၊ ကျောင်းသူများသည်လည်း အခြားအေးချမ်းသည့်ဒေသများရှိကျောင်းသား၊ ကျောင်းသူများနည်းတူ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးအတွက် တပ်မတော်၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူလူထုတို့ပူးပေါင်း၍ အလေးပေးဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးနေမှုများနှင့်



တာဝန်ရှိသူတစ်ဦးက ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာရေးကိရိယာများပေးအပ်စဉ်။

ပတ်သက်၍ ဆရာ၊ ဆရာမများနှင့် ကျောင်းသားမိဘများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

“ကျောင်းသား၊ ကျောင်းသူတွေအတွက် ပညာရေးဝန်ကြီးဌာနကနေပြီးတော့ကျောင်းဝတ်စုံတွေ၊ ကျောင်းသုံးဗလာစာအုပ်တွေ၊ ပုံနှိပ်စာအုပ်တွေ၊ သင်ထောက်ကူပစ္စည်းတွေ ထောက်ပံ့ပြီးတော့ မြန်မာ့တပ်မတော်ကလည်း ဆရာ၊ ဆရာမတွေအတွက်က တိုက်ပုံအင်္ကျီနဲ့ အဖြူအစိမ်းကျောင်းဝတ်စုံများကို ထောက်ပံ့ပေးပါတယ်ရှင့်။ ဇူလိုင်လ ၁၉ ရက်မှာကျွန်မတို့ နောင်ချိုမြို့ထဲကို ပြန်ဝင်လာပြီးတဲ့အခါမှာ ကျောင်းတွေကိုလှည့်လည်ပြီး ကြည့်ရှုပါတယ်။ အထက(၁)ကိုဦးစားပေးအနေနဲ့ဖွင့်ဖို့အတွက် ဇူလိုင်လ ၂၀ ရက်မှာ တပ်မတော်ရဲ့အကူအညီ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဌာန၊ အခြားဌာနဆိုင်ရာ ဝန်ထမ်းတွေရဲ့အကူအညီနဲ့ သန့်ရှင်းရေးကိုဆောင်ရွက်ခဲ့ပါတယ်။ လူထုတွေ့ဆုံပွဲတွေ ဆောင်ရွက်ခဲ့ပြီးတော့ ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ဖို့အတွက်အသိပညာတွေပေးခဲ့ပါတယ်၊ အသိပညာတွေပေးပြီးတဲ့အခါမှာ ဇူလိုင်လ ၂၂ ရက်မှာ ကျောင်းသားတွေကို စတင်ပြီးတော့ကျောင်းအပ်လက်ခံခဲ့ပါတယ်။ တစ်မြို့လုံးမှာရှိတဲ့ ကျောင်းပေါင်းကိုးကျောင်းက ကျောင်းသားတွေလည်း အထက ( ၁ )မှာပဲ ပထမဦးဆုံးကျောင်းအပ်လက်ခံခဲ့ပြီးတော့ ဦးစားပေးအနေနဲ့ဖွင့်လှစ်ဖို့အတွက်အကြီးအကဲများက စီစဉ်ဆောင်ရွက်ခဲ့ပါတယ်။ အခုလိုမျိုး မြန်မာ့တပ်မတော်က ပြန်လည်ထိန်းချုပ်ပြီး အေးချမ်းသွားတဲ့အချိန်မှာ ကျွန်မတို့ပြန်လည်ဝင်ရောက်လာပါတယ်၊ ကျွန်မတို့ရဲ့ မိဘတွေ၊ ကျောင်းသား၊ ကျောင်းသူတွေကိုမြင်တွေ့ရတဲ့အခါမှာ အတိုင်းမသိ ဝမ်းသာပီတိဖြစ်ရပါတယ်။ ကျောင်းဖွင့်ပေးတဲ့အချိန်မှာ ကြီးကြပ်ကူညီပေးတဲ့ မြန်မာ့တပ်မတော်နဲ့ ဌာနဆိုင်ရာအဖွဲ့တွေရဲ့ ဦးဆောင်မှုနဲ့ ဒီကျောင်းကြီးကို ပြန်လည်ဖွင့်လှစ်နိုင်တဲ့အတွက် ကျွန်မအနေနဲ့ အတိုင်းမသိဝမ်းသာကြည်နူးရပါတယ်ရှင့်”ဟု ဆရာမတစ်ဦးက ပြောသည်။





“အခုလို ကျောင်းတွေပြန်ဖွင့်တော့ ကျွန်မတို့ ကျောင်းသားမိဘတွေလည်း အတိုင်းမသိ ဝမ်းသာရပါတယ်ရှင့်။ စာအုပ်တွေ၊ ခဲတံတွေ၊ ကျောင်းဝတ်စုံတွေပေးတော့ ကျွန်မတို့ကျောင်းသားမိဘတွေအတွက် အများကြီး အဆင်ပြေတဲ့အတွက်ကြောင့် အကြီးအကဲများကို အထူးပဲ ကျေးဇူးတင်ရှိပါတယ်ရှင့်”ဟု ကျောင်းသားမိဘတစ်ဦးက ပြောသည်။ (၁၀၀)

# ၂၀၂၅ ဖီဖာကလပ် ကမ္ဘာ့ဖလားချန်ပီယံ ချယ်လ်ဆီးအသင်းအနေဖြင့် လာမည့်ပြိုင်ပွဲတွင် တိုက်ရိုက်ဝင်ခွင့်ရရှိမည်မဟုတ်



လန်ဒန် ဇူလိုင် ၂၄

၂၀၂၅ ဖီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည့် ချယ်လ်ဆီးအသင်းအနေဖြင့် လာမည့် ၂၀၂၉ ဖီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် တိုက်ရိုက်ဝင်ခွင့်ရရှိမည်မဟုတ်ကြောင်း သိရသည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲကို ယခုနှစ်ပြိုင်ပွဲမှစတင်၍ ပုံစံသစ်ဖြင့် ကျင်းပခဲ့ကာ ပြိုင်ပွဲဝင်အသင်းအရေအတွက်တိုးမြှင့်ပြီး ပြိုင်ပွဲဝင်အသင်း ၃၂ သင်းဖြင့်ကျင်းပခဲ့ခြင်းဖြစ်ကာ ယခုနှစ်ပြိုင်ပွဲတွင် ချယ်လ်ဆီးအသင်းက ဗိုလ်လုပွဲ၌ ပီအက်စ်ဂျီအသင်းကို ၃ ဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိပြီး ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ပုံစံသစ်ဖြင့်ကျင်းပခဲ့သည့် ဖီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲကို တိုက်ကြီးများအလိုက် ကလပ်အသင်းများ ဝင်ခွင့်ကို သတ်မှတ်ထားပြီး ဥရောပတိုက်မှ ကလပ်အသင်း ၁၂ သင်း၊ တောင်အမေရိကတိုက်မှ ခြောက်သင်း၊ အာရှတိုက်မှ လေးသင်း၊ အာဖရိကတိုက်မှ လေးသင်း၊ ကွန်ကာကပ်ဇုန်မှ လေးသင်း၊ သမုဒ္ဒရာပိုင်းဇုန်မှ တစ်သင်းနှင့် အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် နိုင်ငံမှတစ်သင်း ဝင်ခွင့်ပြုထားခြင်းဖြစ်သည်။

ဖီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၏သတ်မှတ်ချက်အရ ဥရောပဇုန်မှ ၂၀၂၅ ခုနှစ်မှ ၂၀၂၈ ခုနှစ်အတွင်း ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည့် ကလပ်အသင်းလေးသင်းမှာ တိုက်ရိုက်ဝင်ခွင့်ရရှိမည်ဖြစ်သည့်အတွက် ယခုနှစ်တွင် ချန်ပီယံလိဂ်ဖလားဆွတ်ခူးနိုင်ခဲ့သည့် ပီအက်စ်ဂျီအသင်းနှင့် ၂၀၂၆ ခုနှစ် ၂၀၂၇ ခုနှစ်နှင့် ၂၀၂၈ ခုနှစ်တို့တွင် ချန်ပီယံဆုဆွတ်ခူးနိုင်မည့်အသင်းများအနေဖြင့် တိုက်ရိုက်ဝင်ခွင့်ရရှိမည်ဖြစ်သည်။

အလားတူ ဥရောပဇုန်မှ လက်ကျန်ရှစ်နေရာအတွက် ၂၀၂၈ ခုနှစ်တွင် ဥရောပကလပ်အဆင့်သတ်မှတ်ချက် အဆင့် (၁) မှ အဆင့် (၈) နေရာ၌ ရပ်တည်သည့် အသင်းရှစ်သင်းကလည်း တိုက်ရိုက်ဝင်ခွင့်ရရှိမည်ဖြစ်ပြီး လက်ရှိတွင် ချယ်လ်ဆီးအသင်းက ဥရောပအဆင့်သတ်မှတ်ချက်(၁၄)နေရာ၌ ရပ်တည်နေသည့်အတွက် လက်ရှိချန်ပီယံအသင်းဖြစ်သော်လည်း ၂၀၂၈ ခုနှစ်တွင် အဆင့်(၈)နေရာအတွင်း မဝင်ရောက်နိုင်လျှင်သော်လည်းကောင်း၊ ချန်ပီယံလိဂ်ဖလားဆွတ်ခူးနိုင်ခြင်းမရှိလျှင်သော်လည်းကောင်း ပြိုင်ပွဲဝင်ခွင့်နှင့် လွဲချော်မည်ဖြစ်ကြောင်း သိရသည်။

***Ref;Goal.com***

# အီဆက်က သက်တမ်းတိုးစာချုပ်အတွက် နယူးကာဆယ်အသင်းထံ လုပ်ခလစာတိုးမြှင့်တောင်းဆို

လန်ဒန် ဇူလိုင် ၂၄

နယူးကာဆယ်အသင်းက လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် အနာဂတ်မရေမရာဖြစ်နေသည့် အဓိကတိုက်စစ်ကစားသမား အီဆက်ကို သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ဆွေးနွေးမှုများ လုပ်ဆောင်နေသော်လည်း အီဆက်က လုပ်ခလစာတိုးမြှင့်တောင်းဆိုထားသည့်အတွက် ကြန့်ကြာနေကြောင်း သိရသည်။

အီဆက်သည် ၂၀၂၂ ခုနှစ်က ဆိုစီဒက်စ်အသင်းမှ နယူးကာဆယ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ကာ ပြီးခဲ့သည့်ဘောလုံးရာသီကလည်း ပြိုင်ပွဲစုံ ၄၂ ပွဲကစားပြီး ၂၇ ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် ထိပ်တန်းအသင်းကြီးများက ခေါ်ယူရန် စိတ်ဝင်စားခြင်းခံနေရသည်။

အီဆက်ကို ပြီးခဲ့သည့်ရက်ပိုင်းက လီဗာပူးအသင်းက ယူရို သန်း ၁၂၀ ဖြင့် ကမ်းလှမ်းခဲ့သော်လည်း နယူးကာဆယ်အသင်းက ပယ်ချခဲ့ပြီး သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန်သာ ကြိုးပမ်းနေခြင်းဖြစ်သည်။

အီဆက်သည် လက်ရှိတွင် နယူးကာဆယ်အသင်း၌ တစ်ပတ်လုပ်ခလစာ စတာလင်ပေါင် ၁၂၀၀၀၀ ရရှိနေသူဖြစ်ပြီး စတာလင်ပေါင် ၃၀၀၀၀၀ တိုးမြှင့်တောင်းဆိုထားကြောင်း သိရသည်။ ***Ref;Fotmob***

# မန်ယူအသင်းက ဂါနာချိုအတွက် ပြောင်းရွှေ့ကြေးကိုလျှော့ချပြီး စတာလင်ပေါင် သန်း ၄၀ သာသတ်မှတ်ထား

မန်ချက်စတာ ဇူလိုင် ၂၄

မန်ယူအသင်းက လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် ရောင်းချရန်ဆုံးဖြတ်ထားသည့် လူငယ်ကစားသမားဂါနာချိုအတွက် ပြောင်းရွှေ့ကြေးကိုလျှော့ချခဲ့ပြီး စတာလင်ပေါင် သန်း ၄၀ သာ သတ်မှတ်ထားကြောင်း သိရသည်။

ဂါနာချိုသည် ၂၀၁၁ ခုနှစ်က အက်သလက်တီကို အသင်းအကယ်ဒမီမှ မန်ယူအသင်းအကယ်ဒမီသို့ ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး မန်ယူလူငယ်အသင်းတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ပြီးနောက် ၂၀၂၂ ခုနှစ်က အသင်းကြီးနှင့် စတင်ပူးပေါင်းခဲ့ခြင်းဖြစ်သည်။

ဂါနာချိုသည် အစောပိုင်းနှစ်များက အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ကာ အသင်းကြယ်ပွင့်ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခံခဲ့ရသော်လည်း ပြီးခဲ့သည့်ဘောလုံးရာသီက ခြေစွမ်းပြနိုင်ရန် ရုန်းကန်ခဲ့ရသကဲ့သို့ လက်ရှိနည်းပြအမိုရင်လက်အောက်တွင်လည်း ပွဲကစားခွင့်နည်းပါးခဲ့ကာ ယူရိုပါလိဂ်ပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ်ကစားသည့် စပါးအသင်းနှင့် မန်ယူအသင်းတို့ပွဲစဉ်တွင် ပွဲထွက်ကစားသမားစာရင်းမှ ချန်လှပ်ခံခဲ့ရပြီးနောက် နည်းပြအမိုရင်နှင့် ဆက်ဆံရေးမပြေလည်မှုများ ပိုမိုမြင့်တက်လာကာ လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းသည် အစောပိုင်းက ဂါနာချိုအတွက် ပြောင်းရွှေ့ကြေးကို စတာလင်ပေါင်သန်း ၇၀ သတ်မှတ်ထားသော်လည်း ကမ်းလှမ်းမှုလုပ်ဆောင်မည့်အသင်း မရှိဖြစ်နေသောကြောင့် ပြောင်းရွှေ့ကြေးကို လျှော့ချခဲ့ကြောင်း သိရသည်။

***Ref;Fotmob***



# ယူရိုပါလိဂ်ပြိုင်ပွဲမှထုတ်ပယ်ခံရသည့် ခရစ္စတယ်ပဲလေ့စ်အသင်း၏အယူခံကို အားကစားသမာဓိခုံရုံးက ဩဂုတ်လ ၁၁ ရက်တွင် ဆုံးဖြတ်ချက်ချမှတ်မည်

လန်ဒန် ဇူလိုင် ၂၄

ခရစ္စတယ်ပဲလေ့စ်အသင်း ယူရိုပါလိဂ်ပြိုင်ပွဲမှ ထုတ်ပယ်ခံခဲ့ရသည့်အတွက် အယူခံဝင်ရောက်ထားခြင်းကို အားကစားသမာဓိခုံရုံးက ဩဂုတ်လ ၁၁ ရက်တွင် ဆုံးဖြတ်ချက်ချမှတ်မည်ဖြစ်ကြောင်း သိရသည်။

ခရစ္စတယ်ပဲလေ့စ်အသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက အက်ဖ်အေဖလားပြိုင်ပွဲ ဗိုလ်လုပွဲတွင် မန်စီးတီးအသင်းကိုအနိုင်ရရှိပြီး အသင်းသမိုင်းတစ်လျှောက် အဓိကဆုဖလားကို ပထမဆုံးအကြိမ်ဆွတ်ခူးနိုင်ပြီးနောက် ယူရိုပါလိဂ်ပြိုင်ပွဲ ဝင်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

သို့သော် ခရစ္စတယ်ပဲလေ့စ်အသင်းသည် လိုင်ယွန်အသင်းနှင့် ပိုင်ရှင်တူကလပ်အသင်းတစ်သင်းဖြစ်သည့်အတွက် ဥရောပဘောလုံးအဖွဲ့ချုပ်၏ ကလပ်အသင်းပိုင်ရှင်တူစည်းမျဉ်းအရ ယူရိုပါလိဂ်ပြိုင်ပွဲမှ ထုတ်ပယ်ခံခဲ့ရပြီး ယူရိုပါကွန်ဖရန့်လိဂ်ပြိုင်ပွဲသို့ တန်းဆင်းခဲ့ရခြင်းဖြစ်သည်။

ခရစ္စတယ်ပဲလေ့စ်အသင်း၏ ရှယ်ယာ ၄၃ ရာခိုင်နှုန်းကို ဂျွန်တက်တာက ပိုင်ဆိုင်ထားပြီး လိုင်ယွန်အသင်းကိုလည်း ဂျွန်တက်တာက ပိုင်ဆိုင်ထားသည့်အတွက် ဥရောပဘောလုံးအဖွဲ့ချုပ်၏ ကလပ်အသင်းပိုင်ရှင်တူစည်းမျဉ်းအရ ပိုင်ရှင်တူကလပ်အသင်းနှစ်သင်းအနေဖြင့် ပြိုင်ပွဲတစ်ခုတည်းကို ဝင်ခွင့်ရရှိမည်ဆိုပါက အမှတ်ပေးဇယားအဆင့်နိမ့်ကျသည့်အသင်းအနေဖြင့် ထုတ်ပယ်ခံရမည်ဟု ပါရှိသည့်အတွက် ခရစ္စတယ်ပဲလေ့စ်အသင်းအနေဖြင့် ယူရိုပါလိဂ်ပြိုင်ပွဲမှ ထုတ်ပယ်ခံခဲ့ရခြင်းဖြစ်သည်။

ခရစ္စတယ်ပဲလေ့စ်အသင်းက ဥရောပဘောလုံးအဖွဲ့ချုပ်၏ဆုံးဖြတ်ချက်အတွက် ကျေနပ်မှုမရှိသောကြောင့် လန်ဒန်မြို့၌ အသင်းပရိသတ်များက ကန့်ကွက်ဆန္ဒပြမှုများ လုပ်ဆောင်ခဲ့သကဲ့သို့ ဥရောပဘောလုံးအဖွဲ့ချုပ်၏ရုံးချုပ်တွင်လည်း ငွေတုများကို လွှို့ဝှက်ပေးပြီး ဆန့်ကျင်ဆန္ဒပြမှုများ လုပ်ဆောင်ခဲ့ကြကြောင်း သိရသည်။

***Ref;Football London***

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ



အေးရှားဝေါလ်ဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။



မြန်မာ့စက်မှုဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။

**နေပြည်တော် ဇူလိုင် ၂၄**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **ဇူလိုင်လ ၂၂ ရက်**တွင် အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ (၁၉)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၈၃၈၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်လေဆိပ်(ကုန်လှောင်ရုံ)၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁၀)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၇၆၂၇၀၀)ကိုလည်းကောင်း၊ **ဇူလိုင်လ ၂၃ ရက်**တွင် မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ (၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၅၀၀၀၀၀)ကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ(၃)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၈၅၉၄၇၃၀)ကို လည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆၀၂၃၇၄၃၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဇူလိုင်လ ၂၂ ရက်**တွင် အမရပူရမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်နှင့် မဟာအောင်မြေမြို့နယ်တို့၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ(၂၉)ပီပါ၊ ဓာတ်ဆီ(၁၆)ပီပါ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၁၉၁၈၀၀)ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း၊ **ဇူလိုင်လ ၂၃ ရက်**တွင် ရတနာပုံတံတား(မန္တလေး) စစ်ဆေးရေးဂိတ်၌ မန္တလေးမြို့မှ မုံရွာမြို့သို့ သွားရောက်မည့် မော်တော်ယာဉ် (၁)စီးနှင့် မန္တလေးမြို့မှ မိုးညှင်းမြို့သို့ သွားရောက်မည့် မော်တော်ယာဉ် (၁)စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၁၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၅၆၉၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck (၁)စီး၊ Toyota Hilux Surf (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၁၇၆၀၈၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် **ဇူလိုင်လ ၂၃ ရက်**တွင် ရောဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဟသ်ာတခရိုင် အင်္ဂပူမြို့နယ်၌ တရားမဝင်အခြားသစ် (၃ ဒသမ ၅၁၇) တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၀၆၄၆)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ **ဇူလိုင်လ ၂၄ ရက်**တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဘားအံမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဇူလိုင်လ ၂၃ ရက်**တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ် (၈)စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၃၇)စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇူလိုင်လ ၂၂ ရက်၊ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၄၀)မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၈၂၃၁၈၈၇၆)**ကို ဖမ်းဆီးရမိခဲ့ပါသည်။ နိုင်ငံတော်၏ စီးပွားရေး ဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**မြဝတီ**

# အင်းစိန်မြို့နယ်၌ ရွေ့လျားစာကြည့်တိုက်ဖြင့် သုတ ရသစာအုပ်များငှားရမ်းပေး




**ရန်ကုန် ဇူလိုင် ၂၄**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းရှိ နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ် (Mobile Library Bus) ဖြင့် သုတ၊ ရသစာအုပ်စာစောင်များ ငှားရမ်းပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိရာ ဇူလိုင်လ ၂၄ ရက်တွင် အမှတ် (၅) အခြေခံပညာမူလတန်းကျောင်းနှင့် အမှတ် (၄) အခြေခံပညာအလယ်တန်းကျောင်းတို့သို့ သွားရောက်၍ သုတ၊ ရသ စာအုပ်စာစောင်များ အခမဲ့ငှားရမ်းပေးသည်။

စာပေဗဟုသုတများစွာရရှိစေရန်နှင့် စာပေကို လက်ဝယ်အရောက် ဖတ်ရှုနိုင်စေရန် ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် သုတ၊ ရသစာအုပ်စာစောင်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင် (အင်းစိန်)ရုံးမှ ဝန်ထမ်းများက သွားရောက်ငှားရမ်းပေးခြင်းဖြစ်သည်။

စာအုပ်များငှားရမ်းပေးရာတွင် သုတ၊ ရသစာအုပ်များကို အခမဲ့ငှားရမ်းပေးခြင်းဖြစ်ပြီး စာအုပ်ငှားရမ်းမှု ရက်သတ္တပတ်ပြည့်လျှင် ယခင်ငှားရမ်းထားသည့် စာအုပ်များကို ပြန်လည်သိမ်းဆည်းကာ အသစ်ပြန်လည်ငှားရမ်းပေးလျက်ရှိကြောင်း သိရသည်။

**ထွန်းလင်းကျော်(ပြန်/ဆက်)**




## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

ဆေးပညာဘွဲ့ရဆရာဝန်(အမျိုးသမီး)နှင့် သွားဘက်ဆိုင်ရာဆေးပညာဘွဲ့ရ ဆရာဝန်(အမျိုးသမီး)ဗိုလ်လောင်းလျှောက်လွှာများအား ၂၆-၆-၂၀၂၅ ရက်နေ့မှစ၍ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးနှင့် တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ **၃၁-၇-၂၀၂၅ ရက်နေ့တွင် လျှောက်လွှာများပိတ်သိမ်းမည်ဖြစ်ပါသဖြင့်** လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက် မတိုင်မီ အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ် သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး(ဖုန်းနံပါတ် ၀၁၆-၃၀၃၃၁၊ ၀၁၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိမြို့နယ်များ၊ လမ်းများတွင် ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများဆောင်ရွက်ရန်အတွက် လမ်းမီးအရန်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံများနှင့်အချက်အလက်များကို ဌာနမှသတ်မှတ်နှုန်းထားအတိုင်း(၂၄-၇-၂၀၂၅) ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ (၇-၈-၂၀၂၅)ရက်နေ့၊ (၁၄:၀၀)နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဌာနသို့ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (အိတ်ဖွင့်လေလံပယ်ဖျက်ကြောင်း အသိပေးကြေညာခြင်း)

၁။ (၁-၇-၂၀၂၅)နှင့် (၂-၇-၂၀၂၅)ရက်နေ့တို့တွင် ကြေးမုံ၊ မြန်မာ့အလင်း၊ မြဝတီသတင်းစာတို့တွင်ကြော်ငြာခဲ့သည့် ရန်ကုန်လျှပ်စစ်ဓာတ်အားပေး ရေးကော်ပိုရေးရှင်းမှ မီးစက်အပျက်အဟောင်း(၂)လုံးအား ရောင်းချရန် ခေါ်ယူခဲ့သည့်လေလံအားပယ်ဖျက်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လေလံစိစစ်ရွေးချယ်ရေးအဖွဲ့**

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ဆတ်သွား အ.ထ.က ကျောင်းဝင်အမှတ် C-၂၃၅၅ Grade-11 သင်ဆဲမှ မသီရိမွန်၏ဖခင် ဦးမောင်လွင်၏အမည်မှန်မှာ ဦးခင်မောင်လွင် ၈/တတက(နိုင်) ၁၁၉၃၄၅ ဖြစ်ပါကြောင်း။ **ဦးခင်မောင်လွင်**

### ပျောက်ဆုံးကြောင်း

ချမ်းမြသာစည်မြို့နယ်၊ အကွက်(၄၉၇)ပြည်တော်သာနေ မမျိုးသိင်္ဂီထွန်း(ဘ)ဦးမျိုးထွန်း ၉/ခမစ(နိုင်)၀၅၅၀၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 431652)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၆၂၀၀၉၈၁၀**

### ပျောက်ဆုံးကြောင်း

မြင်းခြံမြို့၊ ၁၃ ရပ်ကွက်နေ သန်းသန်းဝင်း(ဘ) ကြည်ဟန် ၉/မခန(နိုင်)၀၁၁၇၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 783022)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၇၀၈၁၄၇၈၄**

### အမည်ပြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ် CAE ကိုယ်ပိုင်အထက်တန်းကျောင်း Grade-10 မှ ပညာသင်ကြားနေသော အဘ ဦးဟိန်းသူရ၏သား မောင်ဟိဏ်းတေဇအား မောင်ဟိန်းနေလ ၉/ပမန(နိုင်)၃၁၆၁၁၆ ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ဟိန်းနေလ**

### ပျောက်ဆုံးကြောင်း

ညီစော(ဘ)ဦးဆမ်ယန်း ၁၃/ကတန(နိုင်) ၁၅၃၇၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၈၂၁၁၂၀၈**

### ပျောက်ဆုံးကြောင်း

အိသဇင်သွယ်(ဘ)ဦးအောင်မြင့်ဝင်း ၁၄/မအပ(နိုင်)၃၄၅၈၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 619087)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၀၆၂၀၉၇**

### ပျောက်ဆုံးကြောင်း

စောချာလေး(ခ)ကဲလေး(ဘ)ဦးစံပွင့် ၇/ကဝန(နိုင်)၀၁၆၉၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း

အေးသီရိခိုင်(ဘ)ဦးထွန်းလှိုင် ၁၀/မလမ(နိုင်) ၂၄၂၀၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 375979)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၅၃၀၇၇၇၁၄**

### ပျောက်ဆုံးကြောင်း

ဝေမင်းဦး(ဘ)ဦးညီညီဝင်း ၁၂/လသယ(နိုင်) ၁၂၄၂၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၀၇၉၁၇၆၄**

### ပျောက်ဆုံးကြောင်း

စောအိမ်ဖွေ့ဖောင်(ဘ)ဦးစတား ၃/ဘအန(နိုင်)၂၃၃၅၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(A 489102)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၅၁၁၇၇၇**

### အမည်မှန်

အထက(၂)ပုသိမ်၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ Grade-12 မှ မမီးမီးခဲ၏ဖခင် ဦးအတန့်၏အမည်မှန်မှာ ဦးတင်ဝင်း ၁၄/ငပတ(နိုင်)၀၈၅၅၁၈ ဖြစ်ပါကြောင်း။ **ဦးတင်ဝင်း**

### ပျောက်ဆုံးကြောင်း

နွေဦး(ဘ)ဦးကျန်ကျူစီ ၅/အတန(နိုင်) ၀၄၉၅၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 212741)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၀၀၀၂၃၇၈၀**

### ပျောက်ဆုံးကြောင်း

ဆုမွန်ကျော်(ဘ)ဦးကျော်ဝင်း ၁၂/ဥကမ(နိုင်) ၂၀၈၇၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၅၈၆၁၆၀၇၄**

### ပျောက်ဆုံးကြောင်း

စိုးစန္ဒာမင်း(ဘ)ဦးစိုးမင်းဦး ၁၄/ဘကလ(နိုင်)၃၂၆၄၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၆၃၉၆၈၄၆၂**

### ပျောက်ဆုံးကြောင်း

ချောစုထွေး(ဘ)ဦးတင်လှ ၁၂/သဃက(နိုင်) ၁၅၀၀၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၇၇၇၂၅၈၁၂**

### ပျောက်ဆုံးကြောင်း

ခင်လေးဟန်(ဘ)ဦးမြင့်ဆွေ ၁၂/ဥကမ(နိုင်) ၀၁၆၀၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၁၁၃၄၀၇၅**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ရေနှင့်သန့်ရှင်းမှုဌာန အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း (၆/၂၀၂၅-၂၀၂၆)

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရေနှင့်သန့်ရှင်းမှုဌာနမှ (၂၀၂၅-၂၀၂၆)ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါလုပ်ငန်းအား BOT(Build Operate And Transfer)စနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသောကြောင့် စိတ်ပါဝင်စားသောကုမ္ပဏီများ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

(က) တင်ဒါခေါ်ယူ၍ဆောင်ရွက်မည့်လုပ်ငန်းအမည်-
(၁) အောင်မြေသာစံမြို့နယ်၊ ကမ်းနားလမ်း၊ သီရိမာလာငါးဈေးတွင် (၂၀)ခန်းတွဲ အများသုံးသန့်စင်ခန်းတည်ဆောက်ခြင်းလုပ်ငန်း

| | | | |
|---|---|---|---|
| (ခ) | တင်ဒါပုံစံစတင်ရောင်းချမည့်နေ့ | - | ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ(၂၈)ရက် |
| (ဂ) | တင်ဒါပုံစံ အရောင်းပိတ်မည့်နေ့ | - | ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ(၈)ရက် |
| (ဃ) | တင်ဒါအချက်အလက် ရှင်းလင်းမည့်နေ့ | - | ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ(၁၁)ရက် |
| (င) | တင်ဒါအာမခံကြေး (၁%)ပေးသွင်းခြင်း | - | ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ(၁၂)ရက်<br>၂၀၂၅ ခုနှစ်၊ ဩဂုတ်လ(၁၃)ရက် |
| (စ) | တင်ဒါပုံစံလက်ခံခြင်း | - | ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ(၁၂)ရက် |
| (ဆ) | တင်ဒါပုံစံလက်ခံစာရင်းပိတ်ခြင်း | - | ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ(၁၃)ရက် |
| (ဇ) | တင်ဒါဖွင့်မည့်နေ့ | - | ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ(၁၄)ရက် |
| (ဈ) | တင်ဒါလျှောက်လွှာဈေးနှုန်း | - | တစ်စောင်လျှင် ၁၀,၀၀၀/-နှုန်း |

၂။ တင်ဒါပုံစံများအား (၁၂-၈-၂၀၂၅)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်း ဌာနသို့ လာရောက်ဝယ်ယူနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ရေနှင့်သန့်ရှင်းမှုဌာန (ဖုန်း-၀၉-၂၂၁၅၆၇၅)သို့ မေးမြန်းစုံစမ်းနိုင်ပြီး လျှောက်လွှာပုံစံများကို ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ရေနှင့်သန့်ရှင်းမှုဌာန**

## အများသိစေရန်ကြေညာခြင်း

အင်းစိန်မြို့နယ်၊ အင်းစိန်စီရင်စု၊ စော်ဘွားကြီးကုန်းကျေးရွာ၊ မြေတိုင်းရပ်ကွက်အမှတ်(၃၉၅)၊ လှမ်းကွဲစမ်းကွင်း၊ ဦးပိုင်အမှတ်(၁၁၂-ဘီ)၊ ဘိုးဘွားပိုင်မြေ(၃/ခ)ပေးမြေအတွင်းရှိ မြေစုစုပေါင်း(၂)ဧကကို ၁၉၇၄ ခုနှစ်တွင် ဒေါ်နုဂျမ်းပါအမွေဆိုင်(၁၁)ဦးထံမှ သံအမတ်ကြီး(ငြိမ်း)(ဦးသန်းဆွေ)နှင့်ဇနီးဖြစ်သူ ဒေါ်ခင်ထွေးဝင်းတို့မှ ဝယ်ယူပိုင်ဆိုင်ခဲ့ကြပါသည်။ ယင်းမြေ(၂)ဧကအနက်မှ အလျား ပေ ၅၀ x အနံပေ ၇၀ ထောင့်ကွက်၊ အကွက်နံပါတ်(၄၁)ကို ဒေါ်ခင်ထွေးဝင်းမှ ဦးဌေးဝင်းနိုင်သို့ (၁၁-၁၂-၂၀၀၇)တွင်လည်းကောင်း၊ ဦးဌေးဝင်းနိုင်မှ ဦးထွန်းဝင်းသို့ (၈-၄-၂၀၀၉)တွင်လည်းကောင်း၊ ဦးထွန်းဝင်းမှ ဒေါ်စိုးစိုးလွင်သို့ (၃-၃-၂၀၁၁)တွင်လည်းကောင်း အဆင့်ဆင့် အရောင်းအဝယ်ပြုလုပ်ခဲ့ကြပါသည်။

အဆင့်ဆင့် အဆက်စပ် အရောင်းအဝယ်စာချုပ်များအရ လက်ရှိပိုင်ဆိုင်သူ ဒေါ်မာလာရီမှ မိမိတစ်ဦးတည်းသာ တရားဝင်ပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ ဝန်ခံကတိပြုသောကြောင့် ကျွန်ုပ်၏ မိတ်ဆွေ ဦးလွှမ်းမိုး(ဘ)ဦးလှရွှေ(၉/သစန(နိုင်)၀၉၀၉၅၈)မှ အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သောတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။

အထက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမင်းအောင်(B.A)Geography .,Certificate in Bussiness Law**
**အိမ်ခြံမြေအကျိုးဆောင် လိုင်စင်အမှတ် - ၀၀၃၁၅၉**
**မြန်မာနိုင်ငံအိမ်ခြံမြေအသင်းဝင်အမှတ် - ၀၄၂၉**
**မဏ္ဍိုင်ဥပဒေအကယ်ဒမီလက်မှတ်ရ**
**နေအိမ်နှင့်ရုံး- အမှတ်(၄၅/၅၅)ဒီ၊ လေဆိပ်လမ်းသွယ်(၁)၊ (၁၀)မိုင်၊**
**ဖုန်း- ၀၉-၄၂၁၀၁၄၃၆၃၊ ၀၉-၆၉၆၁၁၄၃၆၃၊ ၀၉-၄၄၅၄၂၄၇၁၃**

## မတည်ငွေရင်းလျှော့ချမည်ဖြစ်ကြောင်းကြေညာခြင်း

Top Trading Co.,Ltd.(Reg No.100397099) ၏ မတည်ငွေရင်းလျှော့ချရန်အတွက် အစုရှယ်ယာရှင်များ၏အထွေထွေအစည်းအဝေးတစ်ရပ်အား ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**
**Top Trading Co.,Ltd.**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ထန်းတစ်ပင်ရပ်ကွက်နေ အဘ ဦးထွန်းနိုင်ဦး ၉/တသန(နိုင်)၀၈၈၆၆၃၊ အမိ ဒေါ်စိုးစိုးအေး ၉/တသန(နိုင်)၀၀၁၀၃၄ တို့၏သား မောင်ညီရွှေသွေး ၉/ပဥလ(နိုင်)၀၈၃၇၄၄ သည် မိဘ၏ဆိုဆုံးမမှုများကို မနာခံသည့်အပြင် မိဘစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင်၎င်းနှင့်ပတ်သက်သောကိစ္စများအား လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

**ဦးထွန်းနိုင်ဦး-ဒေါ်စိုးစိုးအေး**

### ပျောက်ဆုံးကြောင်း

မိုးနဲမြို့၊ နမ့်မော်ဆွပ်ကျေးရွာအုပ်စု၊ ဆီဆုံကျေးရွာနေ မောင်သက်ဇော်ဦး(ဘ)ဦးဇော်ဟိန်း ၁၃/မနန(နိုင်)၀၃၅၈၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၁၃၄၃၀၇**

### ပျောက်ဆုံးကြောင်း

ပျော်ဘွယ်မြို့၊ ဖွဲသင်းကျေးရွာနေ ဇော်ဝင်းမြင့်(ဘ)ဦးသာအောင် ၉/ပဘန(နိုင်)၁၄၀၆၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၉၀၃၄၅၅၃၅**

### ပျောက်ဆုံးကြောင်း

ကံမမြို့၊ အမှတ်(၂)ရပ်ကွက်နေ အောင်သူ(ဘ)ဦးတင်ညွန့် ၈/ကမန(နိုင်)၀၄၁၉၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

**သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ**


Myanmar
ကမ္ဘာ့အဆင့် ရွှေတံဆိပ်ဆုများနှင့်
မြန်မာ
GOLD A.I.B.A MEDAL
AWARDED TROPHY
BY THE WORLD'S BEST BEER JUDGES
THE INTERNATIONAL BEER CHALLENGE 2020
AIBA
AUSTRALIAN INTERNATIONAL BEER AWARDS
GOLD 2019


ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက် Ngwepinlae Livestock Breedings & Fisheries Co., Ltd
ငါး/ပုစွန် ပြုပြင်အေးခဲထုတ်လုပ်ခြင်း (အအေးခန်းစက်ရုံ)
အဆင့်မြင့်ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးကုမ္ပဏီ
လိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးစက်ရုံ
ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE : ngwepinlae.com


ပြင်ဦးလွင်
နန်းမြိုင်ကော်ဖီ
PURE ARABICA COFFEE
Black Coffee
PYIN OO LWIN
NAN MYAING
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


အရည်အသွေးမြင့်စားသောက်ကုန်များအပါအဝင်ထုတ်ကုန်ပစ္စည်းအမျိုးမျိုးကိုပိတ်ရက်မရှိလက်လီလက်ကားဝယ်ယူရရှိနိုင်ပါသည်။
STARMART nine mile Showroom
၉-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Mandalay Wholesale
၂၆ လမ်း နှင့် ၆၆ လမ်းထောင့် မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw
ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
KHA YAE PIN MART
nine mile Showroom
NAN MYAING
Lemon Tea
RHINO PORTLAND CEMENT
TRISTAR

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

## ❖ ဒေသအလိုက် ထူးခြားသည့် စိုက်ပျိုးရေးထွက်ကုန်များ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး သုတေသနပြုဆောင်ရွက်ရန်လို. . .

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့တွင်ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့တက်ရောက်အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

# မိုင်းဆတ်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၂ သန်း ဖမ်းဆီးရမိ

နေပြည်တော် ဇူလိုင် ၂၄

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင်လ ၂၀ ရက် နံနက် ၈ နာရီ ၃၀ မိနစ်ခန့်တွင် သတင်းအရ မိုင်းဆတ်မြို့နယ်၊ မယ်ပုလုံကျေးရွာအုပ်စု၊ ဂျူးလုကျေးရွာအနီး၌စောင့်ဆိုင်းစဉ် မိုင်းတွမ်းကျေးရွာဘက်မှ မိုင်းဆတ်မြို့ဘက်သို့ **ဆိုင်လူး**မောင်းနှင်ပြီး **စာမျက်နှာ ၂၆ ကော်လံ ၁** ■




တရားခံ ဆိုင်လူးနှင့် ကျဝေတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူတွေ့ရစဉ်။

# အားကောင်းသောလေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်

## ဇူလိုင်လ ၂၈ ရက်နေ့အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးမည်

နေပြည်တော် ဇူလိုင် ၂၄

ယနေ့ည ၉ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း(Low Pressure Area)သည် အနောက်-အနောက်မြောက်ဘက်သို့ ဖြည်းညင်းစွာရွေ့လျားခဲ့ပြီး ပိုမိုအားကောင်းလာကာ အားကောင်းသော လေဖိအားနည်းရပ်ဝန်း (Well Marked Low Pressure Area) အဖြစ်သို့ရောက်ရှိခဲ့သည်။ အဆိုပါ အားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေတို့တွင် ပိုမိုအားကောင်းလာနိုင်ကာ **စာမျက်နှာ ၁၄ ကော်လံ ၁** ⊃




**နိုင်ငံ တကာ သတင်း**

ကမ္ဘောဒီးယားနှင့်ထိုင်းနိုင်ငံတို့အကြား ဖြစ်ပွားနေသည့် ပဋိပက္ခနှင့်စပ်လျဉ်း၍ လုံခြုံရေးကောင်စီတွင် အရေးပေါ် ဆွေးနွေးပွဲကျင်းပပေးရန် ကမ္ဘောဒီးယားတောင်းဆို

တောင်ကိုရီးယားတွင် ရေကြီးမှုများ ဆက်လက်ဖြစ်ပွားခြင်းကြောင့် သေဆုံးသူဦးရေမှာ ၂၃ ဦးအထိ မြင့်တက်

စာ-၂၃ သို့

**တရားမဝင်သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ**

စာ-၂၉ သို့



အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်
"ဆုံးရှုံးမှုအန္တရာယ်ဘေး မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"
Hotline - 09-450450561, 09-450450562, 09-450450563